
www.burmeseclassic.com
မိုးမိုးစာပေ
BURMESE CLASSIC .com
(လုံးချင်းဝတ္ထုသစ်)
ရွှေအဥ္ဇလီ
ရင်ထဲကြွေ
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ရွှေအဘူလီ

# ရင်ထဲကကြွေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၁]

“ဖြန်း”

“အဲဒါ ရှင့်လိုလူယုတ်မာအတွက် ထိုက်တန်တဲ့ ဆုလာဘ်”

ဖြန်းခနဲ အသံနှင့်အတူ နှင်းသက်ကြွေရင်ထဲ ဖြစ်ပေါ်သွားသည့် မုန်တိုင်းငယ်လေးတစ်ခု။

ဆရာဝန်များ အနားယူနေသော အခန်းထဲတွင် ဆရာဝန်ကြီး ဒေါက်တာသူရိန်ဖုံနှင့် ဒေါက်တာနှင်းသက်ကြွေ နှစ်ယောက်တည်း ရှိနေသည့် အခိုက်အတန့်လေးမှာပဲဖြစ်သည်။

ဆရာဝန်ကြီး ဒေါက်တာသူရိန်ဖုံသည် ဖျင်းခနဲနာကျင်သွားသည့် ပါးပြင်ထက်မှ နာကျင်မှုကိုပဲ အမှတ်မထား သတိမပြု



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါဘဲ…

ဒေါသတွေနှင့် စူးလှဲစိမ်းတောက်နေသည့် မျက်ဝန်းလေးများဖြင့် သူ့အားကြည့်နေသော ဒေါက်တာနှင်းသက်ကြွေ၏ မျက်နှာလှလှလေးကိုသာ နာကျင်သော ရင်အစုံ၊ ကြေကွဲနင့်သည်းသော မျက်ဝန်းတွေနှင့် လွမ်းဆွတ်တမ်းတစွာ ကြည့်နေမိ၏။

ဒေါက်တာနှင်းသက်ကြွေ ရိုက်လိုက်၍ ဖျင်းခနဲဖြစ်သွားသော သူ့ပါးပြင်မှ နာကျင်မှုထက် သူ့ကို မျက်ဝန်းစိမ်းစိမ်းလေးနှင့် ကြည့်နေသော သူ့ရင်ထဲက နာကျင်မှုက ဆရာဝန်ကြီး ဒေါက်တာသူရိန်နို့ဇံ ပိုနေရုံမက သူမနှုတ်ခမ်းဖူးဖူးလှလှလေးဆီမှ ထွက်ပေါ်လာသော စကားသံတွေကလည်း ဆရာဝန်ကြီး ဒေါက်တာသူရိန်နို့ဇံနှလုံးသားကို ခံနိုင်ရည်မဲ့စေလောက်အောင် နာကျင်စေ၏။

နှင်းသက်ကြွေသည် သူမရှေ့တွင် ရှိနေသော ဆရာဝန်ကြီး ဒေါက်တာသူရိန်နို့ဇံကို အလွန်တရာ နာကြည်းမုန်းတီးနေသော မျက်ဝန်းစိမ်းစိမ်းများဖြင့် ကြည့်ပြီး နေရာမှ ချာခနဲ လှည့်ထွက်မည်အပြု…

"ကြွေရယ်"





"ဟင်…ရှင်"

ရုတ်ခြည်း သူမလက်လေးကို လှမ်းဆွဲလိုက်သည့် ဒေါက်တာသူရိန်နို့ဇံကြောင့် နှင်းသက်ကြွေမှာ ဒေါသတွေ ဆတ်ဆတ်တုန်ခါသွားသည်။

"ကြွေ့ဘက်က တစ်ဖက်သတ် ဆုံးဖြတ်ချက်တွေနဲ့ မောင့်အပေါ် မမုန်းသင့်ပါဘူး ကြွေ"

"အဟော်…တစ်ဖက်သတ် ဆုံးဖြတ်ချက်တဲ့လား၊ လွှတ်ပါ…ကျွန်မ ရှင်နဲ့စကားမပြောချင်ဘူး"

"မောင်ကတော့ ပြောချင်တယ်၊ ကြွေ မောင့်ကို စကားပြောခွင့်ပြုပါ"

ကြွေ့လက်လေးကို မလွှတ်ပါဘဲ တင်းတင်းလေးဆုပ်ကိုင်ထားဆဲက ဒေါက်တာသူရိန်နို့ဇံ ရင်နင့်စွာဆိုလိုက်သည်။

"အဟင်း…ဟင်း"

ပြည့်တင်းနေရသော နှုတ်ခမ်းဖူးဖူးလေးကို စေ့ကာ မဲ့ရယ်လေးကို ကြွေ အသံထွက်အောင် ရယ်လိုက်ပြီးနောက် ဒေါက်တာသူရိန်နို့ဇံလက်ထဲမှ သူမလက်ကို ဆောင့်ရုန်းယူလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောခွင့်ပြုပါတဲ့ ဟုတ်လား ဒေါက်တာ၊ အဟင်း ပြောပါဦး၊ ဒေါက်တာ ကျွန်မနဲ့ ဘာစကားပြောချင်တာလဲ"

"ဘာလဲ…ရှင့်စိတ်ထဲမှာ ကျွန်မကို အရင်တုန်းကလို ရှင်ပြောသမျှ၊ ရှင် လိမ်ညာခဲ့သမျှကို ဘာမှမသိနားမလည်ဘဲ ခေါင်းညိတ်လက်ခံမယ့် ဆယ်ကျော်သက်အရွယ်လို့များ ရှင်ထင်နေသလား၊ ဒါမှမဟုတ် နှင်းသက်ကြွေဆိုတဲ့ မိန်းကလေးက အရင်က ထက် လှလာလို့ တပ်မက်တဲ့စိတ်နဲ့ ရှင် ပြန်ပြီး ချဉ်းကပ်ဖြားယောင်း ဦးမလို့လား"

"တော်စမ်း…ကြွေ"

ဒေါက်တာသူရိန်ဇံမှာ သူ့နှလုံးသားကို အထင်သေးစော်ကားခံလိုက်ရ၍ နာကျင်သွားရသည့် သူ့နှလုံးသားမှ ဝေဒနာတွေကို မခံစားနိုင်တော့သလို နှင်းသက်ကြွေပခုံးကို သူ့လက်နှင့် ဆုပ်ကိုင်တားဆီးလိုက်မိသည်။

"လွှတ်…ရှင် ကျွန်မကို လက်ဖျားနဲ့ဝေ ာင် ထိဖို့ မကြိုးစားပါနဲ့"

နှင်းသက်ကြွေ ခါးခါးသီးသီးပုံစံနှင့် သူ့လက်တွေကို



ဆတ်ခနဲဖယ်ရှားလိုက်တာမို့ သူရိန်ဇံ နှလုံးသားတစ်ခုလုံး ဆတ်ဆတ်ခါသွားသည်။

"ကြွေရယ်"

"ကျေးဇူးပြုပြီး ရှင် ကျွန်မကို ဒီလိုမခေါ်ပါနဲ့ ဒေါက်တာ၊ ရှင်နဲ့ပတ်သက်ခဲ့တဲ့ ကြွေဆိုတဲ့ မိန်းကလေးက ဒီလောကကြီးမှာ မရှိတော့ဘူး၊ ကြွေဆိုတဲ့ မိန်းကလေးက သေသွားခဲ့ပြီ"

ဒေါက်တာသူရိန်ဇံက နှင်းသက်ကြွေ၏ ဒေါသတွေဖုံးလွှမ်းနေသော မျက်နှာလေးကိုပင် မြတ်နိုးစွာ လွမ်းမောမှုတွေနှင့် ရင်နင့်စွာ ငေးစိုက်ကြည့်နေမိသည်။

သူ့ရှေ့က မိန်းကလေးသည် ဒေါက်တာသူရိန်ဇံ၏ မျက်ဝန်းထဲတွင်တော့ ဟိုအရင်ကအတိုင်း ဘာတစ်ခုမှ ပြောင်းလဲခြင်းမရှိ။

နဖတ်ဝင်းမွတ်နေသော အလှတရားများဖြင့် သူ့ရင်ကို တသိမ့်သိမ့်သော ခံစားချက်ကို ဖြစ်ပေါ်စေခဲ့သူ။

ဆယ်နှစ်ဆိုသော အချိန်ကာလကို ဖြတ်ကျော်ခဲ့ပေမယ့် ဒေါက်တာသူရိန်ဇံ မျက်ဝန်းထဲမှာတော့ နှင်းသက်ကြွေမှာ အရင်

www.burmeseclassic.com

www.burmeseclassic.com



ကအတိုင်း ဆယ်ကျော်သက်အလှတွေနှင့် ပျိုမျစ်နုနယ်လှပနေဆဲဖြစ်သည်။

ဆယ်နှစ်ဆိုတဲ့ ကာလရှည်ကြီးတစ်ခုမှ နှင်းသက်ကြွေ ဘယ်လိုဒုက္ခ၊ ဘယ်လိုသောကတွေကို ခံခဲ့ရသည်မသိပါ။ သူမ မျက်နှာလှလှလေးထက်တွင် သူရိန်ဖုံ မြင်တွေ့ခဲ့ဖူးခြင်းမရှိသည့် တည်ငြိမ်ရင့်ကျက်သော ခါးသီးမှုများကို တွေ့ရတော့ သူ့ရင်ထဲမှာ နာကျင်မှုနှင့် ထိထိခိုက်ခိုက် ခံစားလိုက်ရသည်က အမှန်ဖြစ်သည်။

နှင်းသက်ကြွေဆိုသည့် သူမခမျာ လောက၏ မုန်တိုင်းဒဏ်ကို ဘယ်မျှထိ ခံခဲ့ရရှာသည်လဲ။ အတိုင်းအတာကြီးမားသော လောကဒဏ်ကြောင့် သူမအသွင်လေးက သူ့အပေါ် ခါးသီးနာကြည်းမှု၊ မုန်းတီးခြင်းများ ဖြစ်နေရသည်ကိုလည်း သူနားလည်၏။

တိုက်တိုက်ဆိုင်ဆိုင် တစ်မြို့တည်းမှာ တာဝန်ကျရုံမက အမိုးတစ်ခုအောက်မှာ အတူတာဝန်ထမ်းဆောင်ခွင့်ရသည့် သူတို့နှစ်ယောက်၏ ဆုံစည်းမှုရေစက်ကလည်း ထူးဆန်းလွန်းသည်။

ရင်မှာ နှစ်ကာလကြာရှည်စွာ တမ်းတလွမ်းမောခဲ့ရသည့်





ချစ်သူသည်းဦးပန်း၏ မျက်နှာကို မြင်ခွင့်ရ၍ ဒေါက်တာသူရိန်ဖုံ ရင်ထဲ ကျေနပ်နေရသော်လည်း အများရှေ့မှာတော့ သူ့ရင်ထဲက ခံစားမှုများကို ကွယ်ဝှက်လျက် နေထိုင်ခဲ့ရသည်။

ကံကောင်း၍ နှစ်ယောက်တည်း ဆုံရပြန်တော့ နှင်းသက်ကြွေက သူရိန်ဖုံဆိုသည့် သူ့ကို ခပ်စိမ်းစိမ်းနှင့် ရှောင်ဖယ်သွားတတ်သည်။

ထိုအခါမျိုးတွင် ဒေါက်တာသူရိန်ဖုံ၏ ရင်ထဲတွင် မချိတင်ကဲစွာ ခံစားရသည့်အဖြစ်ကလည်း တစ်ကြိမ်မကတော့။ သူ့ဘက်က ဘယ်လိုပဲ သူမနှင့် နှစ်ယောက်တည်း မျက်နှာချင်းဆိုင်ခွင့်ရအောင် ကြိုးစားပါစေ သူမဘက်ကတော့ သူ့ကို ထိုအခွင့်အရေး မပေးခဲ့ပါ။

သို့သော် ကြာရှည်တော့ ရှောင်တိမ်းနေ၍ မရ။ နှစ်ယောက်သား အလုပ်အတူတူ တွဲလုပ်နေကြသူတွေမို့ တစ်ဦးနှင့်တစ်ဦး နှစ်ယောက်အတူ ထိပ်တိုက်ဆုံတွေ့ဖို့ ဖြစ်လာကြသည်။

နှင်းသက်ကြွေဘက်က ဘယ်လောက်ပဲ သူ့အပေါ် ရှောင်နေပါစေ သူ့ဘက်က သူမနှင့် တွေ့ဆုံနိုင်ရန် ကြိုးစားနေသူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူကြိုးစားသည့်အတိုင်းလည်း ယခု ကြုံရလေပြီ။

ထိုအခါ ကြွေ့ထံမှ အချိန်ကြာမြင့်စွာ ဟန်ဆောင်ဖုံးကွယ်ထားသည့် ဒေါသတွေကလည်း သူ့အပေါ် ကျရောက်ခဲ့သည်။ နာကျင်စွာ ပေါက်ကွဲသည်။ ခါးသီးစွာ မုန်းတီးသည်။ ထိုအဖြစ်ကို ဒေါက်တာသူရိန်ဇံ ကျေနပ်စွာ လက်ခံပါ၏။

နှင်းသက်ကြွေဘက်က သူ့ကို ဘာမှမပြော၊ ဘာတစ်ခုမှ မတုံ့ပြန်တာထက်စာလျှင် ယခုလို သူ့အပေါ် သူမဒေါသတွေ ပေါက်ကွဲသည့်အဖြစ်က ဒေါက်တာသူရိန်ဇံအတွက် ကျေနပ်ချင်စရာ၊ စိတ်ဖြေသာစရာ ဖြစ်ခဲ့သည်။

ဒေါက်တာသူရိန်ဇံ ဆုံးဖြတ်ထားသည်။ သူ့အပေါ် တစ်ဖက်သတ် နာကြည်းမုန်းတီးနေသော နှင်းသက်ကြွေ၏ အမုန်းနှင့် ခါးသီးမှုတွေကို တစ်ချိန်မှာတော့ သူ့ဘက်က ပြန်၍ ဖြေရှင်းတုန့်ပြန်မည်ဆိုတာ။

"မောင့်အပေါ် ကြွေ သိပ်ပြီး နာကျင်မုန်းတီးနေမယ်ဆိုတာ မောင်သိပါတယ် ကြွေ"





"သိတယ်ဆိုရင် ရှင် ကျွန်မနဲ့မပတ်သက်အောင်နေပေးပါ ဒေါက်တာ"

နှင်းသက်ကြွေ မျက်နှာလှလှလေးကို ချစ်ခြင်း၊ မြတ်နိုးခြင်းဖြင့် ရင်နင့်စွာ လွမ်းမောတမ်းတသည့်အကြည့်တွေနှင့် ကြည့်ရင်းက ဒေါက်တာသူရိန်ဇံ ခေါင်းယမ်းလိုက်သည်။

"ဘယ်လိုပြောလိုက်တာလဲ ကြွေ၊ မောင် ဘယ်လိုလုပ်ပြီး နေလို့ရမှာလဲ၊ ဆယ်နှစ်လုံးလုံး တစ်ဖက်သတ်အထင်လွဲမှားမှုတွေနဲ့ မောင့်ကို ရှောင်ပုန်းပြေးခဲ့တဲ့ ကြွေ့ကို မောင့်ဘက်က မသိသလို ဘယ်လိုလုပ်နေလို့ရမှာလဲ"

"အို...တော်ပြီ၊ ရှင်နဲ့ကျွန်မ စကားဆက်မပြောချင်တော့ဘူး"

"ကြွေ"

ဒေါက်တာသူရိန်ဇံ ခေါ်ပေမယ့် ကြွေက ဂရုမစိုက်သလို အခန်းထဲကထွက်ရန် ခြေလှမ်းအပြင် ဒေါက်တာသူရိန်ဇံက ကြွေ့ရှေ့မှ ကာရပ်လိုက်သည်။

"ရှင် ဒါဘာလုပ်တာလဲ၊ ဖယ်နော်၊ ကျွန်မ ရှင်နဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



မပြောချင်ဘူး"

"မောင်တောင်းပန်ပါတယ် ကြွေ၊ ဘာပဲပြောပြော ကြွေ မောင့်ကို စကားပြောခွင့်ပေးပါ"

"အို…မသိဘူး၊ မသိဘူး၊ ရှင့်အသံကို မကြားချင်ဘူး၊ ရှင့်မျက်နှာကိုလည်း မမြင်ချင်ဘူး"

"ကံဆိုးလွန်းလို့ ရှင်နဲ့ပြန်ဆုံရပြီး အခုလို အလုပ်အတူတွဲ လုပ်နေရတဲ့ အဖြစ်က ကျွန်မအတွက် ဘယ်လောက်ခံပြင်းနာကျင်ဖို့ ကောင်းလဲဆိုတာ ရှင်သိရဲ့လား"

"ကြွေရယ်"

ရင်မှာ နာကျင်ရမှုတွေနှင့် နှင်းသက်ကြွေ အမည်လေးကို ဒေါက်တာသူရိန်ဖ ခပ်ညည်းညည်းလေး ဆိုလိုက်မိသည်။

နှင်းသက်ကြွေကတော့ သူ့ကိုမကြည့်။ မျက်နှာခပ်တင်း တင်းလေးနှင့်ပင်…

"ရှင် ကျွန်မရှေ့ကဖယ်ပါ ဒေါက်တာ"

"မဖယ်ဘူးဆိုရင်ကော"

"သေချာတယ်၊ ကျွန်မ ရှင့်ကို တစ်ခုခုတုံ့ပြန်မိလိမ့်မယ်





ဆိုတာ"

"ကြွေ မောင့်ကို ရိုက်လို့ရတယ်၊ ဒါပေမဲ့ မောင်စိုးရိမ် တာ ကြွေ့လက်လေးတွေ နာမှာကိုပဲ"

နှင်းသက်ကြွေမျက်နှာကို ရီဝေစွာကြည့်ရင်းက သူဆိုလိုက် တော့ တင်းမာခက်ထန်သော အကြည့်တွေက သူရိန်ဖထံ ဖျတ်ခနဲ ရောက်လာ၏။ နှင်းသက်ကြွေ နှုတ်ခမ်းလေးကို ပြတ်ထွက်မတတ် ကိုက်ထားရင်း အမုန်းတွေနှင့် ပြည့်လျှံနေသည့် မျက်ဝန်းစိမ်းလဲ့လဲ့ လေးနှင့် သူ့ရင်ကို ထိုးဖောက်စွာကြည့်လိုက်ပြီး သူ့ရှေ့မှ ချာခနဲ လှည့်ထွက်သွားသည်။

ဒေါက်တာသူရိန်ဖ ကြွေ့နောက်ကျောလှလှလေးကို မှင်သက်စွာကြည့်ရင်း ရင်နာခြင်းတွေ အဖုံဖုံနှင့် ကျန်ရစ်ခဲ့သည်။

ကြွေ…မောင့်ကြွေရယ်။

နှလုံးသားထဲမှ ပုံတင်ထပ်စွာ ဒေါက်တာသူရိန်ဖ နှုတ်ဖျား က နှင်းသက်ကြွေနာမည်လေးကို တမ်းတမ်းတတ ခေါ်နေမိသည်။ ဒေါက်တာသူရိန်ဖ ရင်မှာတော့ နှင်းသက်ကြွေ၏ စိမ်းကားရက်စက် မှုတွေကြောင့် နာကျင်နေသော်လည်း သူ့နှလုံးသားထဲမှာတော့



www.burmeseclassic.com

www.burmeseclassic.com



နှင်းသက်ကြွေကို အခုလို ပြန်လည်တွေ့ဆုံမြင်ခွင့်ရသည့်အတွက် ကြည်နူးခြင်းတွေနှင့် ကျေနပ်နေပါ၏။

ဩော်…ပြွေရယ်။

မင်းလေးနဲ့ အခုလို ပြန်ပြီးဆုံစည်းခွင့်ရတာကိုပဲ မောင့်ရင်မှာ ဝမ်းသာလှပါပြီဗျာ။

ဒေါက်တာသူရိန်ဇံ ထိုစကားများကို ရင်မှာဆိုညည်းရင်းက သူ့မျက်ဝန်းဝယ် အေးစက်တင်းမာသော မျက်ဝန်းစိမ်းစိမ်းတွေနှင့် နှင်းသက်ကြွေ၏ နာကြည်းမုန်းတီးရိပ်တွေနှင့် မျက်နှာလှလှလေးကို မြင်ယောင်ကာ တစ်ယောက်တည်း ကျိတ်၍ သက်ပြင်းချလိုက်သည်။

◆ ◆ ◆



## အခန်း (၂)

"ကြွေ"

အမိုးတစ်ခုအောက်တွင် အလုပ်အတူလုပ်နေသူတွေမို့ သူ့အသံ၊ သူ့မျက်နှာနှင့် သူ့ပုံရိပ်တွေကို နှင်းသက်ကြွေအနေနှင့် မမြင်၊ မတွေ့ချင်လို့မရ။ ဘယ်လောက်ပဲ ရင်မှာမုန်းနေပါစေ တကယ်တမ်းမှာတော့ ကြွေအနေနှင့် သူ့ကို ဘယ်လိုမှ ရှောင်လွှဲ၍ မရနိုင်ပါ။

လွှမ်းဆွတ်တမ်းတသော အကြည့်၊ တောင်းပန်ရိပ်တွေ ဖုံးလွှမ်းနေသည့် ဒေါက်တာသူရိန်ဇံ၏ မျက်ဝန်းတွေကို နှင်းသက်ကြွေ မရှောင်နိုင်သည့်ကြားထဲက ဒေါက်တာသူရိန်ဇံက တခြားသော ဆရာဝန်၊ ဆရာမများရှေ့တွင် အလေးမမူနိုင်ရှာအောင်ပင် တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



နှင့်နှင့် အသံနှင့် ကြွေ့အနားကပ်ကာ ခေါ်လိုက်မိသည်။

နှင်းသက်ကြွေကတော့ သူ့ခေါ်သံကို မကြားသလိုပင်။ လှည့်လည်းမကြည့်သလို ဂရုလည်းမစိုက်။ သူမလုပ်စရာရှိတာကို သာ လုပ်နေသည်။ ကြွေရယ်။

ဒေါက်တာသူရိန်ဇံမှာ သူ့အပေါ် စိမ်းကားလွန်းသည့် ချစ်သူသက်လျာကို နင့်ဖြာသော အချစ်၊ လှိုက်လှဲသောမေတ္တာဖြင့် တိုးသဲ့စွာ ထပ်ခေါ်လိုက်မိပြန်သည်။

"ကြွေ"

ဒေါသရိပ်တွေ ဖုံးလွှမ်းနေသည့် နာကြည်းမုန်းတီးသော မျက်ဝန်းတွေနှင့် ဘယ်လိုပဲ တုံ့ပြန်ပါစေ ဒေါက်တာသူရိန်ဇံ အတွက်ကတော့ ကြွေ၏ အပြုအမူလေးကိုပင် ကျေနပ်နှစ်သိမ့်နေရ သူဖြစ်သည်။

ဒါကလည်း ဒေါက်တာသူရိန်ဇံဆိုသည့် သူ့ဘက်က တစ်ဖက်သတ် ခံစားမှုတွေဖြစ်သည်။

နှင်းသက်ကြွေကတော့ အကြည့်နှင့်ပင် သူရိန်ဇံကို မျက်ဝန်းချင်းဆုံအောင် မကြည့်ခဲ့။





မလွှဲသာလွန်း၍ အကြည့်ချင်း ဆုံရပြန်ရင်လည်း နှင်းသက်ကြွေက သူရိန်ဇံကို ဘယ်တုန်းကမှ မသိဘူး၊ မမြင်ဘူး၊ မပတ်သက်ခဲ့ဘူးသလို စိမ်းကားသော အပြုအမူတွေနှင့် ရှိနေတတ် သည်။

ဒီအဖြစ်တွေကို မြင်တွေ့နေရသည့် ဒေါက်တာသူရိန်ဇံ နှလုံးသားတွေက နာကျင်လွန်းမက နင့်သည်းသော ဝေဒနာတွေ ကို ခံစားရကာ လူက နေမထိထိုင်မသာ ရှိခဲ့ရသည်။

ဒေါက်တာသူရိန်ဇံက ကြက်သွေးရောင်ရင့်ရင့် နှုတ်ခမ်း ဆိုးဆေးလေး တင်ထားသည့် နှင်းသက်ကြွေ၏ နှင်းဆီငုံ နှုတ်ခမ်း ပြည့်ပြည့်ဖူးဖူးလေးကို စိုက်ကြည့်လိုက်သည်။

နှင်းသက်ကြွေက ဘယ်လိုကြည့်ကြည့် လှသည်။ ယဉ်သည်။ ကျက်သရေရှိသော အလှပိုင်ရှင်။

နှင်းသက်ကြွေ၏ နှုတ်ခမ်းဖူးဖူးလေးသည် သာမန်ထက် ပိုကာ တင်းတင်းလေး ရှိနေပြီး မျက်နှာလှလှလေးသည်လည်း အသည်းယားစရာကောင်းအောင် ဝင့်ချီလျှက်။ ထူထဲရှည်လျားသော မျက်တောင်ခပ်စိပ်စိပ်လေးတွေကလည်း ကြွေ့မျက်ခွံမို့မို့လေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိလုနီးပါးဖြစ်သည်။

ဟင်း…ကြွေရယ်။

တာဝန်ချိန်မို့ ရင်တွင်းခံစားမှုတွေကို ဒေါက်တာသူရိန်ဖုံ မျိုသိပ်ထားရင်း မချင့်မရဲ ပင့်သက်တစ်ချက်ချလိုက်သည်။

အလုပ်ထဲမှာတော့ ဒေါက်တာသူရိန်ဖုံဆိုတာက ဒေါက်တာနှင်းသက်ကြွေ၏ အထက်အရာရှိဖြစ်သည်။

သို့သော် အထက်အရာရှိတစ်ယောက်ရယ်လို့လည်း နှင်းသက်ကြွေအပေါ် ဒေါက်တာသူရိန်ဖုံ အနိုင်မယူရက်ခဲ့ပါ။

နှင်းသက်ကြွေအပေါ် ထာဝရ တောင်းပန်မှုတွေနှင့်သာ ရှိခဲ့သည်။

"ကြွေရယ်…ဒီလိုမနေပါနဲ့၊ မောင့်ကို ကြွေ ဘာလုပ်ချင်လဲ"

တာဝန်ချိန် နှစ်ယောက်အတူ ရှိနေရင်းက ဒေါက်တာသူရိန်ဖုံဘက်က စကားတွေ ပြောနေပါသော်လည်း နှင်းသက်ကြွေကတော့ သူ့ကို စကားတစ်ခွန်းမှ ပြန်မဆိုပါ။

ဒေါက်တာသူရိန်ဖုံဆိုသည့် သူ့စကားတွေကိုသာ မကြား





သလို နှုတ်ခမ်းလေးကို တင်းတင်းစေ့၍ သူမကိုယ်သူမ သတိကြီးစွာနှင့် ထိန်းချုပ်နေ၏။

"ကြွေ…မောင့်ကို ဒီအတိုင်း ဆက်ဆံနေမယ်ဆိုရင် ကြာရင် မောင် ပေါက်ကွဲမိလိမ့်မယ် ကြွေ"

ဒေါက်တာသူရိန်ဖုံ၏ ထိုစကားကြောင့် နှင်းသက်ကြွေ နှုတ်ခမ်းသားလေးကို သွားချွန်ချွန့်လေးဖြင့် ပြတ်ထွက်လုမတတ် ဖိကိုက်ပစ်လိုက်သည်။

ဒေါက်တာသူရိန်ဖုံက နှင်းသက်ကြွေအား ပတ်ဝန်းကျင် အခြေအနေ အလုပ်တာဝန်တွေကြောင့် မချင့်မရဲစိတ်ဖြင့် ကြည့်ရင်းက…

"ကြွေ့ဘက်က ခံစားမှုတွေကို မောင် နားလည်သလို မောင့်ဘက်က အခြေအနေ ခံစားမှုတွေကိုလည်း ကြွေ နားလည်ပေးသင့်တယ်"

"ကြွေရဲ့ တစ်ဖက်သတ် ခံစားမှုနဲ့တော့ မောင့်အပေါ် မနာကြည်းသင့်၊ မမုန်းသင့်ပါဘူး ကြွေ၊ မောင့်ဘက်က ခံစားမှုတွေကို နားလည်ပြီး မောင်ရှင်းပြတာတွေကိုလည်း ကြွေ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ပေးနားထောင်ပေးပါဦး"

"အဟင်း"

နှလုံးသားမှ စိမ့်ထွက်လာသည့် သရော်မှု နာကျင်အပြုံးက နှင်းသက်ကြွေရင်ထဲ နက်ရှိုင်းစွာ ဖြစ်ပေါ်သွားသည်။

ကြွေ့အပြုံးကို မြင်လိုက်ရသည့် ဒေါက်တာသူရိန်ဖုံ အသည်းတွင် ကျင်ခနဲ နာကျင်သွားသည်။

ရှိစေတော့။ ခုတော့ ရှိပါစေတော့။ တစ်ချိန်မှာ သူ့အတွက် ဖြေရှင်းခွင့် ကြုံလာခဲ့ရင်ဖြင့်...

ဟူး...။

သက်ပြင်းမောတစ်ချက်ကို မှုတ်ထုတ်ရင်း ဒေါက်တာသူရိန်ဖုံ သူ့စိတ်ကို သူဖြေလိုက်သည်။

ဒီနောက် သူ နှင်းသက်ကြွေကို ကြည့်လိုက်သည်။ နှင်းသက်ကြွေကတော့ သူ့ထံသို့ အကြည့်တစ်ချက်မျှပင် ရောက်ရှိမလာ။

နှင်းသက်ကြွေ သူ့ကို ခါးသီးနာကြည်းမှုတွေနှင့် အမုန်းကြီး မုန်းနေခဲ့သော်လည်း ဒေါက်တာသူရိန်ဖုံအတွက်တော့ အလွန်



မှပင် အရေးကြီးနေသော စကား သူမအား မေးရန်ရှိနေ၍ ဒေါက်တာသူရိန်ဖုံ ရသည့်အချိန်လေးကိုပင် အသုံးပြုလိုက်သည်။

"ကြွေ...ကြွေ မွေးခဲ့တာ သားလေးလား၊ သမီးလေးလား"

"ဟင်...ရှင်"

မထင်မှတ်သည့် စကားကို ကြားလိုက်ရသောကြောင့် နှင်းသက်ကြွေ မျက်နှာပျက်သွားရရုံမက လူကလည်း အယောင်ယောင်အမှားမှားနှင့် တုန်လှုပ်ကာ အကြည့်တွေက ဒေါက်တာသူရိန်ဖုံထံ ရောက်သွားသည်။

မျက်နှာလှလှလေး ဖြူဖျော့၍တစ်မျိုး၊ နီမြန်း၍တစ်သွယ် အမျိုးမျိုးအဖုံဖုံ ပြောင်းလွဲနေသော နှင်းသက်ကြွေပုံစံက တုန်လှုပ်မှုတွေကို ကြိုးစားထိန်းချုပ်နေသည့် အသွင်ဖြစ်၍ ဒေါက်တာသူရိန်ဖုံကိုယ်တိုင်လည်း စိတ်လှုပ်ရှားစွာ ချစ်ရသူမျက်နှာကိုသာ အသက်မရှူဝံ့သလို စူးစိုက်ကြည့်လျက် ငြိမ်နေမိသည်။

"ဖြေပါဦး ကြွေ၊ ကြွေ့ဆီမှာရှိတာ မောင့်သားလေးလား၊ သမီးလေးလားဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



"အို"

ထပ်ကာမေးလိုက်သည့် ဒေါက်တာသူရိန်ဇံ၏ စကားကို ကြားမိလေမှ နှင်းသက်ကြွေ တုန်လှုပ်ချောက်ချားသွားရသည့် သူမ အခြေအနေကို သတိနှင့် ထိန်းလိုက်၏။

ဒေါက်တာသူရိန်ဇံ၏ အမေးစကားကို နှင်းသက်ကြွေ ပြန်၍မဆိုမိပါ။ နာကြည်းလွန်းသော အကြည့်တွေနှင့်သာ ခပ်စူးစူး ကြည့်ရင်း သူ့ရှေ့မှ အပြေးတစ်ပိုင်း ခြေလှမ်းတို့ဖြင့် ထွက်သွားသည်။

ကျောခိုင်းသွားသည့် ချစ်သူကိုကြည့်ပြီး ရင်မှာဟာ၍ နာကျင်စွာ ကျန်ခဲ့သူက ဒေါက်တာသူရိန်ဇံ။

သူ့ရင်တွေ အဆမတန် ခုန်နေသလို စိတ်လည်းလှုပ်ရှား နေသည်။ ကြွေ သူ့ကို အခုချိန်ထိ ဘာမှမပြောပေမယ့် သူရိန်ဇံ စိတ်ထဲမှာ တစ်စုံတစ်ခုကို တိကျသေချာစွာ သိနေ၏။ ထိုအဖြေကို နှင်းသက်ကြွေ့နှုတ်ဖျားက ပြောတာကိုပဲ သူရိန်ဇံ ကြားချင်သည့်တိုင် ကြွေက ဘာတစ်ခုမှ မဖြေခဲ့။ လှိုက်မောတုန်ရီလျက် နင့်သည်း မောလျှစွာ နာကြည်းနေရသည်။





သူရိန်ဇံ အမေးစကားအတွက် ကြွေ့မျက်နှာလေး တုန့်လှုပ် ချောက်ချားသွားပုံက သူရိန်ဇံကို ကြွေ့ဘက်က အဖြေပေးနေသလို ဖြစ်နေ၏။

ခွဲစိတ်အထူးကုဆရာဝန်ကြီးဖြစ်သော ဒေါက်တာသူရိန်ဇံ မှာ ဒီနေ့လည်း သူ့အတွက် လူနာတစ်ယောက်ကို ခွဲစိတ်ရပေဦး မည်။

ခွဲစိတ်ခန်းသို့ သူဝင်လိုက်သည်နှင့် သူ့နှလုံးသားမှ ဝေဒနာ ခံစားမှုတွေကို သူနှင့်ထပ်တူ ခံစားနားလည်သော ဒေါက်တာ စိုင်းနောင်က သူရိန်ဇံကို အပြုံးဖြင့် ခေါင်းတစ်ချက်ဆတ်ကာ နှစ်သိမ့် လိုက်၏။

ရင်မှာခံစားမှုတွေကြောင့် ဒေါက်တာသူရိန်ဇံ ဟန်ဆောင် အပြုံးတစ်ချက်ကိုမှ မဖန်တီးနိုင်ခဲ့ပါ။

အတိတ်မှ ပတ်သက်ခဲ့ဖူးသော ရှိရင်းစွဲ နှလုံးသားဝေဒနာ ခံစားမှုတွေက ယခုအခါ သူ့နှလုံးသားကို ပို၍ဆုပ်ချေနှင့်သည်း လာရပြီမို့ လူမသိစွာ ကူြွေသိက္ခာနှင့် ခံစားမှုတွေကို သူ အခုအခါ ဘာကိုမှ ဟန်မဆောင် မထိန်းချုပ်ချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း…။

နာကျင်မှုသက်မတွေက သူနှင့်မကွာ အမြဲလိုရှိနေသည်။

လူနာကိုခွဲစိတ်ရန် အားလုံးအသင့်ဖြစ်ပြီမို့ ဒေါက်တာသူရိန်ဇံ သူနှင့်အတူ ခွဲခန်းတွင် ပါဝင်သည့် ဆရာဝန်၊ ဆရာမတွေကို ကြည့်လိုက်သည်။

ထိုအခါ သူနှင့်မလှမ်းမကမ်းတွင် ခွဲခန်းဝတ်စုံနှင့် အသင့်ရှိနေသော ဒေါက်တာနှင်းသက်ကြေကို တွေ့လိုက်ရသည်။

ထုံးစံအတိုင်း ကြေက သူ့ကိုမကြည့်ပါ။ ခွဲရမည့်လူနာအတွက် ဒေါက်တာနှင်းသက်ကြေ လိုအပ်တာများကို စနစ်တကျကြည့်ရှုလုပ်ကိုင်နေ၏။

နှင်းသက်ကြေ၏ လှုပ်ရှားမှုလေးများက တစ်စုံတစ်ရာအတွက် ဝေခွဲရခက်ခက် ဖြစ်နေကြောင်းကိုလည်း ဒေါက်တာသူရိန်ဇံ သတိထား အကဲခတ်မိသည်။

ဒေါက်တာနှင်းသက်ကြေ သူနှင့် စတင်တွေ့ဆုံရသည့်နေ့ကတည်းက တာဝန်ချိန်တွင် သူ့အပေါ် ဆက်ဆံမှုတွေက မတင်းမမာနှင့် သူမအလုပ်ကို သူမ တာဝန်ကျေစွာလုပ်သလိုမျိုး ဘာသိ

ဝိုးမိုး ၈၁၄ပ



ဘာသာရှိခဲ့သည်။

ဒေါက်တာသူရိန်ဇံ ရင်တွင်းမှ ခံစားချက်တွေကို အလုပ်ချိန်အတွင်း ဖယ်ရှားလိုက်သည်။

ဒေါက်တာစိုင်းနောင်က ခံစားမှုတွေဖြင့် ရှိနေရသော ဒေါက်တာသူရိန်ဇံကိုတစ်လှည့်၊ မျက်နှာလှလှလေး တင်းမာစွာရှိနေသော ဒေါက်တာနှင်းသက်ကြေကိုတစ်လှည့် ကြည့်ကာ ကြားထဲမှနေ ရင်မောစွာ သက်မချမိလိုက်သည်။

◆ ◆ ◆

ဝိုးမိုး ၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကောင်းကင်မှ ကြယ်လေးတွေသည် တောက်ပစွာ လင်းလက်နေ၏။ အပြင်တွင် အမှောင်ထုသည် ကြီးစိုးလာသည်နှင့် အမျှ အချိန်သည်လည်း မနည်းတော့ပါ။

တိတ်ဆိတ်နေသော ညၢ၏ အမှောင်ထုအောက်တွင် လူသားအားလုံး အိပ်စက်နေမည်ဖြစ်ပေမယ့် ဒေါက်တာသူရိန်ဇံက တော့ မအိပ်စက်နိုင်သေးပါ။

သူ့စိတ်ဝိညာဉ် အတွေးတို့သည် နှင်းသက်ကြွေဆိုသော မိန်းကလေးထံ ရောက်နေသည်။

နှစ်ရှည်လများစွာ လွမ်းမောတမ်းတခဲ့ရသော ချစ်သူကို ဒေါက်တာသူရိန်ဇံ တွေ့ဆုံနေရပေမယ့် ကြွေဆိုသည့် ချစ်ရသူက



www.burmeseclassic.com

www.burmeseclassic.com



တင်းမာခက်ထန်မှုတွေနှင့် သူစိမ်းပြင်ပြင် ရှိနေ၏။

ထိုအဖြစ်က ဒေါက်တာသူရိန်နှံဖနှလုံးသားကို လက်ကြမ်းကြမ်းကြီးနှင့် ဖျစ်ညှစ်ဆုပ်ချေခံလိုက်ရသလို နာကျင်ရသည်ကို ကြွေကတော့ သိမည်မထင်။ သိလည်း ဂရုစိုက်မည်မဟုတ်။

ကြွေရယ်…မောင့်ရင်က ခံစားမှုတွေကို ကြွေ နားလည်သင့်ပါတယ်ဗျာ။

ကောင်းကင်က ကြယ်လေးတွေကို ကြည့်ရင်း ဒေါက်တာသူရိန်ဖ နာကျင်ဆွေးမြေ့စွာ တစ်ကိုယ်တည်း ကျိတ်မှိတ်လျက် ဆိုမိသည်။

ချစ်သူကို ရင်ခွင်မှာ ထွေးပိုက်လျက် ချစ်ကြည်နူးခဲ့ရသည့် အချိန်တွေကလည်း သူ့ရင်အား နွေးနွေးညည လွှမ်းမိုးလျက် ကြွေကို ပိုချစ်ပိုတမ်းတ ပိုမြတ်နိုးစရာဖြစ်ခဲ့ရသော အတိတ်ဆီသို့။

"ကြွေ"

"ဟင်…အစ်ကိုလေး၊ ဘာခိုင်းစရာရှိလို့လဲဟင်၊ ကြွေ အိမ်ကြီးဆီကို ခုပဲပြန်သွားမှာပါ"

နှင်းသက်ကြွေမှာ သူမ၏ အလုပ်ရှင်လည်းဖြစ်၊ အိမ်ကြီး





ရှင် သူဌေးသားလည်းဖြစ်သော ဆေးကျောင်းသားတစ်ယောက်ဖြစ်သည့် သူရိန်ဖသည် ခြံနောက်တွင် အလုပ်သမားများ နေထိုင်ရန် ဆောက်ထားသည့် နှင်းသက်ကြွေ၏ အလုပ်သမား အိမ်လေးဆီသို့ ရောက်လာသဖြင့် နှင်းသက်ကြွေမှာ အံ့သြထိတ်လန့်စွာ ဆိုလိုက်ခြင်းဖြစ်သည်။

သူရိန်ဖက ဝင်းဝါနုထွေးသော အသားအရေနှင့် နှင်းသက်ကြွေ၏ အသွင်နုနုနှင့် မျက်နှာလှလှလေးကို ရင်ခုန်ခြင်း၊ မြတ်နိုးခြင်း၊ ကြင်နာခြင်းတွေနှင့် တစ်ချက်ကြည့်လိုက်ပြီး…

"ကြွေ့ကို ကိုယ်ခိုင်းချင်လို့ မဟုတ်ပါဘူး၊ ခိုင်းစရာလည်း ကိုယ့်မှာမရှိဘူး၊ အဲ ကိုယ့်မှာရှိတာက"

"ဘာလဲဟင် အစ်ကိုလေး"

"ကိုယ် ကြွေ့ကို စကားပြောစရာရှိလို့"

"ရှင်"

နှင်းသက်ကြွေမှာ သူ့စကားကို နားမလည်သလို မျက်ဝန်းလေးများဖြင့် ကြည့်ရင်း…

"ဟို…အစ်ကိုလေးရယ်၊ ပြောစရာရှိတာများ ဒီဖိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



လာရတယ်လို့၊ ကြွေ အိမ်ကြီးဆီ လာမှာပဲဟာ''

သူဌေးသား အိမ်ကြီးရှင် ဆေးကျောင်းသားကြီး တစ်ယောက်လုံးက ကြွေ့လို ဘာမှမဟုတ်သည့် အိမ်အကူ မိန်းကလေးတစ်ယောက်ကို စကားပြောဖို့ တကူးတက လိုက်လာသည့်အတွက် နှင်းသက်ကြွေမှာ ကြောက်စိတ်၊ အားနာစိတ်လေးတွေနှင့် ရိုကျိုးစွာ အနေခက်ခက် ရှိနေသည့်အသွင်လေးကို ဆေးကျောင်းသား သူရိန်ဖုံ ကြင်နာခြင်း၊ သနားမြတ်နိုးခြင်း၊ ချစ်ခြင်းတွေနှင့် အတူရှိနေသည်။

''ကြွေ''

''ရှင်…အစ်ကိုလေး''

''ကိုယ်''

''ဟို…ကြွေ့ကို ပြောစရာရှိရင် အိမ်ကြီးဆီ ရောက်မှ အစ်ကိုလေးကြိုက်တာ ပြောပါနော်''

အလုပ်သမား အိမ်တန်းလျားတွင် ကြွေနှင့် သူဌေးသား ဆေးကျောင်းသား ကိုလူချောနှစ်ယောက်တည်း စကားပြောနေသည့် အဖြစ်ကို တိုက်ကြီးပေါ်မှ သူရိန်ဖုံမိဘများ မြင်တွေ့သွားမှာ



နှင်းသက်ကြွေ စိုးရိမ်ကြောက်ရွံ့ဟန်လေးနှင့် တိုက်ကြီးဆီ တစ်ချက်ကြည့်ရင်း နှင်းသက်ကြွေ မဝံ့မရဲလေး ဆိုလိုက်သည်။

သူရိန်ဖုံမှာ နှင်းသက်ကြွေ၏ စိုးရိမ်ရွံ့ကြောက်နေဟန်လေးကိုကြည့်ပြီး…

''ကြွေရယ်…ကြွေ ဘာကိုစိုးရိမ်နေတယ်ဆိုတာ ကိုယ်သိပါတယ်''

''ခုလို ကြွေ့ကို နားလည်ပေးတဲ့အတွက် အစ်ကိုလေးကို ကျေးဇူးတင်ပါတယ်၊ ကြွေ့ကို သွားခွင့်ပြုပါနော်''

နှင်းသက်ကြွေ သူရိန်ဖုံရှေ့တွင် ကြာကြာမနေရဲသည်မို့ တိုက်ကြီးဆီသို့ပြန်ရန် ခြေလှမ်းပြင်လိုက်သည်။

''နေ…နေပါဦး ကြွေ''

''အို''

ရုတ်တရက် အမှတ်မထင်ဆိုသလို နှင်းသက်ကြွေ လက်လေးကို ဖျတ်ခနဲ ဆုပ်ကိုင်ဆွဲလိုက်သည့် သူရိန်ဖုံကြောင့် နှင်းသက်ကြွေမှာ မျက်နှာလေး ဖြူဖျော့သွားကာ ကိုယ်လေးတုန်လှုပ်သွားသည်အထိ ကြောက်ရွံ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး…ဆောရီးပဲ ကြွေရယ်"

အိမ်ကြီးဆီ အကြည့်လေးတွေ ရောက်ရှိရင်း ကြောက်ရွံ့နေသော နှင်းသက်ကြွေအဖြစ်ကို သူရိန်ဖုံမကြည့်ရက်၍ လက်လျှော့လိုက်သည်။

"ကဲ…ကြွေ သွားတော့နော်"

"ရှင်…ဟုတ်…ဟုတ်ကဲ့"

နှင်းသက်ကြွေ သူ့ဆီကို တစ်ချက်မျှပင် ယောင်၍လှည့်မကြည့်တော့ပါ။ အိမ်ကြီးဆီသို့သာ ခြေလှမ်းသွက်သွက်နှင့် လှည့်ထွက်သွား၏။ သူရိန်ဖုံမှာ လှပသော နှင်းသက်ကြွေ၏ ခန္ဓာကိုယ်ကောက်ကြောင်းလှလှလေးကို ကြည့်ကာ သက်ပြင်းချလိုက်၏။ ကြွေ့ကိုချစ်မိ၍ သူ့ကိုယ်သူလည်း အံ့ဩသည်။ သူရိန်ဖုံနားမှာ သူနှင့်ဂုဏ်ရည်တူ မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေသည့်ကြားမှ သူ့နှလုံးသားက သူ့ထက် အများကြီးငယ်တဲ့ ကြွေ့ကိုမှ။ သူ ပြုံးလိုက်၏။ ဆန်းကြယ်သော စိတ်ခံစားချက်ကို သူ နားမလည်သလို လိုက်မမီသော နှလုံးသား၏ အလိုကလည်း ထူးဆန်းသည်။ ကြွေရယ် သူရိန်ဖုံ ခြေလှမ်းတွေက နှင်းသက်ကြွေ





နည်းတူ အိမ်ကြီးဆီသို့ ဦးတည်လိုက်၏။

တစ်နေ့ကုန် အိမ်အလုပ်တွေ တကုတ်ကုတ်နှင့် လုပ်နေသော နှင်းသက်ကြွေကို စကားပြောရန်အတွက် အချိန်တွေအကုန်ခံကာ စောင့်စားနေသော သူရိန်ဖုံမှာ မီးဖိုခန်းတွင် အလုပ်လုပ်နေသော နှင်းသက်ကြွေအနားသို့ မယောင်မလည် ရောက်ရှိသွား၏။

နှင်းသက်ကြွေမှာ ကိုယ့်အာရုံနှင့်ကိုယ် လုပ်စရာရှိသည်များကို စက်ရုပ်လေးတစ်ရုပ်လို လုပ်နေဆဲ သူမအနား ဖျတ်ခနဲရောက်လာသော လူရိပ်ကြောင့် မော့ကြည့်လိုက်ရာ…

"အစ်ကိုလေး"

"ကြွေ…ကိုယ်ပြောတာ သေချာနားထောင်နော်၊ ကြွေ့ကိုကိုယ် ပြောစရာစကားရှိတယ်၊ အဲဒါ ညရောက်ရင် ကြွေ ခြံထဲကို ဆင်းလာခဲ့၊ ကိုယ် ပန်းရုံနားမှာ စောင့်နေမယ်"

"ဘာ…ဘာကိစ္စရှိလို့လဲ အစ်ကိုလေး၊ အခုပြောလို့ကော မရဘူးလားဟင်"

လှပသော မျက်နှာလေးကို ချစ်မြတ်နိုးစွာ စူးစိုက်ကြည့်ရင်း သူရိန်ဖုံမှာ ကြွေ့စကားကို သဘောကျသလို ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဩော်…အလွန်ရိုးရှင်းသော ဤမိန်းကလေးကို သူဘာကြောင့် ချစ်မိရသည်ကိုလည်း သူရိန်နှံဖ့ သူ့ကိုယ်ကို တဖြည်းဖြည်း ပို၍နားလည်လာသည်။

"ဟင်…အစ်ကိုလေး၊ အခုပြောလို့ရော မရဘူးလား"

ဝင်းဝင်းနုနုနှင့် သိမ်မွေ့စွာ လှပသော နှင်းသက်ကြွေမျက်နှာလေးကို သူရိန်နှံဖ့သည် အပြောရခက်စွာကြည့်ရင်း…

"ကြွေကလည်းကွာ မဖြစ်လို့ပေါ့"

"အရေးကြီးလား အစ်ကိုလေး"

"အင်း…သိပ်အရေးကြီးတယ်၊ ကြွေ လာခဲ့နော်"

"ဒုက္ခပါပဲ အစ်ကိုလေးရယ်၊ ကြွေ…ကြွေ လာရဲမယ်မထင်ဘူး"

နှင်းသက်ကြွေပုံစံလေးက တကယ့်ကို အခက်တွေ့နေသည့်ပုံ။ သူရိန်နှံဖ့ ကြွေ့ကိုကြည့်ပြီး သနားသွားရပေမယ့် ဒီတစ်ခါတော့ သူ့ဘက်က အလျှော့ပေး၍ မဖြစ်တော့သည်မို့…

"ဘာပဲဖြစ်ဖြစ် ကြွေ လာရမယ်ကွာ၊ ကြွေ မလာမချင်း ကိုယ်စောင့်နေမယ်"





သူရိန်နှံဖ့ကလည်း သူ့စကားကို မပြင်တော့မည့်ပုံ။

"ဖြစ်…ဖြစ်ပါ့မလားအစ်ကိုလေးရယ်၊ တော်ကြာကြွေ့ကို ဒေါ်ဒေါ်က တစ်မျိုးထင်သွားပါဦးမယ်၊ ပြီးတော့ အစ်ကိုလေးမေမေ မေမေကြီးသိရင်လည်း ကြွေ အဆူခံထိဦးမှာ"

"ကျွတ်…ဒါတွေလိုက်တွေးပြီး ကြောက်နေတာလားကြွေ"

"ဘယ်လိုပြောလိုက်တာလဲ အစ်ကိုလေးရယ်၊ ကြွေ့ဘဝကို အစ်ကိုလေးလည်း သိရက်နဲ့၊ ကြွေ့ဘဝမှာ ဒေါ်ဒေါ်တို့၊ မေမေကြီးတို့ကိုပဲ အားကိုးပြီးနေရတာ၊ ကြွေနဲ့ ပတ်သက်ပြီး တိုက်ကြီးရှင်တွေ ငြိုငြင်မယ့်အလုပ်မျိုး မလုပ်ချင်ဘူး"

"ကြွေ အဲလိုသိထားတယ်ဆိုရင် ကိုယ့်ဆီကိုရောက်အောင်လာခဲ့ရမှာပေါ့"

"ရှင်"

"ကြွေ ခုပြောတယ်လေ၊ တိုက်ကြီးရှင်တွေ ငြိုငြင်မယ့်အလုပ်မျိုး မလုပ်ချင်ဘူးဆို"

"အို"



www.burmeseclassic.com

www.burmeseclassic.com



သနားပေမယ့် ဒီမိန်းကလေးကို ဒီစကားမျိုး မပြောရ၍လည်း မဖြစ်တော့ပြီမို့ သူရိန်ဇံမှာ ကြွေ မငြင်းနိုင်မည့် စကားကို ဆိုလိုက်သည်။

ချည်ပြီးတုပ်ပြီး သူ့စကားကြောင့် နှင်းသက်ကြွေမျက်နှာလေး ပျက်သွားသည်။

သူရိန်ဇံ မျက်နှာလွှဲလျက် ကြွေ့အဖြစ်ကို မသိဟန်ပြုကာ

"ကိုယ်ပြောတဲ့အတိုင်း ကြွေကို ကိုယ်စောင့်နေမယ်၊ ကဲ ကိုယ်သွားပြီ"

သူရိန်ဇံမှာ မျက်ဝန်းတောက်တောက်တွေနှင့် နှင်းသက်ကြွေကို ကြည့်ပြီး ကြွေ့အနားက လှည့်ထွက်ခဲ့လိုက်သည်။

တကယ်တော့ နှင်းသက်ကြွေ ပြောသလိုပါပဲ။ နှင်းသက်ကြွေဆိုတာက မိဘတွေ မရှိတော့ဘဲ အဒေါ်ဖြစ်သူနှင့်အတူနေကာ သူရိန်ဇံတို့မိသားစုကို အားကိုးကာ နေသူလေးဖြစ်သည်။

နှင်းသက်ကြွေ၏ မိဘနှစ်ပါးမှာ နှင်းသက်ကြွေ ခြောက်တန်းကျောင်းသူဘဝမှာကတည်းက ရေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားရှာပြီဖြစ်သည်။





တစ်ဦးတည်းသော ဆွေမျိုးဖြစ်သည့် နှင်းသက်ကြွေ ဒေါ်ဒေါ်မှာ သူရိန်ဇံမိဘများထံတွင် သူ လူမှန်းသိတတ်ကတည်းက သစ္စာရှိစွာ လုပ်ကိုင်ခဲ့သည်။

မိဘများ မရှိတော့၍ အားကိုးရာမဲ့နေသော တူမဖြစ်သူ နှင်းသက်ကြွေကို ဒေါ်ဒေါ်က သူနှင့်အတူ ခေါ်ထားရန်အတွက် သူရိန်ဇံမိဘများထံ ခွင့်တောင်းခဲ့သည်။

လူယုံလိုဖြစ်နေသော ဒေါ်ဒေါ်၏တောင်းဆိုမှုကို အိမ်ကြီးရှင်များက ခွင့်ပြုခဲ့ရုံမက ကြွေ့ကိုပင် ကျောင်းထားပေးခဲ့၏။

နှင်းသက်ကြွေဘက်မှလည်း အလိုက်သိစွာ ဒေါ်ဒေါ်နှင့်အတူ ကျောင်းအားချိန်များတွင် အိမ်အလုပ်များကို ကူလုပ်ရင်း အိမ်ကြီးရှင်များ စိတ်ကြိုက် အိမ်ကြီးရှင် အလိုကျနေခဲ့သည်မှာ အခုဆိုလျှင် နှင်းသက်ကြွေတစ်ယောက် ဆယ်တန်းကျောင်းသူပင် ဖြစ်ခဲ့လေပြီ။

အချိန်တွေပြောင်းကာ အရွယ်လေး တဖြည်းဖြည်းရောက်လာသော နှင်းသက်ကြွေမှာ အလှသွေးတွေလည်း ကြွယ်ချင်တိုင်း ကြွယ်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘဝ၏ ရေးကုသိုလ်ကံပင် မသိ။ သူများအိမ်မှာ. အိမ်အကူတစ်ပိုင်းနှင့် နေခဲ့ရရှာသော နှင်းသက်ကြွေ၏ အလှတွေက တကယ့်ကိုပင် နန်းဆန်ကာ တော်ဝင်သည့် အလှတွေနှင့် ဝင်းဝင်းနစ်နစ် နုနုထွေးထွေး လှလွန်းသည်။ ဘာတစ်ခုမှ အပြစ်ရယ်လို့ ပြောစရာမရှိခဲ့။

ဝင်းဝါသော အသားအရေ၊ နုထွေးသောအလှ၊ နန်းဆန်ကာ တော်ဝင်သဇင်ခက်လေးလို နုရွလွန်းသော အလှတွေနှင့် နှင်းသက်ကြွေ၏ အလှတွေကိုကြည့်ပြီး ကျောင်းပြီးရန် သိပ်မလိုတော့သည့် ဆရာဝန်လောင်းဆေးကျောင်းသား ကိုလူချော သူရိန်ဖုံရင်ထဲတွင် အချစ်စိတ်လေး ခိုဝင်ခဲ့သည်။

အချစ်ဆိုတာကို ဘယ်မိန်းကလေးတစ်ယောက်နှင့်မှ နားမလည်၊ မဖြစ်ပေါ်ခဲ့သော သူရိန်ဖုံမှာ နှင်းသက်ကြွေ၏ အလှတွေကြောင့် ရင်ခုန်သံတွေ မြန်ခဲ့ရကာ အချစ်စိတ်တို့ ရင်မှာဖြစ်ပေါ်ခဲ့သည်။

နုနုထွေးထွေးနှင့် ကိုယ့်ရှေ့မှာပင် ပွင့်လန်းလာသော အလှပန်းလေးကို သူရိန်ဖုံမှာ ဥယျာဉ်မှူးတစ်ယောက်လို အရိပ်တကြည့်





ကြည့်နှင့် မခူးရက်၊ မခြွေရက်အောင် ရှိခဲ့ရုံမက ဒီပန်းလေးကို သူ့အနေနှင့် ခူးခြွေရန် မသင့်ဟု စိတ်ကိုထိန်းချုပ်ခဲ့သည့်ကြားကပင် သူရိန်ဖုံ နှလုံးသားအလိုကို မလွန်ဆန်နိုင်ခဲ့။

တစ်နေ့တစ်နေ့ အလှသွေးတွေ ကြွယ်လာသော နှင်းသက်ကြွေကို သူရိန်ဖုံ ဘယ်လိုမှ စိတ်မချနိုင်တော့။

ကြွေ့ကိုချစ်ရသည့် အချစ်တွေက သူ့ဘဝတစ်ခုလုံး ပေးဆပ်ထားရပြီမို့ သူဘယ်လိုမှ အဝေးမခံနိုင်တာကို ကြွေနှင့်သူပဲ သိသည်။

စားလည်း ကြွေ့စိတ်၊ သွားလည်း ကြွေ့စိတ်၊ နောက်ဆုံး စာကျက်ရင်တောင် ကြွေ့စိတ်နှင့် မျက်နှာလှလှလေးက သူရိန်ဖုံကို ကြီးစိုးနေသည့် အဆုံးမှာတော့ သူရိန်ဖုံ ကြွေ့ထံမှ အချစ်တွေကို ရယူရန် ဆုံးဖြတ်လိုက်သည်။

ဟင်း···ကြွေရယ်။

မောလျသော သက်မနှင့်အတူ သူရိန်ဖုံ နှင်းသက်ကြွေနှင့် ဆုံရမည့်အချိန်ကို ရင်ခုန်ခြင်းများစွာနှင့် စောင့်မျှော်နေမိသည်။

"ကြွေ"

www.burmeseclassic.com

www.burmeseclassic.com



"အား…အမေ့"

"ဟာ…ဟိတ်…ဟိတ်၊ ကြွေ ကိုယ်ပါ"

"အစ်ကိုလေး"

"ဆောရီး ကြွေ၊ အရမ်းလန့်သွားလား"

"ဟင်…အစ်ကိုလေးရယ်၊ ကြွေဖြင့် လန့်သွားတာပဲ၊ မှောင်ကလည်း မှောင်ဆိုတော့"

သူရိန်ဖုံ နှင်းသက်ကြွေကို သနားသွားသည်။ ဩော်… သူ့ခမျာ သူလာခိုင်း၍သာ လာခဲ့ရရှာသည်။ ကြွေဘယ်လောက်တောင် ကြောက်လန့်နေရှာသည်မသိ။ အသံလေးတွေပင် တုန်ခါနေသည်။

ကြွေ၏ ထိုကြောက်လန့်ဟန်လေးကပင် သူရိန်ဖုံနှလုံးသားအား ပို၍စွဲငြိသွားရသည်မို့…

"ကြွေရယ်…ခုရော ကြောက်သေးလားဟင်"

"ဟင့်အင်း…မကြောက်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"အစ်ကိုလေး ကြွေ့အနားမှာ ရှိနေလို့ပေါ့"





"ကြွေရယ်"

လက်ချောင်းလေးတွေကို ယှက်နွှယ်ဆုပ်ထွေးရင်းက ပြောလိုက်သော နှင်းသက်ကြွေစကားကြောင့် သူရိန်ဖုံနှလုံးသားတစ်ခုလုံးမှာ အတိုင်းအဆမရှိအောင် တုန်လှုပ်သွား၏။

မသဲကွဲသည့် အလင်းရောင်ကြားကပင် နှင်းသက်ကြွေအလှတွေက ထင်ထင်ရှားရှား ရှိနေသည်။

တဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံတွေကြားက သူရိန်ဖုံ ကြွေ့အနားသို့ ရောက်ရှိသွားပြီး…

"ကြွေ"

"ရှင်"

"ကိုယ် ကြွေ့ကိုချစ်တယ်"

"ရှင်…အို"

သူရိန်ဖုံစကားကြောင့် နှင်းသက်ကြွေ ဘယ်လောက်တောင် တုန်လှုပ်သွားသည်မသိ။ သူမကိုယ်လေး ဟန်ချက်ပျက်လျက် ယိုင်ခနဲ ဖြစ်သွားသည်။

သူရိန်ဖုံ ကြွေ့ကိုယ်လေးကို အသာအယာ ထိန်းပွေ့ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်းက…

"ဒီစကားကြားရင် ကြွေ အံ့ဩသွားမယ်ဆိုတာ ကိုယ်သိတယ်၊ ဒါပေမဲ့ ကိုယ့်အချစ်တွေကိုလည်း ဒီထက်ပိုပြီး မဖုံးကွယ်ထားချင်တော့ဘူး၊ ကိုယ် ကြွေ့ကိုချစ်တယ်၊ ကြွေ ကိုယ့်ကို စိတ်ဆိုးသွားပြီလားဟင်"

နှင်းသက်ကြွေ ဘာစကားမှ မဆိုနိုင်။ လူက ထိတ်လန့်ခြင်း၊ အံ့ဩခြင်းတွေနှင့် တုန်လှုပ်ချောက်ချားနေသည်။

"ဖြေပါဦး ကြွေ၊ ကိုယ့်ကို ကြွေ စိတ်ဆိုးသွားလားဆိုတာ"

အိမ်ကြီးရှင် သူဌေးသား ဆေးကျောင်းသား ကိုလူချော ကို ကြွေ ဘယ်လိုစိတ်ဆိုးရဲမည်နည်း။

ဒါကို ကိုလူချော မသိလေရော့သလား။ ကြိုးစားထိန်းသည့်ကြားက ယခုထက်ထိ မတည်နိုင်သေးသော ရင်ခုန်သံတွေကြားမှာ နှင်းသက်ကြွေ ရှက်စိတ် ရင်ခုန်ခြင်းတွေနှင့် မျက်နှာလေး ရဲတောက်နေသည်။

"ကြွေ"





"ကြွေ့ကိုလွှတ်ပါဦး အစ်ကိုလေး၊ ကြွေ…ကြွေ သွားပါရစေတော့"

"ဟင့်အင်း…ကြွေ ကိုယ့်ကို အဖြေပေးပြီးမှ သွားရမယ်"

"အို"

"တကယ်ပါ ကြွေ၊ ကိုယ့်ရင်ထဲမှာ ကြွေနဲ့ပတ်သက်ပြီး ဘယ်လောက်ခံစားနေရတယ်ဆိုတာ ကြွေသိရဲ့လား"

"ကြွေ…ကြွေ သွားပါရစေတော့"

ရင်မှာ လှုပ်ရှားခြင်း၊ စိုးရွံ့ခြင်းများစွာနှင့် နှင်းသက်ကြွေ တိုက်ကြီးဆီသို့ လှမ်းကြည့်မိလိုက်သည်။

အချိန်က လူသားအားလုံး အိပ်မောကျနေသည့်အချိန်။ မသဲကွဲသည့် ညအမှောင်ထုအောက်မှာ အိမ်ကြီးရှင် သူဌေးသားနှင့် နှစ်ယောက်တည်း အခုလို ရှိနေသည့်အဖြစ်ကိုပင် နှင်းသက်ကြွေ ရင်မှာ ကြောက်ရွံ့နေသည်။

တကယ်တော့ ဒီလိုကြောက်စိတ်မျိုးကို နှင်းသက်ကြွေ အရင်ကတည်းက ရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အိမ်ကြီးရှင် သူဌေးမို့ သူ့စကားကိုလည်း နှင်းသက်ကြွေ မတွန်းလှန်၊ မငြင်းဆန်နိုင်ခဲ့။

ထိုမငြင်းဆန်နိုင်သည့်စိတ်နှင့်ပင် နှင်းသက်ကြွေ သူရိန်ဖုံ ရှေ့ကို ရောက်ခဲ့ရခြင်းဖြစ်သည်။

နှင်းသက်ကြွေ မထင်မှတ်သည့် အဖြစ်တွေကို ကြုံတွေ့နေရရုံမက သူမ ဘယ်လိုမှ မထင်မှတ်သည့် စကားကို သူရိန်ဖုံ ထံမှ ကြားလိုက်ရသည်မို့ ကြွေ့ကိုယ်ကြွေလည်း အိပ်မက်ပမာ ရှိနေသည်။

"ကိုယ်သိချင်တာကို မသိရဘဲနဲ့ ကြွေ မသွားရသေးဘူး"

"ကြွေ ဘာဖြေရမှာလဲ အစ်ကိုလေး၊ ကြွေ ကြောက်တယ်၊ မေမေကြီးသာ သိသွားရင် ကြွေ့ကို ခွင့်လွှတ်မှာမဟုတ်ဘူး၊ အို ကြွေ ကြောက်တယ်၊ ကြွေ သွားပါရစေတော့"

နှင်းသက်ကြွေမှာ ထိတ်လန့်စွာနှင့်ပင် သူရိန်ဖုံ ရင်ခွင်ထဲက သူမကိုယ်လေးကို ရုန်းထွက်လိုက်သည်။

သူရိန်ဖုံက မလွှတ်ပါ။ သူ့လက်အစုံက နှင်းသက်ကြွေ





ကိုယ်လေးကို ပို၍ တင်းတင်းကြပ်ကြပ်ကြီး ဖက်တွယ်ထားလိုက်ပြီး…

"ဘာကိုကြောက်နေတာလဲ ကြွေ၊ ကြွေလည်း အရွယ်ရောက်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေပြီပဲ၊ အရွယ်ရောက်လို့ အချစ်ရှာတာ အပြစ်မဟုတ်ပါဘူးဗျာ"

ဝင်းဝါနုထွေးသော နှင်းသက်ကြွေမျက်နှာလေးကို သူရိန်ဖုံ မချင့်မရဲ စိုက်ကြည့်ရင်း ဆိုလိုက်သည်။

သူ့ရင်ခွင်ထဲတွင် နှင်းသက်ကြွေမှာ ကြောက်စိတ်တွေနှင့် ရင်တွေ အခုန်မြန်နေသည်။

"အစ်ကိုလေးရယ်…ကြွေ့ကိုသနားရင် လွှတ်ပါနော်၊ ကြွေ့ဘဝနဲ့ အစ်ကိုလေးဘဝက ကွာခြားလွန်းပါတယ်ရှင်"

"ဒါတွေကြောင့်လား ကြွေ၊ ကြွေ ကိုယ့်အချစ်ကို ငြင်းနေတာ ဒါတွေကြောင့်လား၊ ဒါဆိုရင်တော့ ကိုယ် လက်မခံနိုင်ဘူး၊ ကိုယ် ကြွေ့ကိုချစ်တာ နှင်းသက်ကြွေဆိုတဲ့ မိန်းကလေးတစ်ယောက် အမြင်နဲ့ပဲချစ်တာ၊ ဒါကြောင့် ကြွေ ကိုယ့်အချစ်တွေကို မငြင်းပါနဲ့"

"အစ်ကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း…ကြွေ့ကိုယ်လေး တုန်နေပါလား၊ ဒီမှာ ကိုယ့်ကိုကြည့်စမ်း ကြွေ"

သူရိန်ဇံက ပြောပြောဆိုဆို ကြွေ့မျက်နှာလေးကို မေးစေ့မှ နေ ဆွဲမော့ယူလိုက်တော့ နှင်းသက်ကြွေမှာ သူ့အကြည့်တွေနှင့် ဆုံသွားသည်။

စူးရှသော သူ့အကြည့်တွေက နှင်းသက်ကြွေ တစ်ကိုယ်လုံးကို ဖြန့်ကျက်ကျရောက်သွားသည်။

"ကြွေ ဘာကိုစိုးရိမ်နေတာလဲဆိုတာ ကိုယ်သိတယ်၊ ဒါပေမဲ့ ကိုယ် ကြွေ့ကို မချစ်ဘဲနဲ့လည်း နေလို့မရဘူး"

သူရိန်ဇံဆိုရင်းက နှင်းသက်ကြွေ တစ်ကိုယ်လုံးကို တင်းတင်းလေး ဖျစ်ညှစ်ထွေးဖက်လိုက်သည်။

နှင်းသက်ကြွေမှာ သူရိန်ဇံ၏ တင်းကြပ်လွန်းသော အပွေ့ အဖက်တွေကြောင့် သူ့ရင်ခွင်ထဲတွင် ခါးလေးကော့ ရင်လေးမော့ နှင့် လူက မရုန်းမလွန့်သာရှိနေသည်။

"လွှတ်..လွှတ်ပါ အစ်ကိုလေး၊ ကြွေ ကြောက်တယ်"

တကယ်ပင် နှင်းသက်ကြွေ ကြောက်အား၊ ရှက်အားတွေ





ပိုနေရကာ သူ့ရင်ခွင်ထဲ တုန်တုန်ခိုက်ခိုက်လေး ရှိနေသည်။

သူရိန်ဇံမှာ ရင်မှာ နာကျင်သွားသည်။ ကြွေ့ကို သူ့အနေ နှင့် ဘယ်လိုမှ မစွန့်လွှတ်နိုင်။

သူ့ဘဝတစ်ခုလုံး ကြွေ့အတွက် ရည်ရွယ်ထားပြီးပြီမို့ သူ လက်မလျှော့တော့ပါ။

"သိပ်ချစ်တယ် ကြွေရယ်၊ ကြွေ ကိုယ့်ကို မယုံလို့လား ဟင်"

"အို…ကြွေ မသိဘူး၊ ကြွေ့ကို လွှတ်ပါတော့ အစ်ကို လေးရယ်"

နှင်းသက်ကြွေ တုန်ခါနေသော အသံလေးနှင့် ရုန်းရင်း ဆိုလိုက်သည်။ နှင်းသက်ကြွေ ရုန်းသော်လည်း သူရိန်ဇံရင်ခွင်ထဲ တွင် ကြွေ့ကိုယ်လေးမှာ မလွတ်မြောက်နိုင်။

အချစ်ဒီရေတွေ တိုးနေသော သူရိန်ဇံရင်ခွင်ထဲတွင် ကြွေ့ တစ်ကိုယ်လုံး မွန်းကျပ်နေသည်။

"လွှတ်စေချင်ရင် ကိုယ့်ကို ချစ်တယ်လို့ ကြွေပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဒါဖြင့် ကြွေ ကိုယ့်ကိုမုန်းတယ်ပေါ့"

"အို…အဲလိုမဟုတ်ပါဘူး၊ ကြွေ ကြွေ စိတ်ညစ်တယ်၊ ကြွေ သွားပါရစေတော့"

သူ့အနားက သွားရန် တတွင်တွင်ဆိုနေသည့် နှင်းသက်ကြွေကြောင့် သူရိန်ဇံ မချင့်မရဲ ဖြစ်သွားသည်။

"ချစ်တာ စိတ်ညစ်စရာမှ မဟုတ်ဘဲ ကြွေ၊ ကြွေ ကိုယ့်ကိုချစ်တယ်လို့ ပြောလိုက်ရင် ပြီးပြီ၊ ချစ်တယ်မဟုတ်လား ကြွေ"

သူဆိုရင်းက နှင်းသက်ကြွေ ပါးပြင်မို့မို့ပေါ် ချစ်အနမ်းတွေ ကျရောက်သွားသည်။

"အို…အစ်ကိုလေး"

ရင်မှာ တလှိုက်လှိုက်နှင့် ရင်ခုန်ခြင်းများစွာ ရှက်အား၊ ကြောက်အားတွေ ပိုနေသော နှင်းသက်ကြွေမှာ သူရိန်ဇံ အချစ်များကို သူမ တတ်နိုင်သလောက် ငြင်းဆန်သည့်ကြားကပင် မွတ်သိပ်





သော ချစ်အနမ်းနှင့် အချစ်များကြား ရှုန်းထွက်၍ မရဖြစ်သွား၏။

ဆောင်းဦး၏ ညချမ်းလေပြည်က သူတို့ချစ်သူနှစ်ဦးအား အေးမြခြင်းတွေနှင့် ဖုံးလွှမ်းသွားပါတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အတိတ်မှအရိပ်တို့က သူရိန်ဖံနှလုံးသားကို နေ့နေ့ညည လွှမ်းမိုးနေ၏။

ချစ်သောသူနှင့် ကြည်နူးပျော်ရွှင်ခဲ့ရသည့် အချိန်တွေကို သူရိန်ဖံ ဘယ်တော့မှ မေ့နိုင်လိမ့်မည်မဟုတ်။

ရင်မှာ တမ်းတမ်းတတနှင့် အောက်မေ့သတိရနေခဲ့သည်။ သူ့ရင်မှာ အချိန်နာရီနှင့်အမျှ မေ့၍မရနိုင်သော ချစ်သူသက်ထားကို တွေ့ရတော့လည်း ရင်နာရခြင်းအဖုံဖုံတို့ကြောင့် သူ့နှလုံးသားတွေ မွှန်းကြပ်စွာ ခံစားခဲ့ရသည်။

ကြွေဘက်ကလည်း သူ့အပေါ် စက်ဆုပ်နာကြည်းဖွယ်ရာ လူတစ်ယောက်အဖြစ် နာကျင်ခြင်းတွေနှင့် ရှောင်ဖယ်စိမ်းကားမှု

ငိုး:မိုး:စ၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း သူ့နှလုံးသားက ခံနိုင်ရည်မရှိ။

ထိခိုက်သော သက်မတစ်ချက်ကို သူရိန်ဖ ဖြည်းညင်းစွာ ချရင်း တာဝန်နှင့်ဝတ္တရားရှိရာ လုပ်ငန်းဆီသို့ ထွက်လာခဲ့သည်။

ကားမောင်းရင်းက ချစ်ရသူနှင့်ပတ်သက်ကာ အတွေးတွေ များစွာ ရှိခဲ့သော သူရိန်ဖ အလုပ်ခွင်သို့ ရောက်သည်ဆိုရင်ပဲ ချစ်ရသူ သက်ဦးလျှာကို မြင်တွေ့လိုက်ရ၏။

နံနက်ခင်း၏နေခြည် ထွန်းလင်းတောက်ပသွားသလို သူရိန်ဖရင်ထဲတွင်လည်း ချစ်ရသူမျက်နှာလေးကို မြင်လိုက်ရသဖြင့် ကြည်နူးလန်းဆန်းသွားသည်။

နှင်းသက်ကြွေက သူရိန်ဖကို မြင်သည်လား၊ မမြင်သည် လားမသိ။ ဝင်းမွတ်နုထွေးသော အလှတွေက နံနက်ခင်းနှင့်အပြိုင် တောက်ပလင်းလက်စွာ လှပနေရကာ ကြွေ့ထံမှ အပြုံးချိုချိုနုနု လေးကလည်း လူနာများ၏ရင်ကို အေးမြနေစေသည်။

သူရိန်ဖ ကြွေ၏ သွယ်လျပြည့်တင်းသော နောက်ကျော လှလှလေးကို မျက်ဝန်းညှိုတို့ဖြင့် စိုက်ခဲ့ တစ်ချက်ကြည့်လိုက်ပြီး

"ကြွေ"





နောက်ပါးဆီမှ ထွက်ပေါ်လာသော အသံကြောင့် နှင်းသက်ကြွေ မျက်နှာလှလှလေး သူရှိရာဆီသို့ ဖျတ်ခနဲ ရောက်လာပြီးနောက် ချက်ချင်းဆိုသလို ကြွေ့ထံမှ အကြည့်များကို လွှဲသွားသည်။

ဒေါက်တာသူရိန်ဖ ကြင်သူသက်ထား၏ မချင့်မရဲဖြစ်စရာ အပြုအမူကြောင့် သက်မတစ်ချက်ကိုချရင်း နှင်းသက်ကြွေအား လွမ်းဆွတ်စွာ သတိရတမ်းတသည့် အကြည့်တွေနှင့် ငေးကြည့် လိုက်၏။

ဟင်း…ကြွေ။

သူရိန်ဖ သူမနာမည်ကို ခေါ်လိုက်သည်ကိုပင် နှင်းသက် ကြွေ မလိုလား။ မကြည်ဖြူ။ မနှစ်ခြိုက်နိုင်စွာ မျက်နှာလေးပျက် သွားသည်။

ကြွေ့အနေနှင့် မလွှဲသာမရှောင်နိုင်လွန်း၍ သူရိန်ဖနှင့် မျက်နှာချင်းဆိုင်ကာ အလုပ်တွဲလုပ်နေရသော်လည်း ကြွေ့အတွက် တော့ နှလုံးသားတွေ နာကျင်နေသည်။

သူရိန်ဖဆိုတာ ကြွေအတွက်တော့ အလွန်စက်ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



နာကြည်းဖွယ်ကောင်းသော လူတစ်ယောက်အဖြစ် သူ့ကို သိသာစွာ ရှောင်ဖယ်နေ၏။

သို့သော် ဘယ်လောက်ပဲ ကြွေ ရှောင်ဖယ်နေပါစေ သူရိန်ဖုံကတော့ ကြွေ့ကို ထိုအခွင့်အရေး မပေးခဲ့ပါ။

ကြွေနှင့် မျက်နှာချင်းဆိုင်ခွင့်ရအောင် ကြိုးစားနေသူပီပီ နှင်းသက်ကြွေအနားမှာ အံရိုပ်လိုရှိနေသည်။

ယခုလည်း နားနေဆောင်တွင် နှင်းသက်ကြွေတစ်ယောက် အနားယူနေစဉ် ဒေါက်တာသူရိန်ဖုံ အခန်းထဲရောက်လာပြီး…

"ကြွေ တစ်ယောက်တည်းလား"

နှင်းသက်ကြွေမှာ သူမ မမြင်ချင်၊ မတွေ့ချင်သည့် ဒေါက်တာသူရိန်ဖုံကို မြင်တွေ့လိုက်ရသဖြင့် မျက်နှာလှလှလေး ချက်ချင်း တင်းမာအေးစက်သွား၏။

"ဒီလိုတော့မနေပါနဲ့ ကြွေ၊ ကြွေ မောင့်ကို ဘာလုပ်ချင်လဲ၊ မောင့်ကို ကြွေ တစ်ခုခုတုံ့ပြန်လိုက်စမ်းပါ၊ မောင် ဒီအတိုင်း ဆက်ပြီး မခံစားနိုင်တော့ဘူး"

နှင်းသက်ကြွေ လက်လေးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်





ဆုပ်ရင်း ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

"ကြွေ"

ရင်နာခြင်းအဖုံဖုံနှင့် သူရိန်ဖုံ ကြွေ့မျက်နှာလေးကို စိုက်ကြည့်လိုက်၏။

ကြွေ့ရှေ့တွင် ဆီးကာရပ်နေသည့် သူရိန်ဖုံကြောင့် နှင်းသက်ကြွေ သူ့အနားက သွားခွင့်မသာပါ။

"မောင် ရှင်းပြပါရစေ ကြွေ၊ ကြွေ မောင့်စကားတွေကို နားထောင်ပေးပါဦး၊ ကြွေ ဒီလိုတော့ မောင့်အပေါ် မဆက်ဆံသင့်ဘူး၊ မောင့်ဘက်ကိုလည်း ထည့်တွက်ပါဦးကြွေ"

နှင်းသက်ကြွေ သူ့စကားတွေကို ရှေ့ဆက်ကာ သည်းမခံနိုင်တော့သလို စိမ်းလဲ့နေသော မျက်ဝန်းတွေနှင့် ရင်မှဒေါသတွေကို ထိန်းထားသလို…

"ဒီမှာဒေါက်တာ၊ ကျွန်မက ဒေါက်တာ့လက်အောက်က ဝန်ထမ်းတစ်ယောက်ပါ၊ အလုပ်ချိန်မှာ ဒေါက်တာ့အနေနဲ့ ကျွန်မ အပေါ် အနှောင့်အယှက် မပြုသင့်ဘူးလို့ ထင်ပါတယ်"

ဒေါက်တာသူရိန်ဖုံမှာ နှင်းသက်ကြွေထံမှ စိမ်းကား



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်လွန်းသော စကားကြောင့် နှလုံးသားအစုံ သည်းမခံနိုင်အောင် ဖြစ်သွားပြီး…

"ကြွေ ဒီလိုစကားတွေပဲ ပြောနေမယ်ဆိုရင် နောင်ဖြစ်လာမယ့် ပြဿနာအတွက် မောင့်ကို မင်း အပြစ်မပြောနဲ့၊ မောင်တာဝန်ယူမှာမဟုတ်ဘူး"

သူရိန်ဖုံစကားတွေကို နှင်းသက်ကြွေ ဘာမှပြန်မဆို။ မျက်နှာလေးကိုသာ လွှဲထားလိုက်သည်။

ဒေါက်တာသူရိန်ဖုံရင်မှာ မချိအောင် နာသွားသည်။

"ပြောစမ်း ကြွေ၊ မင်း မောင့်စကားတွေကို တကယ်ပဲ လက်မခံဘူးလားဆိုတာ"

"အို…လွှတ်စမ်းပါ"

မချိတင်ကဲ နာကျင်လာသော ခံစားမှုတွေကြောင့် ဒေါက်တာသူရိန်ဖုံ နှင်းသက်ကြွေပခုံးလေးကို သူ့လက်နှင့် ဖျစ်ညှစ်လိုက်ရာ နှင်းသက်ကြွေ မျက်နှာလေး မဲ့သွားပြီး ကြွေ့ပခုံးပေါ်မှ ဒေါက်တာသူရိန်ဖုံလက်အစုံကို ဖယ်ရှားပစ်လိုက်သည်။

ထို့နောက် မျက်ဝန်းစိမ်းစိမ်းရှူးရှူးလေးနှင့် ကြည့်ပစ်ရင်းမှ





"ရှင့်လိုလူရဲ့စကားကို ဘာအတွက်နဲ့မှ ကျွန်မ နားမထောင်နိုင်ဘူး၊ ရှင် ကျွန်မနဲ့ ပတ်သက်ဖို့ မကြိုးစားပါနဲ့"

"ကြွေ့စကားတွေက တစ်ဖက်သတ် ဆန်မနေဘူးလား၊ ကိစ္စတိုင်းမှာ သူ့အကျိုးနဲ့အကြောင်းတော့ ရှိကြတာပဲ၊ ဒါကို ကြွေက ဖြေရှင်းခွင့်မပေးဘူးဆိုတော့"

"ဖြေရှင်းခွင့် ဟုတ်လား၊ အဟင်း…ဟင်း…ဟင်း၊ ဒီစကား ရယ်ဖို့ကောင်းမနေဘူးလား၊ ရှင့်ရဲ့ လျှာအရိုးမရှိတိုင်း ပြောတဲ့စကားတွေကို ကျွန်မ ယုံမယ်လို့များ ရှင်ထင်နေလား"

လှောင်ပြောင်သရော်ရိပ်များနှင့် နှင်းသက်ကြွေ ဆိုလိုက်တော့ ဒေါက်တာသူရိန်ဖုံမှာ ခံစားမှုတွေ များစွာနှင့် ကြွေ့မျက်နှာကို စိုက်ကြည့်ပစ်လိုက်သည်။

"ရှင် ကျွန်မရှေ့ကဖယ်ပေးပါ"

"ထိုင်ပါဦး ကြွေ"

"ကျွန်မ ရှင့်ကို ဖယ်ခိုင်းနေတာနော်"

"မောင့်အတွက်ကတော့ ခုလို ကြွေနဲ့ တွေ့ခွင့်ရတဲ့အချိန်ကို တန်ဖိုးထားရတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပြုပြီး ကျွန်မကို ဒီလောက်နှောင့်ယှက်ရရင် ကျေနပ်ပါတော့ ဒေါက်တာ၊ ကျွန်မတို့နှစ်ယောက်ကြားမှာ တစ်ချိန်က ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့ ခုချိန်မှာတော့ ဒေါက်တာ့ကို ကျွန်မ ဘယ်လိုမှ မပတ်သက်ပါရစေနဲ့တော့"

မျိုသိပ်ထိန်းချုပ်ထားသည့်ကြားက ပေါက်ကွဲချင်လာသော စကားသံလေးနှင့် နှင်းသက်ကြွေ ဆိုလိုက်သည်။

ဒေါက်တာသူရိန်ဇံမှာ ကြွေ့ပေါက်ကွဲမှုကို ဂရုမစိုက်နိုင်တော့လောက်အောင် သူ့ရင်အစုံသည်လည်း ပေါက်ကွဲနေပါပြီ။

တကယ်တော့ နှင်းသက်ကြွေနှင့် သူ၏ တွေ့ဆုံချိန်သည် အလုပ်နှင့် တာဝန်ချိန်ကလွဲပြီး သူမနှင့်တွေ့ဆုံဖို့ရာ သူ့အတွက် အလွန်ခက်ခဲလွန်း၏။

ခုလိုတွေ့ဆုံရသည့်ခဏမှာ သူ့အတွက် ရင်ထဲကစကားတွေကို နာနာကျင်ကျင်နှင့် ပေါက်ကွဲစွာ ဆိုနေရသည့်အဖြစ်။

"ကြွေ့ခံစားချက်ကို မောင် နားလည်ပါတယ်၊ ကြွေ ဘယ်လိုခံစားရတယ်ဆိုတာလည်း မောင်သိတယ်၊ ဒါပေမဲ့ ကြွေရယ် စိတ်ကို နည်းနည်းလျှော့ပြီး မောင် ရှင်းပြတာကို





လက်ခံနားထောင် ပေးပါဦးလားဗျာ"

"ရှင်ဘယ်လိုလူလဲ ဒေါက်တာ၊ ကျွန်မ ရှင့်ကို ဘယ်လိုမှ ပြောလို့မရဘူးလား"

"ကြွေကရော မောင်တောင်းပန်တာကို လက်မခံဘူးလား"

နှင်းသက်ကြွေတစ်ယောက် နှုတ်ခမ်းလေးကို ဖိကိုက်ထားသည်မှာ ပေါက်ထွက်လုမတတ် ရှိနေသည်။

နှင်းသက်ကြွေ၏ တစ်ဖက်သတ် အမုန်းတွေကြောင့် သူရိန်ဇံရင်မှာ လှိုင်းထန်လာသည်။

လှိုင်းထန်လာရသော ခံစားမှုတွေနှင့် သူ့ရင်သည် နိမ့်ချည်မြင့်ချည် ဖြစ်လာပြီး…

"ကောင်းပြီ ကြွေ၊ မောင် ကြွေ့ကို ဘယ်လိုမှ တောင်းပန်လို့မရဘူးဆိုရင် မတောင်းပန်တော့ဘူး၊ ဒါပေမဲ့"

"အမေ့…ဟင်"

"ရှင်"

"အပွန်း"



www.burmeseclassic.com

www.burmeseclassic.com



"အို…အို"

"ဒေါက်တာ…ရှင်နော်"

ဒေါက်တာ ဘူရိန်ဖ် နှင်းသက်ကြွေ ဒေါသတွေကို နည်းနည်းလေးမှ မမှုတော့။

ခံစားမှုတွေက အစွန်းဆုံးရောက်ခဲ့ပြီမို့ နာကျင်နေသည့် မချိပြုံးနှင့် တစ်ချက်ပြုံးလိုက်ပြီး နှင်းသက်ကြွေ ကိုယ်လေးကို ရင်ချင်းဆွဲကပ်ပစ်လိုက်သည်။

နှင်းသက်ကြွေမှာ သူ့အပြုအမူကြောင့် မျက်ဝန်းလေးအစုံ ပြူးကျယ်ဝိုင်းစက်သွားသည်။

"ရှင်နော်…ဘာလုပ်တာလဲ၊ လွှတ်"

"ခုချိန်မှာ မောင့်အတွက် အရေးကြီးတဲ့စကားကိုပဲ မောင် မေးမယ်၊ ကြွေ့ရဲ့ရင်သွေးလေးဟာ သားလေးလား၊ သမီးလေးလား ဆိုတာ ကြွေဖြေပါ"

ကြွေ့ မျက်ဝန်းတွေကို အကြည့်စူးစူးတွေနှင့် အကဲခတ် သလို တည့်တည့်စိုက်ကြည့်ကာ ဒေါက်တာဘူရိန်ဖ်မေးတော့ နှင်းသက်ကြွေ မျက်နှာပျက်သွားပြီး…

စိုး:မိုး:၈၁၄၀



"ရှင် ဘာတွေမေးနေတာလဲ၊ ကျွန်မ မသိဘူး"

"ကြွေ…မင်း မောင် ကောင်းကောင်းမေးနေတုန်း ကောင်းကောင်းဖြေစမ်းပါ"

နှင်းသက်ကြွေ မဖြေ။ မျက်နှာလှလှလေးကို တင်းနေ အောင်ထားလျက် နှုတ်ခမ်းလေးကိုသာ ဖိကိုက်ထား၏။

အချိန်များစွာကပင် သူ့ရင်မှာ သိချင်နေရသည့်စကားမို့ ဒေါက်တာဘူရိန်ဖ်ရင်မှာ နာကျင်မောလျကြေကွဲမှုတွေနှင့် နှင်းသက် ကြွေမျက်နှာလေးကို စိုက်ကြည့်ပစ်လိုက်သည်။

ဒီနောက် သူ့လက်အစုံက ကြွေ့ကိုယ်လေးကို ပို၍တင်း တင်းကြီး ဖျစ်ညှစ်လိုက်ကာ…

"မောင်ထပ်မေးမယ် ကြွေ၊ ကြွေ့ဆီမှာရှိတာ မောင့်သား လား၊ သမီးလားဆိုတာ ကြွေ ဖြေစမ်းပါ"

အခြေအနေအရပ်ရပ်ကို နားလည်ထားသော လူတစ်ယောက်မို့ နှင်းသက်ကြွေ သူ့စကားကို မဖြေ၍မဖြစ်တော့ မှန်း နားလည်လိုက်ကာ မျက်နှာကို ဆတ်ခနဲလွှဲပစ်လိုက်ပြီး…

"သမီးလေး မွေးတယ်၊ ဒါပေမဲ့ အဲဒီကလေးဟာ ရှင်နဲ့

စိုး:မိုး:၈၁၄၀

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပတ်သက်သလို ရှင်နဲ့လည်းမဆိုင်ဘူး"

သမီးဆိုသောအသိကြောင့် သူရိန်ဖွဲ့ရင်မှာ လှိုက်ခနဲကြည်နူးသွားပေမယ့် ကြွေ့စကားကိုတော့ သူလက်မခံနိုင်အောင် ဖြစ်သွားသည်။

"ဘယ်လိုပြောလိုက်တာလဲ ကြွေ၊ မောင့်သမီးက မောင်နဲ့ မဆိုင်လို့ ဘယ်သူနဲ့ဆိုင်ရမှာလဲ"

ဒေါက်တာသူရိန်ဖွဲ့ နှင်းသက်ကြွေအား စူးစူးရဲရဲကြည့်ကာ ဆိုလိုက်သည်။

နှင်းသက်ကြွေကတော့ ထိုအကြည့်တွေကို ဂရုမစိုက်သလို

"ကျွန်မမွေးတဲ့သမီး ကျွန်မပဲဆိုင်တယ်"

"ဒါပေမဲ့ မောင်ဟာ သမီးရဲ့အဖေဆိုတာလည်း ကြွေ မေ့ထားလို့မရဘူးလေ"

"ရှင်...ရှင်နော်"

သူရိန်ဖွဲ့စကားကြောင့် အနေခက်သွားရသလို နှင်းသက်ကြွေမှာ မျက်နှာလေး နှင်းဆီခင်းဖြစ်သွား၏။

ဒေါက်တာသူရိန်ဖွဲ့ အပြုံးတွေနှင့် နှင်းသက်ကြွေကို





ကြည့်ပြီး...

"မောင့်သမီးလေးက ကြွေ့လိုပဲ ချောရဲ့လား"

"ရှင်နော်...ဘာသမီးလဲ၊ သမီးက ရှင်နဲ့ ဘာမှမဆိုင်ဘူးလို့ ပြောထားတယ်မဟုတ်လား"

"မောင့်သမီး မောင်နဲ့ဆိုင်"

"သမီးမှာ သူ့အဖေရှိတယ်"

"သူ့အဖေက မောင်"

"ကျွန်မ အိမ်ထောင်ပြုလိုက်ပြီ"

"ဘာ"

"ဘာပြောလိုက်တယ် ကြွေ၊ မောင့်ကိုပြန်ပြောစမ်း၊ ကြွေ အိမ်ထောင်ပြုလိုက်ပြီ ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မ အိမ်ထောင်ပြုလိုက်ပြီ"

ထိုစကားကို နှင်းသက်ကြွေ ဒေါက်တာသူရိန်ဖွဲ့အား ခပ်တင်းတင်းလေး ဆိုလိုက်သည်။

ဒေါက်တာသူရိန်ဖွဲ့က နှင်းသက်ကြွေအား ရီဝေသော အကြည့်တွေနှင့် ကြည့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"မောင်မယုံဘူး ကြွေ"

"ဒါ ကြွေ မောင့်ကိုညာနေတာမဟုတ်လား၊ ကြွေ အိမ်ထောင်ကျပြီဆိုတာ မောင့်ကိုညာနေတာပဲ"

"ဒါတော့ ရှင်ယုံချင်လည်းယုံ၊ မယုံချင်လည်းနေလေ၊ ကျွန်မပြောတာတွေဟာ အားလုံးအမှန်တွေချည်းပဲ"

ဒေါက်တာသူရိန်ဇံသည် နာကျင်ရသော ရင်အစုံနှင့် ကြွေ မျက်နှာလှလှလေးကိုသာ သေချာအကဲခတ်နေသည့်တိုင် နှင်းသက် ကြွေ ဣန္ဒြေမပျက်ပါ။

သူသိသလောက်တော့ နှင်းသက်ကြွေဆိုတာ ဟန်ဆောင် တတ်သူမဟုတ်။

ဒါဖြင့် ကြွေပြောသလို တကယ်ပဲ ကြွေ အိမ်ထောင်ကျ နေခဲ့ပြီလား။

ထိုအတွေးနှင့်ပင် သူရိန်ဇံ ရင်အစုံ မခံနိုင်အောင် နာကျင် သွားသည်။

နာကျင်မှုတွေနှင့် အံကို တင်းတင်းကြိတ်လိုက်ပြီး…

"ဒါ တကယ်ပဲလား ကြွေ၊ မင်း မင်းပြောတော့ မောင်က





လွဲပြီး ဘယ်ယောကျ်ားကိုမှ မချစ်ပါဘူးဆို၊ မင်း မောင့်ကိုညာ နေတာမဟုတ်လား ကြွေ၊ ညာနေတာမဟုတ်လား"

"ဒီမှာ ဒေါက်တာ၊ သတိလည်းထားပါဦး၊ ကျွန်မ ဘာကြောင့် ရှင့်ကိုညာနေရမှာလဲ၊ ဒီမှာ ရှင်သိထားဖို့က နှင်းသက် ကြွေဆိုတဲ့ မိန်းမဟာ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကို တကယ် ထင်မှတ်ခဲ့တဲ့အတွက် နှလုံးသားတွေ ကြေမွခဲ့ရပြီးပြီ၊ အဲဒီကြေမွခဲ့ တဲ့ နှလုံးသားကို ယောကျ်ားတစ်ယောက်နဲ့ ပြန်ပြီး အစားထိုးခဲ့တာ ကျွန်မအလွန်တော့ မဟုတ်ပါဘူးနော်"

"ကြွေ"

"နေဦး…ကျွန်မစကား မဆုံးသေးဘူး၊ လောကမှာ သစ္စာ မဲ့ပြီး အချစ်ကို တန်ဖိုးမထားတတ်တဲ့ ယောကျ်ားတွေရှိသလို အချစ် ကို တန်ဖိုးထား သစ္စာရှိတဲ့ ယောကျ်ားတွေလည်း ရှိနေပါသေး တယ်"

နှင်းသက်ကြွေစကားတွေက ဘာကိုဆိုလိုမှန်း ဒေါက်တာ သူရိန်ဇံ သိနေသဖြင့် ရင်နာနေရလေပြီ။

"ကြွေထင်တာတွေ တစ်ခုမှမဟုတ်ဘူး ကြွေ၊ မောင်

www.burmeseclassic.com

www.burmeseclassic.com



ကြွေ့ကို နေရာအနှံ့လိုက်ရှာခဲ့တယ်''

''ရှင့်အကြောင်းတွေ ကျွန်မ ဘာမှမသိချင်ဘူး ဒေါက်တာ၊ ခု ကျွန်မမှာ အိမ်ထောင်နဲ့ဖြစ်နေပြီ''

''မောင် မယုံဘူး၊ ကြွေ့မှာ အိမ်ထောင်နဲ့ဆိုတာ မောင် လုံးဝမယုံဘူး''

''ဒီမှာဒေါက်တာကြီး ဒီစကားတွေကို ရှင်ယုံအောင် ကျွန်မ ပြောနေတာမဟုတ်ဘူး၊ အိမ်ထောင်ရှိတဲ့ မိန်းမတစ်ယောက် ကို ရှင်စော်ကားမိမှာစိုးလို့ သတိပေးနေတာ''

နှင်းသက်ကြွေ စကားကြောင့် ဒေါက်တာသူရိန်ဖုံ အံကို တင်းတင်းကြိတ်လိုက်ပြီး…

''ကောင်းပြီ၊ ကြွေပြောသလို ကြွေ့မှာ အိမ်ထောင်ရှိတယ် ဆို အဲဒီလူနဲ့ မောင့်ကို ကြွေ မိတ်ဆက်ပေး၊ ဒီလိုမှမဟုတ်လို့က တော့ ကြွေ့စကားကို မောင် ယုံလိမ့်မယ်မထင်နဲ့''

နှင်းသက်ကြွေ မျက်နှာပျက်သွားသည်။ ဒေါက်တာသူရိန် ဖုံကို ကြွေ အလွယ်တကူ လိမ်ညာ၍မရဆိုတာ ကြွေ ဘာကြောင့် မေ့နေခဲ့ရတာပါလိမ့်။





''ကြွေ သိထားဖို့က မောင့်နှလုံးသားထဲမှာ နှင်းသက်ကြွေ ဆိုတဲ့ မိန်းကလေးဟာ ဒီနေ့ထိတိုင် ရှိနေသေးတယ်ဆိုတာပဲ''

နှင့်နဲ့သော အကြည့်တွေနှင့် ကြည့်ပြီးနောက် ဒေါက်တာ သူရိန်ဖုံ ခြေလှမ်းကျဲကြီးတွေနှင့် ကြွေ့နားက ထွက်သွားသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"အဟင့်...ဟင့်...ဟ့င့်"

တသိမ့်သိမ့်နှင့် ကိုယ်လေးတုန်ခါအောင် ငိုရှိုက်နေသော နှင်းသက်ကြွေကို သူရိန်ဖုံ မချော့မိ။

ကြင်နာသော ကရုဏာမျက်ဝန်းတွေနှင့်သာ ကြည့်နေမိသည်။

"အဟင့်...ဟင့် ဒေါ်ဒေါ်ရယ်၊ ကြွေ့ကို တစ်ယောက်တည်း ထားခဲ့ပြီလားရှင်"

နှင်းသက်ကြွေအသံက အားအင်ကုန်ခမ်းနေသူ တစ်ယောက်၏ လေသံမျိုး။ ဒေါ်ဒေါ့်အား ရင်မှာ သတိရတမ်းတ ဖြေမဆည်နိုင်ခြင်းတွေနှင့် တမ်းတရေရွတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရာမှ မမြဲသည့်သဘောအတိုင်း နှင်းသက်ကြွေ ဒေါ်ဒေါ် ဒေါ်ညွန့်မေ ရုတ်တရက် ဆုံးပါးသွားသည်။

ထိုအခါ လောကကြီးထဲတွင် ဆွေမဲ့မျိုးမဲ့ တစ်ဦးတည်း တစ်ကောင်ကြွက်ပမာ ကျန်ခဲ့သည့် နှင်းသက်ကြွေရင်မှာ အားငယ် ရခြင်းများစွာနှင့် ကြေကွဲဝမ်းနည်းစွာ ရှိနေသည်။ ငိုရှိုက်ရုံမှတစ်ပါး ဘာဆိုဘာမှ မတတ်နိုင်ခဲ့။

ကြွေ အားကိုးအားထားရာဖြစ်သော ဒေါ်ဒေါ် မရှိတော့ နှင်းသက်ကြွေအတွက် နာကျင်ရခြင်း၊ ဆုံးရှုံးရခြင်းတစ်ရပ်အဖြစ် ပြင်းထန်စွာ ငိုကြွေးနေသည်မှာ မျက်ရည်တွေက ပါးပြင်ပေါ် အဆက်မပြတ် စီးကျနေသည်။

နေ့နေ့ညညဆိုသလို ငိုရလွန်းသောကြောင့်လည်း နှင်းသက်ကြွေ မျက်ဝန်းတွေသည် နီရဲစိုဝေနေသည်။

ဒေါ်ဒေါ် ဒေါ်ညွန့်မေ ဆုံးသွားသည်မှာ ရက်လည်ရှိသွား ရပေမယ့် နှင်းသက်ကြွေအတွက် မျက်ရည်တွေကတော့ ယခုထက် တိုင် မကုန်ဆုံးနိုင်။

လောကကြီးထဲတွင် သွေးသားရင်းချာဖြစ်သည့် ဒေါ်ဒေါ်





ဆုံးပါးသွားမှုအပေါ် သူ့ စာနာစိတ်နှင့် ကြွေ့အပေါ် နားလည်ကိုယ် ချင်းစာမိပါ၏။

သို့သော် တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ် ရက်လေးတွေ ဆက်လာသည့်တိုင် မျက်ရည်တွေက မစဲနိုင်ဘဲ သည်းသည်းထန်ထန်လေး ငိုကြွေးနေသည့် ကြွေ့အဖြစ်ကို သူရိန်ဖုံ နှလုံးသားက မကြည့်ရက်နိုင်တော့။

အစကတော့ သူရိန်ဖုံကိုယ်တိုင်က ကြွေ့ကို သူ့အရှိန်နှင့် သူ လွှတ်ထားကာ ဒီအတိုင်း ကြည့်နေခဲ့ပေမယ့် ကြွေက သူထင် တာထက်ပိုကာ စိတ်ခံစားနိုင်လွန်းသူ။ ကြေကွဲဝမ်းနည်းလွယ်လွန်း သူတစ်ယောက် ဖြစ်ရုံမက စိတ်အားငယ်တတ်သူတစ်ယောက်ဆို တာ သူကြာလေကြာလေ ပိုသိခဲ့ရလေဖြစ်၏။

သို့ဖြစ်၍လည်း ကြွေ ခံစားချက်တွေကို သူရိန်ဖုံ မကြည့်ရက် နိုင်တော့ခြင်းဖြစ်သည်။

နှင်းသက်ကြွေကို သူ ကြည့်လိုက်၏။ နှင်းသက်ကြွေ မျက်နှာလှလှလေးမှာ စိတ်ထိခိုက်ခြင်း၊ ခံစားရသော သောက ဝေဒနာတွေအပြင် အိပ်ရေးတွေလည်း ပျက်ထားသဖြင့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေး ချောင်ကျနွမ်းလျနေသည်။

သူ နှင်းသက်ကြွေနှင့်ပတ်သက်ကာ တစ်ခုခု စီစဉ်ရမည်။ ကြွေ့ကို ဒီအတိုင်းထား၍ မဖြစ်တော့။ စိတ်ရှိတိုင်းသာ လွှတ်ထားပါက ကြာလျှင် ကြွေ လဲသွားမှာ သေချာ၏။

ဒီအချိန်သည် နှင်းသက်ကြွေအတွက် ကောင်းကောင်း အနားယူဖို့ လိုအပ်နေလေပြီ။

ဒါကို ကြွေနားလည်အောင် သူပြောပြရမည်။

"ကြွေ"

သောကတွေနှင့် ခံစားနေရရှာသော နှင်းသက်ကြွေကိုယ်လေးကို သူရိန်ဖံ နောက်မှနေ၍ ပွေ့ယူလိုက်သည်။

"အဟင့်…ဟင့်…ဟင့် မောင်ရယ်"

"ကြွေရယ် သိပ်မငိုပါနဲ့ဗျာ၊ ငိုရလွန်းလို့ ကြွေ အရမ်း ပင်ပန်းနေပြီ၊ တိတ်နော်၊ ဒေါ်ဒေါ် မရှိတော့ပေမဲ့ ကြွေ့ဘေးမှာ မောင်တစ်ယောက်လုံး ရှိနေပါသေးတယ်၊ ကြွေ ဘာမှအားမငယ်နဲ့ နော် ဟုတ်လား"

ညင်သာသိမ်မွေ့သော စကားသံနှင့်အတူ သူရိန်ဖံ





နှင်းသက်ကြွေမျက်နှာလေးထက် မျက်ရည်များကို သူ့ပါးပြင်ချော ချောကြီးနှင့် ဖယ်ရှားပွတ်သုတ်ပေးရင်းက ဆိုလိုက်သည်။

"မောင်ရယ်…ကြွေ့ရင်မှာ မဖြေနိုင်လွန်းလို့ပါရှင်၊ ဒေါ်ဒေါ်က ကြွေ့ကို တက္ကသိုလ်ကျောင်းသူကြီး သိပ်ဖြစ်စေချင်တာ၊ ခုတော့ ကြွေ တက္ကသိုလ်ကျောင်းသူကြီးအဖြစ်နဲ့တောင် ဒေါ်ဒေါ် မမြင်သွားရရှာဘူး၊ အဟင့်…ဟင့်"

"တိတ်ပါ ကြွေရယ်၊ ဒေါ်ဒေါ်ဖြစ်စေချင်တဲ့အတိုင်း ကြွေ ကြိုးစားရင် ဒေါ်ဒေါ်က ကျေနပ်မှာပါ၊ ကြွေ ဒီလိုပဲနေရင် ကြာရင် ကြွေ့ကျန်းမာရေး ထိခိုက်လိမ့်မယ်၊ ဒါကြောင့် မောင့်စကားကို နားထောင်ပြီး ကြွေ အနားယူလိုက်နော်၊ ဟုတ်ပြီလား"

သူရိန်ဖံ နှင်းသက်ကြွေကို ချော့ချော့မော့မော့လေး ဆိုလိုက်သည်။

နှင်းသက်ကြွေထံမှ ရှိုက်သံလေးတွေ သိသိသာသာ တိုးတိတ်သွား၏။

"မောင်"

"ပြောလေ ကြွေ၊ ဘာပြောမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြွေ့ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့နော်"

"ကြွေရယ်"

"ဟင်း"

တစ်ယောက်တည်း အားငယ်ဝမ်းနည်းနေရှာသည့် ချစ်သူကို သူရိန်ဖုံ ဘယ်လိုမှ မျက်နှာလွှဲမသွားရက်နိုင်တော့ပါ။

သနားစိတ်၊ ကြင်နာစိတ်၊ ယုယမြတ်နိုးစိတ်တွေနှင့် သူရိန်ဖုံ နှင်းသက်ကြွေကိုယ်လေးကို ခပ်တင်းတင်းလေး ပွေ့ဖက်ဖျစ်ညှစ်လိုက်ပြီး…

"ကြွေ"

နှင်းသက်ကြွေကိုယ်လေးကို သူနှင့် မျက်နှာချင်းဆိုင်စေလျက် ခေါ်လိုက်သည်။

ထိုအခါ နှင်းသက်ကြွေ၏ အကြည့်လေးတွေ သူ့ထံရောက်ရှိလာ၏။

"ဘာဖြစ်လို့ အားငယ်စကားတွေ ဆိုနေရတာလဲ ကြွေ၊ ကြွေ့ဘဝအတွက် ကြွေ့ရှေ့မှာ မားမားမတ်မတ်ရပ်တည်ပေးမယ့် မောင်တစ်ယောက်လုံးရှိနေတာ ကြွေ ဘာလို့ ဒီစကားတွေ ပြောနေ





ရတာလဲ၊ ဒီမှာ မောင့်ကိုကြည့်စမ်း ကြွေ၊ ကြွေ မောင့်ကိုချစ်တယ်၊ အားကိုးတယ်မဟုတ်လား"

နှင်းသက်ကြွေမှာ ခေါင်းလေးညိတ်ကာ ကြွေ့လက်ကလေးတွေက သူရိန်ဖုံကိုယ်ကြီးကို မမိုမကမ်း ဖက်တွယ်လာပြီး…

"ကြွေ့ဘဝမှာ ကြွေချစ်ရမယ့်သူ၊ ကြွေ အားကိုးရမယ့်သူဆိုလို့ မောင်တစ်ယောက်တည်းပဲ ရှိပါတော့"

"ဒါနဲ့များ ကြွေ၊ ဟိတ် မျက်ရည်တွေ မကျနဲ့လေ၊ မောင့်ကိုချစ်တယ်၊ အားကိုးတယ်ဆိုရင် မောင့်စကားကို နားထောင်ဟုတ်လား၊ ကြွေ အခု အရမ်းပင်ပန်းနေတယ်၊ ကြွေ့ကျန်းမာရေးအတွက် အနားယူရမယ်၊ ဒါကြောင့် ကြွေ မောင့်စကားကို နားထောင်ပြီး အနားယူလိုက်နော်"

ပြောလည်းပြော နှင်းသက်ကြွေကိုယ်လေးကို ဖေးမကာ အခန်းထဲသို့ သူရိန်ဖုံ ခေါ်လာခဲ့၏။

အခန်းထဲရောက်တော့ နှင်းသက်ကြွေက သူမကိုယ်လေးအား ဖက်တွယ်ထားသည့် သူရိန်ဖုံလက်တွေကို ဖယ်ရှားလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"မောင် သွားတော့နော်"

"ဘာဖြစ်လို့လဲ ကြွေ၊ ကြွေအိပ်မှ မောင်သွားမယ်လေ"

အခြေအနေအရပ်ရပ်ကို ဘာမှမသိနားမလည်သော ချစ်သူမောင်လူချောကို နှင်းသက်ကြွေ ရင်မောစွာ ကြည့်ကာ သက်ပြင်းချလိုက်သည်။

"ကြွေရယ်…ဘာဖြစ်လို့ သက်ပြင်းချနေရတာလဲ၊ ကြွေ ဘာဖြစ်နေလို့လဲဟင်"

"ကြွေ့ကို အခုလို ဂရုစိုက်တဲ့မောင့်ကို ကြွေ ကျေးဇူးတင်ပါတယ် မောင်၊ ဒါပေမဲ့ ခုချိန်မှာ ကြွေတို့ဘက်က အခြေအနေကို နားလည်ရမယ်လေ"

"ကြွေ ဘာကိုပြောတာလဲ"

နှင်းသက်ကြွေကိုယ်လေးကို ဖွဖွထွေးဖက်ရင်း ပါးချင်းကပ်လိုက်သည်။

မျက်ရည်လေး မခြောက်တခြောက် မျက်တောင်လေးတွေက စိုကပ်ကပ်နှင့် ကြွေက သူ့ရင်ခွင်ထဲမှနေ မော့ကြည့်လာကာ…





"ခုချိန်မှာ ကြွေ့ဘဝက မေမေကြီးတို့ကို ပိုပြီး အမှီပြုနေထိုင်ရမယ့် ဘဝပါမောင်၊ မောင် အခုလို ကြွေ့ဆီရောက်နေတာကို မေမေကြီးသိသွားရင် ကြွေ့ကို ကြွေ့ကို မေမေကြီးက"

ပြောရင်း မျက်ရည်တွေ စီးကျလာရသည်။ သူရိန်ဇံ ထိုအခါမှ ကြွေ ဘာပြောချင်သည်ကို သဘောပေါက်နားလည်သွားကာ…

"မောင်နားလည်ပြီ ကြွေ၊ ကြွေ အဲဒီအတွက် စိတ်ပူနေတာဆိုရင် ဒီနေ့ကစပြီး မပူနဲ့တော့"

"ရှင်"

နားမလည်နိုင်သော အကြည့်နှင့် မျက်ဝန်းလှလှလေးကို သူရိန်ဇံ ချစ်လွန်းမက ချစ်ရည်တောက်ပစိုလက်နေသော မျက်ဝန်းများဖြင့် ပြန်ကြည့်ကာ…

"အဟွန်း…ကြွေ အံ့သြသွားလား"

"မောင် ဘာပြောလိုက်တာလဲဟင်"

"မောင်တို့အကြောင်းကို မေမေ သိသွားပြီ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် နှင်းသက်ကြွေကိုယ်လေး လေဟာနယ်ကြီး တစ်ခုထဲ ရောက်သွားရသလို…

ဘုရားရေ။

ကြွေ နားကြားများ လွဲလေသလား။ မောင် မောင် ကြွေ့ကို ဘာ ပြောလိုက်တာပါလိမ့်။ မောင်နှင့်ကြွေ့အကြောင်း အိမ်ရှင်မေမေကြီး သိသွားပြီတဲ့လား။

"မောင်"

"ဟင်"

"အခုပြောနေတာ တကယ်ပြောတာလား မောင်၊ မေမေကြီး မောင်နဲ့ကြွေ့အကြောင်းကို သိသွားပြီဆိုတာ မောင်တကယ် ပြောနေတာလား"

စိတ်လှုပ်ရှားလွန်းသဖြင့် နှင်းသက်ကြွေ အသံလေး တုန် နေသည်။

သူရိန်ဖုံ ကြွေ့အဖြစ်ကို နားလည်စွာ ကြွေ့ကိုယ်လေးကို တင်းတင်းလေး ပွေ့ဖက်လိုက်ပြီး…

"ဘာလို့ ဒီလောက် စိတ်တွေလှုပ်ရှားနေရတာလဲ ကြွေ၊





တစ်နေ့မဟုတ်တစ်နေ့ မေမေက မောင်တို့ကိစ္စကိုသိမှာပဲ၊ အနေးနဲ့ အမြန် ဆိုသလိုသာ ကွာတာပါ"

သူရိန်ဖုံ ရင်ခွင်ကျယ်ကြီးထဲ ကျောက်ရုပ်လေးလို နှင်းသက်ကြွေ ငြိမ်ကျသွားသည်။

သူရိန်ဖုံ ကြွေ့မျက်နှာလေးကို သူ့လက်နှင့် ညှပ်ယူမတင် လိုက်ပြီး မျက်နှာလှလှလေးမှ နှုတ်ခမ်းဖူးဖူးလေးကို သူ့နှုတ်ခမ်း အစုံနှင့် ဖွဖွတို့ထိ နမ်းရှိုက်လိုက်သည်။

"ခုချိန်မှာ မောင်တို့အတွက် အပြေမရှိတော့ဘူးကြွေ၊ ဒါကြောင့် ခုချိန်မှာ ကြွေ့ဘက်က မောင့်စကားကို နားထောင်ဖို့ လိုတယ်"

"ကြွေတို့…ကြွေတို့ ဘာလုပ်ကြမလဲ မောင်၊ မေမေကြီး ကို ကြွေ ကြောက်တယ်၊ ပြီးတော့ ကြွေက မေမေကြီးတို့ကို အားကိုးနေရတဲ့သူ၊ ခု ကြွေ့ဘဝမှာ ကြွေအားကိုးရတဲ့ ဒေါ်ဒေါ် လည်းမရှိတော့ဘူးဆိုတော့ ကြွေ့ဘဝတော့ မတွေးဝံ့တော့ပါဘူး မောင်ရယ်၊ အဟင့်…ဟင့်…ဟင့်"

နှင်းသက်ကြွေထံမှ ငိုရှိုက်သံလေးက သူရိန်ဖုံနှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ကို သံပုရည်နှင့် လောင်းချလိုက်သလို ခံစားလိုက်ရ၏။

သူ့အကြည့်တွေ မျက်ရည်တွေနှင့် တသိမ့်သိမ့်ငိုနေရှာသော နှင်းသက်ကြွေထံ တစိုက်မတ်မတ် ကျရောက်လျက်။

သူရိန်ဖံတွင် ဆုံးဖြတ်ချက်တွေရှိနေတာကို ကြွေ ဘာကြောင့် မသိရတာပါလိမ့်။

မျက်ရည်တွေနှင့် စိုလူးနေသော မျက်တောင်ရှည်ထူထူ စိပ်စိပ်တွေကို ကြည့်ပြီး သူရိန်ဖံရင်ထဲ လှုပ်ရှားလာကာ ချစ်မြတ်နိုးစွာ သူပြုံးလိုက်၏။

ကြွေက သူ့နှလုံးသားကို ထာဝစဉ် နွေးထွေးလှုပ်ရှားစေနိုင်သူလေးပါလားဆိုသော အသိနှင့် သူ့ရင်ခုန်သံတွေ မြန်လာရသည်။

"မငိုနဲ့ကြွေ၊ မောင် ဆုံးဖြတ်ပြီးပြီ၊ မောင် ကြွေ့ကို လက်ထပ်မယ်"

"ရှင်"

မျက်ရည်တွေနှင့် ကြွေ့အကြည့်က သူ့ထံရောက်လာသည်။

စိုးမိုး ၈၁၄၀



"မောင် ဘာပြောလိုက်တာလဲဟင်"

"ကြွေ့ကို မောင်လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"အို"

နှင်းသက်ကြွေမှာ ထိတ်လန့်သွားသည်။ ဒီနောက် မယုံရဲရဲ အကြည့်တွေနှင့် သူ့ကိုကြည့်လိုက်ပြီး...

"ကြွေ့ကို ဒီလိုစကားနဲ့ အားမပေးလည်းရပါတယ် မောင်၊ မောင့်အချစ်ကို ကြွေ ယုံထားပြီးသားပါ"

အရိုးခံမလေး နှင်းသက်ကြွေစကားကြောင့် သူရိန်ဖံရင်မှာ ပို၍ထိခိုက်သွားသည်။

"ကြွေရယ်...မောင်တို့ အမြန်ဆုံး လက်ထပ်ကြမယ် ဟုတ်လား"

"မောင်"

"ရှုး...မောင်ပြောတာ သေချာနားထောင်၊ ကြွေလည်း သိတဲ့အတိုင်း မေမေက မောင်တို့ချစ်ခြင်းကို ဘယ်လိုမှ ခွင့်ပြုမှာ မဟုတ်ဘူး၊ ခုဆို မောင်လည်း ကျောင်းပြီးပြီ၊ မိန်းမတစ်ယောက် ကိုတော့ မောင် ရှာကျွေးနိုင်ပါပြီ၊ ဒီတော့ ကြွေ ဒီအိမ်ကြီးကနေ

စိုးမိုး ၈၁၄၀

www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံး ထွက်သွားတော့"

"ရှင်…ကြွေက"

"ဟိတ်…မောင်ပြောတဲ့စကား ဆုံးအောင်နားထောင်ဦးလေကွာ၊ မောင်ပြောတာက ကြွေ ဒီအိမ်ကြီးက ထွက်လာတဲ့နေ့မှာပဲ ကြွေနဲ့မောင် လက်ထပ်ကြမယ်"

"ဖြစ်ပါ့မလားဟင်၊ မေမေကြီးက ကြွေ ထွက်သွားတာကို ခွင့်ပြုပါ့မလား၊ ကြွေတော့ ကြောက်တယ်"

အိမ်ကြီးရှင် ဒေါ်မမကြီးကို နှင်းသက်ကြွေ တကယ်ကြောက်နေသည်။

"ကြောက်တဲ့စိတ်ကို ခဏဖယ်ပြီး သတ္တိမွေးစမ်းပါကြွေ၊ ကြွေ မောင်ပြောသလိုမှ မလုပ်ဘူးဆိုလည်း မေမေက ကြွေ့ကို တခြားပို့ပစ်တော့မှာ"

"ဟင်…ကြွေ့ကို တခြားပို့ပစ်မယ် ဟုတ်လား မောင်"

"ဟုတ်တယ်၊ မေမေ့စိတ်ကို မောင် ကောင်းကောင်းသိတယ်၊ မောင့်အပေါ်မှာ မေမေက သိပ်ပြီးမျှော်လင့်ချက်တွေ ထားခဲ့တာ၊ ပြီးတော့ မောင့်ဘဝကို မေမေက သူ့စိတ်ကြိုက် စီမံချင်တာ





လေ၊ ခုဆို မောင့်ကို မေမေက တခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ အမြန်ဆုံး စီစဉ်နေကြပြီ"

"အို"

အားငယ်ဝမ်းနည်းရစိတ်တွေက နှင်းသက်ကြွေရင်မှာ ပို၍တိုးသွားသည်။

နှင်းသက်ကြွေဘဝက ချစ်သောသူတွေနှင့် တစ်ယောက်ပြီးတစ်ယောက် ခွဲခွာရတော့မည်လား။

ရင်မှာ ထိထိခိုက်ခိုက်နှင့် နာကျင်စူးနစ်သွားသည်။ ကြွေ မောင့်ကို ဘယ်လိုမှမခွဲနိုင်။ မောင့်ကို ကြွေ ချစ်သည့်အချစ်က နှလုံးသားတွေ စုပုံကာ နှင့်သည်းနက်ရှိုင်းစွာ ချစ်ခဲ့သည့်အချစ်။

မောင့်အတွက် ပေးဆပ်စရာ ဘာဂုဏ်ဓနမှ မရှိပေမယ့် မောင့်ကို ပေးဆပ်ချင်သည့် အချစ်ကတော့ ကြွေ့နှလုံးသားတွေ ဆယ်ခါပြန်ပေးဆပ်နိုင်သော အချစ်ဖြစ်သည်။

"ကြွေ မောင်ပြောတာ ကြားရဲ့လား"

"ရှင်…မောင်"

"ကြည့်…ဒီကောင်မလေး ဘာတွေတွေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ကြွေ"

"ကြွေ…ကြွေ မောင်နဲ့မခွဲနိုင်ဘူး၊ မောင်နဲ့ခွဲရရင် ကြွေ သေလိမ့်မယ်ထင်တယ်"

"အဟွန်း…မိချွဲလေး၊ အဲဒါကြောင့် ခင်ဗျားလေးကို ကျုပ်ကလည်း မခွဲရအောင် ပြောနေတာပေါ့၊ ကြွေ မနက်ဖြန် ဒီအိမ်ကထွက်ခဲ့"

"ဖြစ်ပါ့မလား မောင်"

"မောင့်ကိုချစ်တယ်၊ မခွဲချင်ဘူးဆို"

"အင်း"

နှင်းသက်ကြွေ ခေါင်းလေးညိတ်လိုက်သည်။ သူ့ရိန်ဖံ့မှာ မချင့်မရဲဖြစ်သွားရသလို ကြွေ့လည်တိုင်နုနုလေးကို တစ်ချက်နမ်း ရှိုက်လိုက်ပြီး…

"ကြွေ့ကို ပြောထားတဲ့နေရာမှာ မောင် စောင့်နေမယ်၊ ကြွေ ထွက်ခဲ့နော်၊ မောင်တို့ဘဝကို နှစ်ယောက်အတူတူ တည်ဆောက်ကြမယ်လေ၊ အဲဒီအတွက် မောင်တို့ကြားမှာ အခက်





အခဲ အန္တရာယ်တွေတော့ ရှိကောင်းရှိလာနိုင်လိမ့်မယ်၊ ဒါပေမဲ့ အဲဒါတွေအားလုံးကို မောင်တို့အချစ်တွေနဲ့ ဖြတ်ကျော်ရလိမ့်မယ်၊ မောင်ပြောတာ နားလည်တယ်မဟုတ်လား ကြွေ"

"ဟုတ်ကဲ့ပါ မောင်၊ ကြွေ နားလည်ပါပြီ"

"အေးဗျ…နားလည်ရုံနဲ့ မပြီးသေးဘူး"

"ရှင်"

"ဒီကောင်မလေး မောင့်ကို ပေဘာဒီလိုချစ်ဖို့လည်း ကျန်သေးတယ်"

"အို…မောင်"

"အဟွန်း…ဟွန်း…ဟွန်း"

"ကြွေရယ်"

စကားသံလေးတွေ ငြိမ်သက်သွားရကာ နှင်းသက်ကြွေ နေထိုင်ရာ အလုပ်သမားအိမ်လေးသည်လည်း တိတ်ဆိတ်သွား သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"စိတ်ညစ်လိုက်တာနော်၊ ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ရမလဲ မသိတော့ပါဘူး"

လက်မှနာရီလေးကို တစ်ချက်ကြည့်ပြီး နှင်းသက်ကြွေ နှုတ်မှ အသံထွက်အောင် ညည်းလိုက်မိသည်။

ဒီနေ့ ကြွေ့ဂျူတီ။

ပြီးတော့ အရေးကြီးသည့် လူနာတစ်ယောက်ကို ဒေါက်တာနှင်းသက်ကြွေ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ သူရိန်ဖုံနှင့်အတူ ကူ၍ ခွဲရပေဦးမည်။

ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် ကြွေ စီးလာသည့်ကား က ဘာဖြစ်ဖောက်သည်မသိ။ အိမ်က မောင်းလာတုန်းက ကောင်းပြီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါရက်နဲ့ လမ်းရောက်မှ ကားက သူ့အလိုလို ထိုးရပ်သွားသည်။

ဂျူတီဝင်ရမည့်အချိန်ကလည်း နီးနေပြီ။ ကားက ဘယ်လိုမှ စက်နှိုးလို့မရ။

ခက်ပြီ။ ကြွေ ကားအကြောင်း ဘာမှနားမလည်။ အနီးအနား ပတ်ဝန်းကျင်ကို အကူအညီတောင်းရအောင်ကလည်း လူက တစ်ယောက်မှမရှိ။ ကားအသွားအလာကလည်း နည်းသည်။

ဟင်း။

စိတ်ညစ်ညူးဟန်လေးနှင့် သက်မလေးချလိုက်မိသည်။ နှင်းသက်ကြွေမှာ ကားပေါ်ကဆင်းကာ ပတ်ဝန်းကျင်တွင် အကူအညီရလိုရငြား ကြည့်လိုက်သည်။

"ဟော…ဟိုမှာ ကားတစ်စီးလာနေပြီ၊ အင်း ဘာပဲဖြစ်ဖြစ် လာတဲ့ကားကိုပဲ အကူအညီတောင်းရတော့မယ်"

အတွေးနှင့် နှင်းသက်ကြွေ အဝေးမှလာနေသည့် ကားတစ်စီးကို သူမလက်လေးပြကာ တားလိုက်သည်။

ကြွေ တား၍ထင် ကားလေးက အရှိန်လျှော့ကာ ကြွေ့





အနားရပ်သွား၏။

နှင်းသက်ကြွေကားနားသို့ ခြေလှမ်းသွက်သွက်လေးနှင့် လျှောက်သွားကာ…

"ဒီမှာရှင့်…ကျွန်မက ဘာဖြစ်"

"ဟင်"

စကားကိုပင် ဆုံးအောင် နှင်းသက်ကြွေ မပြောလိုက်ပါ။ ကားမောင်းသူနေရာတွင် တွေ့လိုက်ရသည့် ဒေါက်တာသူရိန်ဇံကြောင့် မျက်နှာပျက်သွားကာ…

"ဆောရီး…ရှင့်ကားမှန်းမသိလို့"

ပြောပြီး နှင်းသက်ကြွေ သူမကိုယ်လေးကို တခြားသို့လှည့်သွား၏။

ဒေါက်တာသူရိန်ဇံ ကြွေ လုပ်နေသမျှကို ဘာမှမပြောဘဲ မျက်ဝန်းညိုကြီးတွေနှင့်သာ ကြည့်နေသည်။

ရင်ထဲမှာတော့ ကြွေကြောင့် ကြေကွဲနာကျင်နေသည်။ ဒီနောက် ဒေါက်တာသူရိန်ဇံ ကားပေါ်မှဆင်းကာ…

"ကားဘာဖြစ်တာလဲ ကြွေ"



www.burmeseclassic.com

www.burmeseclassic.com



ကြွေ့အနားသို့ လျှောက်သွားပြီး မေးလိုက်၏။

သူနှင့် မဆုံချင်ပါမှ လာဆုံရသည့်အဖြစ်မို့ နှင်းသက်ကြွေ ရင်မောသွားသည်။

နှင်းသက်ကြွေ မျက်ဝန်းရွဲကြီးတွေနှင့် အကြည့်ကို တခြားသို့ လွှဲထားလိုက်ပြီး…

"ရှင် သွားပါ"

"မောင်မေးတာ ကားဘာဖြစ်တာလဲလို့ မေးနေတာ ကြွေ"

သူ့စကားသံကြောင့် နှင်းသက်ကြွေ နှုတ်ခမ်းဖူးဖူးလေးကို ပြတ်ထွက်လုမတတ် ဖိကိုက်ကာ…

"ရှင် ကျွန်မကို ဒီစကားသံမျိုးနဲ့ မပြောပါနဲ့၊ ခုချိန်မှာ ရှင်နဲ့ကျွန်မ ဘာမှမပတ်သက်တော့ဘူး"

"အပွန်း…ဟုတ်လား"

မျက်နှာလှလှ တင်းတင်းလေးနှင့် နှင်းသက်ကြွေကို ကြည့်ပြီး ဒေါက်တာသူရိန်ဇံရင်မှာ မချို၊ နာကျင်စွာနှင့် စကားသံက ခပ်ပြတ်ပြတ်ထွက်သွားသည်။

စိုး၊ မိုး၊ ၈၁၄၅



ဒီနောက် ဒေါက်တာသူရိန်ဇံ ကြွေ့ကို ဘာစကားမှမဆိုတော့ဘဲ ကြွေ့ကားကို လိုအပ်တာများ ကြည့်ရှုစစ်ဆေးလိုက်သည်။

နှင်းသက်ကြွေ သူ့အပြုအမူတွေကြောင့် ဒေါသလေးများ ဖြစ်သွားပြီး…

"ဒီမယ်…ရှင့်ကို ကျွန်မပြောနေတယ်လေ၊ ရှင်သွားပါဆိုတာ"

ကြွေ စကားဆိုနေပေမယ့် ဒေါက်တာသူရိန်ဇံကတော့ ဂရုမစိုက်။ မကြားသလို သူလုပ်စရာရှိတာကိုသာ ဆက်လုပ်နေသည်။

"ဒီမှာရှင့်…ဒီမှာ ကျွန်မပြောနေတာ ရှင်ကြားရဲ့လား၊ ရှင့်လိုလူဆီက အကူအညီကို ကျွန်မ မယူချင်ဘူး"

"မယူချင်လို့မရဘူး၊ မင်းကားက စက်ပိုင်းကဖြစ်သွားတာ၊ ဒီတော့ မင်းကားကို ဒီမှာခဏထားခဲ့ရလိမ့်မယ်၊ ပြီးမှ အလုပ်သမားကို မောင်းလာယူခိုင်းလိုက်မယ်၊ ခုတော့ ဂျူတီချိန်ကလည်းနီးနေပြီ၊ မင်းရော မောင်နဲ့အတူ ဝင်ရမှာမဟုတ်လား၊ အချိန်မရှိတော့ဘူး၊ မောင့်ကားနဲ့ လိုက်ခဲ့"

စိုး၊ မိုး၊ ၈၁၄၅

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ ကျွန်မ ကားငှားသွားမယ်"

"ဒီနေရာမှာ ကားငှားလို့ လွယ်နေရင် မင်းကို မောင် ခုလိုတောင် တွေ့ရမှာမဟုတ်ဘူး"

စိတ်ညစ်လွန်းသဖြင့် နှင်းသက်ကြွေ ဘာစကားမှမဆိုချင်တော့။ အချိန်ကို ကြည့်လိုက်တော့လည်း မရှိတော့။

တာဝန်ချိန်မှာ ကြွေ့ဘက်က နောက်မကျချင်သည်မို့ နှင်းသက်ကြွေ မျက်နှာလေးမဲ့မဲ့နှင့်ပင် ဒေါက်တာသူရိန်နှံ့ကားပေါ် တက်လိုက်ရသည်။

ကြွေ့ရင်ထဲကို လှမ်းမြင်နေရသည့် ဒေါက်တာသူရိန်နှံ့မှာ မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

သူ့အပြုံးကိုမြင်တော့ နှင်းသက်ကြွေရင်မှာ မခံချင်အောင် ဖြစ်သွားသည်။

ခက်တာက ကြွေ သူ့ကားပေါ်ရောက်နေလေပြီ။ ဒေါက်တာသူရိန်နှံ့ မောင်းသော ကားလေးက တရိပ်ရိပ်ပြေးလျက်။

ဒေါက်တာသူရိန်နှံ့ ကားနောက်မှန်မှတစ်ဆင့် နောက်ခန်းထဲတွင် ထိုင်နေသော နှင်းသက်ကြွေမျက်နှာလေးကို လှမ်းကြည့်





ကာ...

"ကြွေ...မောင့်ကို ပြောစရာစကား ရှိနေသေးလား"

သူ့စကားက အဓိပ္ပာယ်တစ်မျိုးမို့ နှင်းသက်ကြွေ သူမ မျက်နှာလေးကို ပျက်မသွားရအောင် ထိန်းရင်း...

"ဒေါက်တာ ဘာကိုပြောတာလဲ"

"ကြွေ တစ်ခုခု မောင့်ကိုညာထားတယ်ဆိုတာ မောင်သိတယ်"

သူဘာကိုပြောချင်တာပါလိမ့်။ ကြွေ သူ့ကားကို စီးလာမိတာ မှားပြီလားမသိပါ။

"သမီးရော နေကောင်းလား"

"ဟင်"

သူ့နှုတ်က သမီးဆိုသော ခေါ်သံကြောင့် နှင်းသက်ကြွေ နှုတ်ခမ်းလေး ဖွင့်ဟသွားရကာ ရင်မှာနာကျင်သွား၏။

ကြွေ့သမီးသည် သူနှင့်ဘာမှမဆိုင်။ ဒါကို သူမသိလေရော့သလား။

"ကျွန်မသမီးကို ကျေးဇူးပြုပြီး သမီးလို့မခေါ်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ"

"ခုသမီး ဘယ်အရွယ်ရောက်နေပြီလဲ ကြွေ"

"ရှင်"

ကြွေ့စကားကို အရေးမထားသလို မေးလိုက်တာကြောင့် နှင်းသက်ကြွေ ဒေါသစိတ်တို့ မွန်သွားသည်။

"ရှင့်ကားကို ခုချက်ချင်း ရပ်လိုက်ပါ"

"အဟွန်း…ဟွန်း…ဟွန်း"

ဒေါက်တာသူရိန်နဖံမှာ ရင်နာသော မဲ့ပြုံးဖြင့် ရင်မှာမချိစွာ ရယ်လိုက်သည်။

"မောင့်ရင်ထဲက ခံစားမှုတွေကိုရော ကြွေ နားလည်ရဲ့လား"

"အို…မသိဘူး၊ နားလည်းမလည်ဘူး၊ ကားကိုသာ ခုရပ်ပေးပါ"

ဒေါက်တာသူရိန်နဖံ အံကိုတင်းတင်းကြိတ်လိုက်ပြီး…

"မောင့်စကားကို ကြွေ သေချာနားထောင်ပါ၊ မောင့်သမီးကို မောင် တွေ့ချင်တယ်"





"ဟင်"

နှင်းသက်ကြွေ ဘယ်လိုမှ ဟန်ဆောင်၍မရနိုင်တော့။

"ရှင့်ကားကို ခုရပ်မလား မရပ်ဘူးလား ဒါပဲပြောပါ"

"ဘာမှပြောစရာမလိုဘူး"

ဆိုရင်း ကားကို လမ်းဘေးတစ်နေရာသို့ ဒေါက်တာသူရိန်နဖံ ထိုးရပ်လိုက်သည်။

နှင်းသက်ကြွေမှာ အံ့သြနေစဉ်မှာပင် ဒေါက်တာသူရိန်နဖံက ကြွေရှိရာ ကားနောက်ခန်းတံခါးကို ဖွင့်လျက် သူမအနား ဖျတ်ခနဲ ဝင်ထိုင်လိုက်ပြီး…

"ရှင်ဘာလုပ်တာလဲ"

"ကြွေရယ်"

"အို…အို"

ရင်မှာ နာကျင်လွန်းမက နာကျင်မှုတွေကြောင့် ဝေဒနာတွေ မခံစားနိုင်တော့သလို ဒေါက်တာသူရိန်နဖံ နှင်းသက်ကြွေကိုယ်လေးအား ဆွဲယူပြီး သိမ်းကျုံးဖက်ပစ်လိုက်သည်။

"ရှင်…လွှတ်…လွှတ်"



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်နော်"

မွှန်းမွှန်းကျပ်ကျပ် ဖြစ်သွားသည့် အတွေ့အထိ အနမ်းအရှိုက်တွေကြောင့် နှင်းသက်ကြွေ သူ့ရင်ခွင်ထဲက အားရှိသလောက် ရုန်းလိုက်သည်။

"ခုချိန်မှာ မောင် ဘာကိုအကြောက်ဆုံးလဲ ကြွေသိလား"

နှင်းသက်ကြွေ စကားမဆိုပါ။ သူ့ရင်ခွင်ထဲက ရုန်းထွက်ရင်း မျက်နှာကို တစ်ဖက်သို့ လွှဲသွားသည်။

ဒေါက်တာသူရိန်နှံ့ ရင်မှာ မချိစွာနာသွားရပြီး...

"ကြွေ့ကို ထပ်ပြီးဆုံးရှုံးသွားမှာ မောင် ကြောက်နေတယ်၊ ပြီးတော့ သမီး"

"ရှင်ဘာတွေပြောနေတာလဲ ဒေါက်တာ၊ ကျွန်မ လက်ထပ်ပြီးပြီလို့ ရှင့်ကိုပြောနေတယ်မဟုတ်လား"

"မောင် မယုံဘူး၊ ဒါ ကြွေ မောင့်ကို စိတ်နာလို့ တမင် ပြောနေတာ မဟုတ်လား၊ ကြွေရယ် မောင်တောင်းပန်ပါတယ်၊ မောင်တို့ ဒီလောက် နှစ်တွေအကြာကြီးခွဲခဲ့ပြီးပြီ၊ ထပ်ပြီး ကြွေ မခွဲပါရစေနဲ့တော့၊ ပြီးတော့ ကြွေရဲ့ တစ်ဖက်သတ် အထင်လွဲမှု





တွေကိုလည်း မောင့်ကို ရှင်းပြခွင့်ပြုပါ၊ မောင် ကြွေနဲ့ ထပ်ပြီး အဝေးမခံနိုင်တော့ဘူး၊ မဝေးပါရစေနဲ့တော့ ကြွေရယ်"

စကားတွေကို ဆိုရင်းက ဒေါက်တာသူရိန်နှံ့ နှင်းသက်ကြွေ၏ လည်တိုင်နုနုလေးနှင့် ရင်ညွှန့်ဝင်းဝင်းလေးဆီသို့ သူ့အနမ်းတွေက အဆက်မပြတ် ရောက်ရှိနေသည်။

ကြွေ ရုန်းကန်မှုတွေ အရာမရောက်မှန်း သိသည်မို့ နှင်းသက်ကြွေ မျက်ဝန်းလေးကို မှိတ်ကာ မာန်လျှော့ထားရ၏။

ရင်ထဲမှာတော့ ဒေါသတွေက မီးတောင်ကြီးတစ်ခုလို ပေါက်ကွဲနေရပြီ။

"ကြွေ"

"ရှင် လွှတ်ပါ"

"မောင့်ကိုကတိပေးပါ ကြွေ၊ ကြွေ မောင့်ကို ခွဲမသွားပါဘူးဆိုတာ"

"ရှင်ဘယ်လိုလူလဲ ဒေါက်တာ၊ ကျွန်မမှာ အိမ်ထောင်ရှိတယ်လို့ ရှင့်ကိုပြောနေတယ် မဟုတ်လား၊ သူများသားမယားကို ပြစ်မှားရင် ဘာဖြစ်မယ်ဆိုတာတော့ ရှင်သိပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို နှင်းသက်ကြွေ သူ့ရင်ခွင်ထဲက ရှန်းထွက်ရင်း ဆိုလိုက်သည်။

"အဟွန်း…ဟွန်း…ဟွန်း ကြွေရယ်"

"ရှင်ဘာရယ်တာလဲ"

ကြွေ့ပုံစံက တစ်စုံတစ်ရာအတွက် မလုံမလဲဖြစ်သွားရသလို။

"မောင်သိတာပေါ့ ကြွေ၊ သူများသားမယားကို ပြစ်မှားရင် ဘာဖြစ်မယ်ဆိုတာ မောင် ကောင်းကောင်းကြီးသိတာပေါ့၊ ဒါပေမဲ့ ကြွေက သူများမဟုတ်ဘူးလေ၊ မောင်ချစ်လို့ မြတ်နိုးလို့ လက်ထပ်ထားခဲ့တာ မောင့်ရဲ့မယားပဲဟာ"

"အို"

"ကြွေ အမှတ်ရမယ်ဆိုရင် မောင်တို့နှစ်ယောက် ခုချိန်ထိ မကွာရှင်းကြရသေးသလို မောင့်သမီးက ကြွေ့ဆီမှာရှိနေတာ သက်သေပဲလေ"

"ဟင်"

"ရှင်…ရှင်"

ဝိုးမိုး ၈၁၄ပ



တုံ့ဆိုင်းသွားသည့် ကြွေ့အနေအထားလေးကို ကြည့်ပြီး ဒေါက်တာသူရိန်နှံ့ နှလုံးသား လှုပ်ရှားငြိမ့်မြူးသွားရင်း…

"ကြွေရယ် မောင့်ကို မလိမ်ညာချင်စမ်းပါနဲ့ဗျာ၊ မောင့်ရင်ခွင်ထဲကို ပြန်လာခဲ့ပါလား ကြွေရယ်၊ မောင် ကြွေနဲ့ မခွဲချင်တော့ဘူး၊ မခွဲပါရစေနဲ့တော့"

"အို…ဒေါက်တာ"

ကြွေ ဟန့်တားချိန်မရလိုက်ပါ။

အနမ်းပွင့်လေးတွေကို ဒေါက်တာသူရိန်နှံ့ သူ့စိတ်ကြိုက် စီခြယ်သီကုံးနေတော့သည်။

◆ ◆ ◆

ဝိုးမိုး ၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"မောင်"

"မောင်"

"အင်း"

"ထကွယ်၊ မျက်နှာသစ်ရအောင်၊ ပြီးရင် မောင့်အတွက် ကော်ဖီနဲ့ ထမင်းပူပူလေး ကြော်ထားတယ်၊ မောင်ကြိုက်တယ် မဟုတ်လား"

ကြွေ အိပ်ရာပေါ်မှ မောင့်ကိုယ်ကြီးကို သူမအားလေးနှင့် ဆွဲထူရင်းက ပြောလိုက်သည်။

သူရိန်ဖ မျက်ဝန်းများ မဖွင့်ပါ။ မျက်ဝန်းများကို မှိတ်ထားဆဲက သူ့လက်အစုံက ကြွေ့ကိုယ်အိအိနွေးနွေးလေးကို တင်းတင်း



www.burmeseclassic.com

www.burmeseclassic.com



လေး ပြန်၍သိုင်းဖက်လိုက်သည်။

"အပျွန်း…ချစ်ရယ်"

"မောင်နော်၊ အိပ်ရာကမထဘဲနဲ့၊ လွှတ်ကွယ်"

မျက်နှာရဲရဲလေးနှင့် ရှက်အားပိုစွာ သူ့ရင်ခွင်ထဲက ရုန်းထွက်နေသည့် ချစ်ဇနီးချောကို သူရိန်ဖုံမှာ ချစ်ရည်တွေစိုလူး နေသော မျက်ဝန်းများဖြင့် ပြုံးလဲ့လဲ့လေး ကြည့်လိုက်ပြီး…

"ပြောစမ်း ကောင်မလေး၊ ဘယ်အချိန်က မောင့်ဘေးနား က ထသွားတာလဲဆိုတာ"

"အဟင်း…မောင် အိပ်ရေးပျက်မှာစိုးလို့"

"ဒါနဲ့ပဲ မောင်မသိအောင် တိတ်တိတ်လေး ထသွား တယ်ပေါ့"

"အင်း"

ချစ်စဖွယ် အပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်တော့ ချစ်ဇနီးအပေါ် သူရိန်ဖုံ မချင့်မရဲဖြစ်သွားကာ…

"နောက်ဆို မောင်မသိဘဲ အစောကြီး ထမသွားရဘူး"

"မစောပါဘူး မောင်ရဲ့၊ ကြွေက အမြဲ ဒီအချိန်ထနေကြ





ပဲဟာ"

"ဟေး…ဟိတ် ခင်ဗျားက ခု အရင်ကနဲ့မတူတော့ဘူး ဆိုတာလည်း သတိရဦးလေဗျာ၊ ကြွေဆိုတဲ့ ဒီကောင်မလေးက ခု ဒေါက်တာသူရိန်ဖုံရဲ့ဇနီး ဖြစ်နေပြီလေကွာ၊ အရင်က ကြွေ ဘာပဲလုပ်ခဲ့လုပ်ခဲ့ အခုချိန်မှာ ကြွေ့ကို ဘာမှမလုပ်စေချင်ဘူး၊ ကြွေ့ကို မောင် အဲဒီလောက်ထိ ချစ်တယ်သိရဲ့လား"

ပြောရင်းက မချင့်မရဲ ဖြစ်လာရသလို သူရိန်ဖုံမှာ ချစ်ဇနီး နှာခေါင်းလေးကို ခပ်ဖွဖွဖျစ်ညှစ်လိုက်သည်။

ကြည်နူးခြင်းတွေနှင့် ချစ်သူမောင် ကိုလူချောကို ကြွေ ပြန်လည်သိုင်းဖက်ရင်းက…

"ကြွေလည်း မောင့်ကို သိပ်ချစ်ပါတယ်ရှင်"

"မောင့်ကို တကယ်ချစ်ရဲ့လား ကြွေ"

"အဲဒီစကား ကြွေကသာ မောင့်ကိုပြန်မေးရမှာပါ၊ မောင် သာ ကြွေ့အပေါ်"

"ကောင်မလေးနော် မောင်ဘယ်လောက်ချစ်တယ်ဆိုတာ ခုထိမသိသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား မောင်၊ အဟင်း…ဟင်း…ဟင်း"

"ကြည့်စမ်း…ဒါ မောင့်ကို လှောင်တာပေါ့လေ"

"ဒေါက်တာကြီးကို ကြွေ မလှောင်ရဲပါဘူးတဲ့ရှင်"

"ကဲကွာ…မလှောင်တဲ့ကောင်မလေး လာခဲ့"

"အို…မောင်"

သူရိန်နှဲ့ ချစ်ဇနီးလေးကို အားမလိုအားမရ ပိုက်ထွေးပြီး နမ်းရှိုက်လိုက်သည်။

"လွှတ်တော့ မောင်ရယ်၊ အသက်ရှူကြပ်တယ်"

"မောင့်ကို ချစ်တယ်လို့ပြော"

"မောင်နော် ဘယ်လိုဖြစ်တာလဲ၊ သိပ်ပိုတာပဲ"

"ဘယ်ကပိုရမှာလဲ၊ ချစ်တာဗျ"

"ကြွေကတော့ မောင့်ကို မချစ်တာကြနေတာပဲ"

"အဟွန်း…ဟွန်း၊ ဒါဖြင့် အစ်မကြီးက ချစ်တယ်ပေါ့"

"မောင်"

ကြွေ့နှုတ်ခမ်းလေး စူလာရတော့ သူရိန်နှဲ့ သဘောကျစွာ ရယ်မောရင်း…

စိုး:မိုး:၀၁၄၀



"မောင့်မိန်းမကတော့ကွာ၊ တကယ်ပဲ"

"မောင်နော် ကြွေက ဘာဖြစ်လို့လဲ"

"သိပ်ချစ်စရာကောင်းလို့"

"တော်ပါတော့ မောင်ရယ်၊ ကဲ မျက်နှာသစ်တော့နော်"

အနမ်းတစ်ချက်နှင့် ဆိုလိုက်လေမှ သူရိန်နှဲ့ ကျေနပ်သွားသလို အပြုံးတွေနှင့် ရေချိုးခန်းထဲသို့ ဝင်သွားသည်။

ကြွေ ရေချိုးခန်းဝတွင် မျက်နှာသုတ်ပဝါနှင့် စောင့်နေလိုက်သည်။

သူထွက်လာတော့ ကြွေ မောင့်ကိုယ်ပေါ်မှ ရေစက်များကို မျက်နှာသုတ်ပဝါနှင့် သုတ်ပေးရင်း မောင့်အတွက် လိုအပ်တာများ အပြုံးလေးနှင့် လုပ်ကိုင်ပေးနေလိုက်သည်။

သူရိန်နှဲ့မှာ ချစ်ဇနီး ပြုစုပေးနေသမှုကို ရင်ဝယ်ကြည်နူးခြင်းတွေနှင့် ခံယူနေမိ၏။

"ကြွေ သိလား၊ မောင် တစ်ခါတစ်ခါ စဉ်းစားမိတယ်"

"ဘာများလဲ မောင်"

"မောင် စိတ်ကူးခဲ့တဲ့အတိုင်း မောင်ချစ်တဲ့ကြွေနဲ့ အခုလို

စိုး:မိုး:၀၁၄၀

www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်ရွှင်ရွှင် နှစ်ယောက်တစ်ကမ္ဘာဘဝလေးကို ပိုင်ဆိုင်ခွင့်ရတဲ့အတွက် တစ်ခါတစ်ခါမှာ အိပ်မက်လားလို့တောင် မောင်ထင်မိတယ်"

"ကဲ…အဲဒါ အိပ်မက်လား"

"အား"

သူရိန်နိဖလက်မောင်းကို ကြွေ ခပ်နာနာလေး လိမ်ဆွဲလိုက်သဖြင့် သူရိန်နိဖ နာကျင်သွားသလို မျက်နှာကြီးမဲ့သွားရပြီး…

"ကျွတ်…ကျွတ် နာလိုက်တာကွာ"

"ဘယ်လိုလဲမောင်၊ ခုရော အိပ်မက်လို့ ထင်နေသေးလား"

သူရိန်နိဖ အပြုံးတွေနှင့် ကြွေ့ကို ကြည့်လိုက်သည်။

"ဟင့်အင်း…မထင်တော့ဘူး၊ ဒီကောင်မလေးကို ဟောဒီလို တကယ်ချစ်ရမယ်ဆိုတာ မောင်သိသွားပြီ"

"မောင်"

တိုးညင်းသော ခေါ်သံလေးကို သူရိန်နိဖ မကြားတော့ပါ။ နှင်းဆီသွေးရောင် နှုတ်ခမ်းဖူးဖူးလေးပေါ် သူရိန်နိဖ အနမ်းတို့ ဖိကပ်



BURMESE CLASSIC .com



ကျရောက်သွားသည်။

ကြည်နူးရင်ခုန်ရခြင်းတွေနှင့် တစ်ဦးရင်ခုန်သံကို တစ်ဦးကြားယောင်ရင်းက…

"မောင်"

ကိုယ်ချင်းခွာကာ ကြွေ ခေါ်လိုက်သည်။

အပြုံးတွေနှင့် ကြွေကို ခပ်စိုက်စိုက်ကြည့်လိုက်ကာ…

"ကြွေရယ်"

သူ တိုးတိုးလေး ခေါ်မိ၏။

"ကော်ဖီသောက်ရအောင်နော် မောင်"

"အင်း"

နှစ်ယောက်သား ထမင်းစားခန်းထဲသို့ ရောက်လာခဲ့သည်။ ကြွေ မောင့်အတွက် စားစရာများကို သူမကိုယ်တိုင် တယုတယ ပြင်ဆင်ပေးလိုက်သည်။

နံနက်စာစားပြီး နှစ်ယောက်သား ခြံထဲသို့ ဆင်းရန်ပြင်လိုက်တော့…

"မောင် ခဏနေဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကိုပစ်ပြီး ဘယ်သွားမလို့လဲ ကြွေ"

အနားက လှည့်ထွက်ရန် ပြင်နေသည့် ကြွေ့ကိုယ်လေးကို သူရိန်နှံ့ လှမ်းဆွဲရင်းက မေးလိုက်၏။

"ကြွေ ဘယ်မှမသွားပါဘူး မောင်၊ မောင့်အတွက် နွေးလည်စာ ပြင်ထားချင်လို့ပါ"

"ကျွတ်…ထားလိုက်စမ်းပါကွာ၊ မောင့်အတွက် ကြွေ ရှိနေရင် ပြီးပြီ၊ ဘာမှမလိုဘူး"

"အဟင်း…ဟင်း…ဟင်း"

ပါးချိုင့်လေးနှစ်ဖက် ခွက်ဝင်သွားသည်အထိ ကြွေ ရယ်မိ၏။

"မောင်ကလေ ကြွေ့ကို မခွဲနိုင်အောင် သိပ်ပြောတတ်တာပဲ၊ အဲဒီလို အပြောကောင်းတဲ့လူမျိုးကို သတိထားရတယ်တဲ့ ဆရာ"

မျက်ခုံးလေးနှစ်ဖက်ပင့်ကာ မခို့တရိုလေး ပြောလိုက်တော့ သူရိန်နှံ့ နှလုံးသားသည် ခံနိုင်ရည်မရှိအောင် ဖြစ်သွား၏။

"ကြည့်စမ်း…ဒါ မောင့်ကိုပြောတာပေါ့လေ၊ မင်းတော့



BURMESE CLASSIC .com



လာခဲ့"

"အား…မောင်"

ကြွေ့ကိုယ်လေးကို နောက်မှနေ သိုင်းချီလိုက်တာကြောင့် ရုတ်တရက် လန့်အော်လေး အော်လိုက်မိသည်။

သူရိန်နှံ့ ကြွေ့အဖြစ်ကို သဘောကျရသလို ကြွေ့ကိုယ်လေးကို ခပ်တင်းတင်းလေး တိုးဖက်လိုက်တော့ ကြွေ လန့်သလို ရှိသွားပြီး…

"မောင်ရယ် လွှတ်စမ်းပါ၊ သူများတွေမြင်ရင် ရှက်စရာကြီး"

"အပွန်း…ဘာ ရှက်စရာရှိလဲ ကြွေရဲ့၊ မောင့်မိန်းမကို မောင်ဖက်တာပဲ၊ ကဲ ပြောပါဦး ဘယ်သူက ဘာပြောရဲမလဲ ဆိုတာ"

"ဘယ်သူမှတော့ ဘာမှမပြောဘူးပေါ့၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ကြွေ ရှက်တယ်"

"မောင့်သက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာစွာဖြင့် ခေါ်ညည်းမိ၏။

"ကြွေ"

"မောင်"

"ခုဆို မောင်တို့နှစ်ယောက်ရဲ့ အိမ်ထောင်သက်လေးတွေလည်း ရလာပြီနော်"

"ဟုတ်တယ်နော် မောင်၊ ကြွေဖြင့် မောင်နဲ့ အခုလို အတူနေရပါ့မလားလို့ ရင်တထိတ်ထိတ် ဖြစ်ခဲ့ရတာ"

"ခုရော ရင်ထိတ်နေတုန်းပဲလား"

"အင်း"

"ဟင်…ဘယ်လို ကြွေ၊ ခု ကြွေနဲ့မောင် အတူတူနေနေရပြီလေ၊ ကြွေ ဘာရင်ထိတ်စရာလိုတော့လို့လဲ"

"လိုတာပေါ့ မောင်ရယ်၊ ဘယ်လိုပြောလိုက်တာလဲ၊ မောင်ပဲစဉ်းစားကြည့်လေ မောင် ကြွေ့ကို လက်ထပ်လိုက်တဲ့အတွက် မောင့်မေမေက စိတ်အရမ်းဆိုးပြီး မောင့်ကို သားအဖြစ်က အမွေပြတ်စွန့်လွှတ်ခဲ့တဲ့အပြင် မောင့်ကို မကြည့်ချင်အောင်လည်း မုန်းသွားခဲ့တယ်မဟုတ်လား၊ အဲဒါတွေအားလုံး ကြွေ့ကြောင့်ပါ



မောင်"

ချစ်ဇနီးစကားကြောင့် သူရိန်ဖုံ စိတ်မကောင်းဖြစ်သွားသည်။ တကယ်လည်း ကြွေပြောသလို ကြွေ့ကို မိဘများ သဘောမတူ၊ မကြည်ဖြူသည့်ကြားက လက်ထပ်ခဲ့သည်။

ဒီအတွက် သူပြန်ရရှိလိုက်တာကတော့ မိဘများ၏ ပစ်ပယ်စွန့်လွှတ်မှုပင်။

သူ စိတ်မကောင်းဖြစ်ရပေမယ့် တစ်ဖက်ကလည်း ကြွေ့ကို သူမခွဲနိုင်။ မစွန့်လွှတ်နိုင်ခဲ့ပါ။

တစ်ဖက်ကလည်း မိဘတွေအတွက် သူ စိတ်မကောင်းဖြစ်ရသည်။

ဒါပေမဲ့ သူတည်ထောင်ခဲ့သည့် ဘဝကိုလည်း သူရိန်ဖုံ ဘာအတွက်နှင့်မှ အပျက်စီးမခံနိုင်။

ချစ်ဇနီးရင်ထဲက ခံစားမှုတွေကိုလည်း သူ နားလည်သည်။ နားလည်သည်နှင့်အမျှ သနားလည်း သနားရပါ၏။

ချစ်သူလေး ဘယ်လိုခံစားနေရသည်ဆိုတာ သူသိ၏။ အားငယ်မှု၊ သိမ်ငယ်မှုစိတ်တွေနဲ့ ရှိနေရှာသော ချစ်ဇနီးလေးကို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ နှစ်သိမ့်ပြုံးနှင့် ပြုံးပြလိုက်ရင်း…

"ဘာလို့ ဒါတွေပြောနေရတာလဲ ကြွေရယ်၊ မောင်တို့ကို လူကြီးတွေက တစ်ချိန်မဟုတ်တစ်ချိန်တော့ နားလည်လက်ခံလာမှာပါ၊ အင်း…အဲဒီအတွက် ကြွေ့ကို မောင် အကောင်းဆုံး အကြံပေးရမလား"

"ဘာလဲ မောင်၊ ဘာအကြံလဲ"

တကယ်ပင် သိချင်စိတ်နှင့် ကြွေ မေးလိုက်တော့ သူရိန်ဖံ ပြုံးလိုက်ပြီး…

"ကြွေ တကယ်သိချင်လား"

"အင်း…သိချင်တယ်မောင်"

"ဒါဆို မောင့်နားလာ"

"ရှင်"

"မောင့်နား လာပါဆိုကွာ"

ကြွေမှာ နားမလည်နိုင်စွာ မျက်နှက်ဝန်းလေးနှင့် သူရိန်ဖံ အနားသို့ တိုးသွားလိုက်သည်။

သူ့အနားသို့ ရောက်လာသော ကြွေကို သူရိန်ဖံ ပြုံးဟဟ





အသွင်နှင့် ကြည့်ကာ သူမကိုယ်လေးကို နောက်မှနေ သိုင်းဖက်လိုက်ပြီးနောက် သူ့မျက်နှာက ကြွေ့မျက်နှာလေးနား တိုးကပ်သွားပြီး…

"မောင် ပေးမယ့်အကြံက ကြွေ သမီးလေးတစ်ယောက် အမြန်မွေးလိုက်ဖို့ပဲ"

"အို…မောင်နော်"

ကြွေ ရှက်စိတ်တွေနှင့် မျက်နှာလေး ပန်းနုရောင်ဖြစ်သွားသည်။ ဒီနောက် ရှက်ရှက်နှင့်ပင် ကြွေ လက်သီးဆုပ်လေးတွေနှင့် သူရိန်ဖံကိုယ်ကြီးကို တွန်းထိုးထုရိုက်ပစ်လိုက်သည်။

"သွားကွယ်…မောင် မကောင်းဘူး၊ တကယ်ဆိုးတယ်၊ ကြွေက ဘာများလဲလို့"

ရှက်မျက်နှာရဲရဲလေးနှင့် ကြွေ သူ့ကိုယ်ကြီးကို တွန်းထုတ်လိုက်တော့ သူရိန်ဖံ ကြွေ့အနားက နည်းနည်းမှမရွေ့။

"ဘာလဲကွ၊ မောင် တကယ်ပြောနေတာ၊ ကြွေ မောင့်ကို သမီးလေးတစ်ယောက် မမွေးပေးချင်ဘူးလား"

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"အပျှင်း…ဒါ ရှက်စရာမှမဟုတ်ပဲဗျ။ တကယ်ပြောတာ မောင်တော့ ကြွေနဲ့တူတဲ့ သမီးလေးတစ်ယောက်လိုချင်တယ်၊ မောင့်မိဘတွေလည်း မောင့်သမီးလေးကို မြင်ရင် မောင်တို့အပေါ် စိတ်ပြေသွားနိုင်လိမ့်မယ်လို့ မောင်ထင်တယ်"

မောင့်စကားကြောင့် ကြွေ တွေတွေလေးဖြစ်သွားသည်။

ခုချိန်မှာ မောင့်မိဘတွေ ကြွေနှင့်မောင့်အပေါ် ခွင့်မလွှတ်နိုင်အောင် စိတ်ဆိုးနေသည်။

မောင့်မိဘတွေကို မောင်နှင့်သူမ လက်ထပ်ပြီးချိန် သွားရောက်ကန်တော့ပေမယ့် ကြွေတို့နှစ်ဦးကို မိဘတွေက လက်မခံခဲ့။

ကြွေ့လို မိန်းကလေးတစ်ယောက်ကို ချွေးမအဖြစ် ဘယ်လိုမှ အသိအမှတ်မပြုနိုင်ကြောင်း၊ ကြွေကြောင့် သူတို့မိသားစု ဂုဏ်သိက္ခာ ထိခိုက်ရကြောင်း နှင်းသက်ကြွေကို နင့်နင့်သီးသီး စကားလုံးတွေနှင့် ပြောလွှတ်လိုက်သည်။

ထိုအချိန်ကတည်းက မောင့်မိဘများဆီ သွားဖို့မပြောတော့သလို မိဘများနှင့်ပတ်သက်လို့ စကားစလာရင်လည်း သူရိန်ဖံ စကားလွှဲသွားသည်။

ဝိုး : မိုး : ၈၁၄ပ



ခုတော့ မောင် စကားစလာသလို မိဘတွေနှင့် ပတ်သက်ပြီးလည်း ကြွေ့ကို သံယောဇဉ်ကြိုးတစ်ချောင်းတိုးရန် တောင်းဆိုလာပြီ။

'သမီး'လို့ စိတ်ထဲဆိုလိုက်တာနှင့် ကြွေ့ရင်တစ်ခုလုံး သိမ့်သိမ့်ဖိုနွေးသွားသည်။

တကယ်တော့ ကြွေ မောင် မပြောခင်ကတည်းကပင် သားလေးဖြစ်ဖြစ်၊ သမီးလေးဖြစ်ဖြစ် ရင်သွေးလေးတစ်ယောက်ယူရန် စဉ်းစားခဲ့သည်။

မောင်ပြောသလို မောင့်မိဘများ မောင်နှင့်ကြွေ့ရင်သွေးလေးကို မြင်ပါက သားအချစ် မြေးအနှစ်ဆိုသလို ကြွေနှင့်မောင့်အပေါ် စိတ်ပြေကောင်း ပြေနိုင်ပါလိမ့်မည်။

မောင် ကြွေ့ကို ချစ်သည့်အချစ်မှာ မောင့်အတွက် ပေးဆပ်မှုတွေ များလွန်းသည်။

ဒီအတွက် ကြွေကိုယ်တိုင် မောင့်အတွက် စိတ်မကောင်းနိုင်။ ချစ်ကြတာချင်းအတူတူ မောင့်ဘက်က ပေးဆပ်မှုတွေ များသလောက် ကြွေကလည်း မောင့်အတွက် ပေးဆပ်ချင်သည်။

ဝိုး : မိုး : ၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကြွေ ပေးဆပ်နိုင်တာ မောင့်ကိုချစ်ရသည့် အချစ်တစ်ခုတည်းသာ။ ခုတော့ ကြွေ မောင့်ကို ပေးဆပ်ရန် အခွင့်အရေးကြုံလာသလို မောင်ကိုယ်တိုင်ကလည်း လိုလိုလားလား တောင်းဆိုနေ၏။

"ကြွေ ဘာတွေတွေးနေတာလဲ"

ငြိမ်သက်သွားသော နှင်းသက်ကြွေကို သူရိန်နီ အားမလိုအားမရစွာ မေးလိုက်တော့ ကြွေ မောင့်ကို အပြုံးလှလှလေးနှင့် ကြည့်၏။

"မောင် တကယ်ပြောတာလားဟင်"

"ဘာလဲ ကြွေ"

"ဟို...မောင့်ရင်သွေးလေး လိုချင်တယ်ဆိုတာလေ"

"ဘယ်လိုမေးလိုက်တာလဲဗျာ၊ ကြွေကို ပိုင်ဆိုင်ခွင့်ရပါပြီဆိုကတည်းက မောင့်ရင်သွေးလေးကို မောင်ဘယ်လောက် မျှော်လင့်ခဲ့တယ်ဆိုတာ ကြွေ သိရဲ့လား"

"မောင်ရယ်"

ကြွေ မောင့်ရင်ခွင်ကျယ်ကြီးထဲသို့ သူမကိုယ်လေးတိုးဝင်



ကာ မောင့်ကိုယ်ကြီးကို သူမလက်လေးနှင့် ဖက်တွယ်ထားလိုက်သည်။

စိတ်ထဲမှာတော့ မောင် လိုချင်တောင့်တသော ရင်သွေးလေးကို မောင့်အတွက် အမြန်ဆုံး မွေးဖွားပေးရန် ကြွေ ရင်ခုန်ခြင်းတွေနှင့် ဆုံးဖြတ်လိုက်သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကြွေ မောင်းလာသော့ ကားလေးက တိုက်ဆင်ဝင်အောက်တွင် ညင်သာစွာ ရပ်သွားသည်။ ကားရပ်သည်နှင့်…

“ဟော…မေမေပြန်လာပြီ၊ ကြီးကြီးနဲ့ ဒီမှာ မေ့မေပြန်လာပြီ”

စကားသံနှင့်အတူ တိုက်ကြီးထဲမှ ဂါဝန်တလွင့်လွင့်နှင့် အပြေးလေး ထွက်လာသော သမီးချစ်စုမျက်နှာလေးကို မြင်လိုက်ရသဖြင့် နှင်းသက်ကြွေ မောလာသမျှ အမောတို့ပြေသွားသလို သမီးဖြစ်သူအား ရွှင်ကြည်သော မျက်နှာလေးနှင့် ဆီးကြိုလိုက်သည်။

“ကြည့်စမ်း…မေမေ့သမီးက သနပ်ခါးတွေနဲ့ပါလား”

“သမီးကို ကြီးကြီးနဲ့က လိမ်းပေးထားတာလေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား…ရွှတ်၊ အင်း…မွှေးလိုက်တာ၊ အဟင်း…ဟင်း…ဟင်း"

"ခစ်…ခစ်…ခစ်"

ချစ်သမီး ပါးပြင်နုနုကို ရှိုက်နမ်းရင်းက သားအမိနှစ်ဦး ရယ်သံလေးတွေ စီလွင်သွားသည်။

"ကြွေ့သမီးကတော့လေ ကျောင်းက ပြန်ရောက်ပြီဆိုကတည်းက ကြွေ့ကို တမျှော်မျှော်နဲ့ စောင့်နေရှာတာ"

အနားကို ရောက်လာရင်းက ကြီးကြီးနွဲ့ ပြောလိုက်လေ၏။

"ဟင်…ဟုတ်လား သမီး"

"ဟုတ်"

ချစ်စုလေး ပါးချိုင့်လေးခွက်ဝင်အောင် ပြုံးပြရင်းက ကြွေ့ကို ခေါင်းညိတ်ပြသည်။

ကြွေ ချစ်သမီးမျက်နှာနုနုလေးကို ချစ်မ၀ ကြင်နာစွာ ကြည့်ရင်း…

"သမီးက မေမေ့ကို ဘာလို့မျှော်နေရတာလဲ"





"မေမေ့ကို မေးစရာရှိလို့"

"ဟင်…မေမေ့ကို မေးစရာရှိလို့ ဟုတ်လား"

"ဟုတ်"

"အဟင်း…ဟင်း ကောင်းပါပြီသမီးရယ်၊ ကဲ သမီး မေးစရာရှိတာကို အိမ်ထဲရောက်မှ မေမေ့ကိုမေး၊ ဟုတ်လား၊ လာ မေမေတို့ အိမ်ထဲဝင်ရအောင်"

ချစ်စုလက်ကို ဆွဲရင်း ကြွေ တိုက်ကြီးထဲသို့ ကြီးကြီးနွဲ့နှင့်အတူ ဝင်လာခဲ့သည်။

တိုက်ထဲသို့ရောက်သည်နှင့်…

"ကြွေ အအေးသောက်ဦးမလား"

ကြီးကြီးနွဲ့သည် ကြွေ့အား မေးလိုက်တော့…

"နေပါစေတော့ ကြီးကြီးနွဲ့၊ ကြွေ မသောက်တော့ဘူး"

"ဒါဆို ကြွေ နားလိုက်ဦး၊ ကြီးကြီးနွဲ့ ကြွေ့အတွက် စားစရာတစ်ခုခု စီစဉ်လိုက်ဦးမယ်"

အပြုံးလေးနှင့် ကြွေ ကြီးကြီးနွဲ့အား ကျေးဇူးတင်စွာ ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးနဲ့ မီးဖိုခန်းထဲသို့ ဝင်သွားသည်။

ကြွေ ချစ်သမီးလက်ကိုဆွဲလျက် အပေါ်ထပ် သူမအခန်းဆီသို့ တက်ခဲ့၏။

အပေါ်ထပ် ကြွေ့အခန်းထဲသို့ ရောက်သည်နှင့်…

"မေမေ အလုပ်ပင်ပန်းလာလားဟင်"

အရွယ်နှင့်မမျှအောင် သိတတ်လွန်းသော ချစ်သမီးစကားကြောင့် ကြွေ့ရင်မှာ အတိုင်းအဆမရှိ ကြည်နူးသွားပြီး ချစ်သမီးကိုယ်လေးကို ကြွေ့လက်လေးနှင့် ပွေ့ဖက်လိုက်ကာ…

"သမီးက သိပ်လိမ္မာတာပဲ၊ မေမေ မပင်ပန်းပါဘူးသမီးရယ်၊ သမီးမျက်နှာလေးကို မြင်လိုက်တာနဲ့ မေမေ အမောပြေသွားပြီ၊ ဒါနဲ့ သမီးကျောင်းမှာ စာတွေရော လိုက်နိုင်ရဲ့လား"

"လိုက်နိုင်ပါတယ် မေမေ၊ စာမေးပွဲတိုင်းမှာလည်း သမီးက အမြဲ အဆင့်တစ်ရပါတယ်"

"အို…မေမေ့သမီးက တော်လိုက်တာ၊ ဒါကြောင့် မေမေက သမီးကိုချစ်ရတာ ရွှတ်"

ချစ်စုလေးကို ပွေ့ဖက်ထားရင်းက ချစ်စရာမျက်နှာလေး





ကို နမ်းရှိုက်လျက် ကြွေ ဆိုလိုက်သည်။

"ကဲ…သမီး၊ ဒီမှာခဏနေဦးနော်၊ မေမေ ရေချိုးလိုက်ဦးမယ်၊ ပြီးမှ မေမေတို့ ကြီးကြီးနဲ့လက်ရာ ညစာဆင်းစားကြတာပေါ့"

ချစ်စုလေးခေါင်းကို ချစ်စနိုး လက်လေးနှင့် တစ်ချက်ပုတ်ရင်း ကြွေ ရေချိုးခန်းထဲသို့ ဝင်ခဲ့သည်။

ရေချိုးနေရင်းက ကြွေ စဉ်းစားနေမိသည်က ချစ်သမီးအကြောင်းများသာဖြစ်သည်။

ဒါကလည်း ခုမှမဟုတ်ပါ။

ကြွေ့အတွက် ဘယ်နေရာ ဘယ်ကိုပဲရောက်နေပါစေ ချစ်သမီးနှင့်ပတ်သက်သည့် အကြောင်းလေးတွေက ကြွေ့ရင်ကို ကြည်နူးချမ်းမြေ့စေသည်။

ချစ်သမီးက ကြွေ့ဘဝ၊ ကြွေ့ကမ္ဘာဖြစ်သည်။

ကြွေ ဒီအချိန်ထိ ရှင်သန်နေခြင်းမှာလည်း ချစ်သမီးကြောင့်ဖြစ်သည်။

ရေချိုးပြီး ထွက်လာတော့ ချစ်သမီးက ကြွေ့ကို ပြေးဖက်



www.burmeseclassic.com

www.burmeseclassic.com



ကာ…

"မေမေ့ကို ချစ်တယ်"

ဟုဆိုလျက် ကြွေ့ပါးပြင်ကို နမ်းလာတော့ ကြွေ့မှာ သမီး အပြုအမူအတွက် အံ့ဩသွားကာ…

"အောင်း…ဟင်း…ဟင်း၊ မေမေ့သမီး ဒီနေ့ ထူးဆန်း နေပါလား၊ ပြောစမ်း သမီး မေမေ့ကို ဘာပြောချင်နေလဲဆိုတာ"

"မေမေ"

"ဟင်…ဘာလဲသမီး"

"မေမေ သမီးကို ချစ်လားဟင်"

"ချစ်တာပေါ့ သမီးရယ်၊ မေမေ့ဘဝ ရှင်သန်နေတာ သမီးကြောင့်၊ သမီးကို မေမေ သိပ်ချစ်တယ်၊ သမီးဟာ မေမေ့ဘဝ ရဲ့ အသက်ပါပဲကွယ်"

"တကယ်ပြောတာလား မေမေ"

"တကယ်ပေါ့ သမီးရဲ့၊ သမီးကို မေမေ ဘယ်တုန်းက ညာဖူးလို့လဲကွယ်"

ချစ်စုလေး မျက်နှာရွှန်းလက်သွားသည်။ ကြွေ ချစ်စုလေး

စိုး:ခိုး:ဂ၁၄ပ



ကို အပြုံးတွေနှင့် ကြည့်ရင်း…

"မေမေ့သမီးကို မေမေ အရမ်းချစ်တယ်"

"ဟေး"

ပျော်ရွှင်မြူးထူးသွားသည့် ချစ်သမီးကို ကြွေ ချစ်မဝနိုင် စွာ ပါးပြင်လေးကို တစ်ရှိုက်မက်မက် နမ်းလိုက်ပြီး…

"မေမေ အဝတ်အစားလဲလိုက်ဦးမယ်နော် သမီး၊ ပြီးရင် မေမေတို့ ထမင်းစားကြတာပေါ့"

ကြွေ အမြန်ပင် အဝတ်အစားလဲလိုက်၏။ ကြွေ့အနေနှင့် ရသမျှအချိန်အားလုံးကို ချစ်သမီးလေးအတွက် ပေးဆပ်ထားသည် မို့ ရသမျှအချိန်ကို နှောင့်နှေးမခံခဲ့ပါ။

ကြီးကြီးနွဲ့ ပြင်ထားသည့် ထမင်းဝိုင်းက စားချင့်စဖွယ် ဟင်းအမျိုးစုံနေ၏။

ထမင်းဝိုင်းတွင် နှင်းသက်ကြွေ၊ ချစ်စုလေးနှင့် ကြီးကြီးနွဲ့ တို့က ထိုင်လိုက်ကြ၏။

ချစ်စုလေး လူကြီးများကို အရင်ဦးချလိုက်သည်။

ကြွေ သမီးလိမ္မာမှုကို အပြုံးနှင့်ကြည့်ကာ…

စိုး:မိုး:စ၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



"မေမေသမီးကတော့လေ သိပ်ပြီး လိမ္မာသိတတ်တာပဲ"

"ချစ်စုလေး လိမ္မာတာကတော့ မပြောနဲ့ကြွေရေ၊ ကျောင်းကပြန်ရောက်လာရင် ကြွေအတွက် လိုအပ်မယ်ထင်တာတွေကို သူအကုန်လုပ်ထားတော့တာပဲလေ၊ ကြီးကြီးနွဲ့က မလုပ်ပါနဲ့လို့ ပြောလည်း မရဘူး၊ မေမေ့အလုပ်တွေကို သူကလည်း ကူညီချင်တယ်တဲ့လေ"

"ကြီးကြီးနွဲ့ကလည်း သမီးက မေမေ့အတွက် လုပ်ပေးချင်လို့ပါ"

"ဟုတ်ပါပြီရှင်၊ ဟုတ်ပါပြီ၊ ကဲ ကြားလား ကြွေ၊ ကြွေ့သမီးကတော့ မိဘကို ငယ်ငယ်နဲ့ သိတတ်နေပြီ"

"အဟင်း…ဟင်း…ဟင်း ကြွေတော့ ဒီလိုသမီးအလိမ္မာလေးရထားတာ ကံကောင်းတာပဲနော် ကြီးကြီးနွဲ့"

"ဟုတ်ပါ့တော်…ဟုတ်ပါ့"

"အဟင်း…ဟင်း…ဟင်း"

"ခစ်…ခစ်…ခစ်"

ထမင်းဝိုင်းတွင် မိသားစုရယ်သံလေးတွေနှင့် စိုပြေသွားသည်။



ထမင်းစားပြီးသည်နှင့် ကြီးကြီးနွဲ့ အချိုပွဲကို ပြင်ပေးသည်။

ဝဖိုင့်သော ခန္ဓာကိုယ်နှင့်ပေမယ့် သွက်လက်လွန်းသော ကြီးကြီးနွဲ့ ကြွေ့အတွက် အားကိုးရသည်။

ဆွေမျိုးရယ်လို့ သွေးသားမတော်စပ်ပေမယ့် ကြီးကြီးနွဲ့က ကြွေတို့သားအမိနှစ်ယောက်အပေါ် မိဘတစ်ဦးကဲ့သို့ မေတ္တာပေးကာ ဆွေမျိုးရင်းချာတစ်ယောက်လိုလည်း အားကိုးရသူဖြစ်သည်။

'ကြွေ၏ ကျေးဇူးရှင်လည်းဖြစ်၊ နှင်းသက်ကြွေဘဝတွင် တစ်သက်မေ့လို့မရနိုင်သော ကြွေ့ဘဝ၏ ကယ်တင်ရှင်ဖြစ်သည့် မာမီ ဒေါ်ဝတ်ရည်စိုးနှင့် ကြီးကြီးနွဲ့က ဆွေမျိုးမကင်းသလို မာမီ ဒေါ်ဝတ်ရည်စိုးရှိကတည်းက ကြီးကြီးနွဲ့က မာမီနှင့်အတူ နေခဲ့သူ။ မာမီမရှိတော့ ကြီးကြီးနွဲ့က ကြွေ့အတွက် မိဘလိုဖြစ်ခဲ့သည်။

ညှော်ခန်းထဲတွင် မိသားစု အချိုပွဲစားပြီး ကြွေ ကြီးကြီးနွဲ့နှင့် စကားပြောလေ၏။

ပြီးသည်နှင့် ကြီးကြီးနွဲ့ကို နှုတ်ဆက်ကာ ချစ်စုလေးနှင့် အပေါ်ထပ်သို့ တက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြွေ အခန်းထဲသို့ ရောက်သည်နှင့် ချစ်စုလေးသည် ကြွေ့ရင်ခွင်ထဲသို့ တိုးဝင်လာကာ…

"မေမေ"

"ဘာလဲ သမီး၊ ပြောလေ"

မိဘနှစ်ပါး၏ အလှတွေ ပေါင်းစပ်ထားသော ချစ်သမီး မျက်နှာလေးကို ကြွေ ငေးကြည့်ကာ ဆိုလိုက်သည်။

ချစ်စုလေးက ကြွေ့ပါးပြင်လေးကို တစ်ချက်နမ်းကာ…

"မေမေ့ကို သမီးမေးစရာရှိလို့"

"ဘာများလဲသမီးရယ်"

"သမီးဖေဖေက ဘယ်မှာလဲဟင်၊ သမီးမှာ ဖေဖေရှိတာယ် မဟုတ်လား မေမေ"

"ဟင်"

သမီးထံမှ မထင်မှတ်သည့် အမေးကြောင့် ကြွေ မျက်နှာ ပျက်သွားသည်။

သမီး သိတတ်သည့်အရွယ်ရောက်နေပြီ။ ဒါကို ကြွေ မေ့ထား၍မရတော့။





"ဟင်…မေမေ၊ သမီးမှာ ဖေဖေရှိတာယ်မဟုတ်လား"

ကြွေ့လက်ကို လှုပ်ကာ မေးနေသည့် ချစ်သမီးကို ကြွေ ဘာဖြေရမည်မသိပါ။ ရင်ထဲမှာတော့ နင့်နေ၏။

"ဟင်း"

သက်မတစ်ချက်ကို ကြွေ ချလိုက်သည်။ ကြွေ့အကြည့် တွေက ချစ်သမီးအပေါ် စိတ်မကောင်းခြင်းများစွာနှင့်ရယ်။

"သမီးသူငယ်ချင်းတွေက သူတို့ဖေဖေအကြောင်းကို အမြဲတမ်းပြောတယ်၊ သမီးမှာတော့ ပြောစရာ ဖေဖေ့အကြောင်း လည်း မရှိဘူး"

"သမီး…သမီးလေးရယ်"

နင့်နင့်သည်းသည်း ခံစားမှုတွေကို နှင်းသက်ကြွေ ဒီထက် ပိုကာ မခံစားနိုင်တော့ပါ။

အိုင်ဖွဲ့လာသော မျက်ရည်တွေကြားက ကြွေ ချစ်သမီး ကိုယ်လေးကို တင်းတင်းလေး ဖက်လိုက်သည်။

ထို့နောက် အိုင်ဖွဲ့လာသော မျက်ရည်တွေက ပါးပြင်ဆီ တစ်လိမ့်ချင်း ကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စုလေး နှင်းသက်ကြွေ မျက်ရည်များကို မြင်သွားပြီး

"မေမေ ဘာလို့ငိုတာလဲဟင်"

ထိုအခါမှ နှင်းသက်ကြွေ သူမမျက်ရည်များကို အမြန်သုတ်လိုက်ပြီး...

"အဟင်း...မေမေမငိုပါဘူးသမီးရယ်၊ မေမေ ငိုတာမဟုတ်ပါဘူး"

အပြုံးတစ်ခုကို နှင်းသက်ကြွေ ဟန်လုပ်လိုက်သည်။ သမီးကို သူမ ဘာအတွက်နှင့်မှ စိတ်မဆင်းရဲစေလို။ သမီးက ကြွေ့ဘဝ၊ ကြွေ့ကမ္ဘာ။

"မေမေ စိတ်ညစ်သွားပြီလားဟင်၊ သမီး နောက်တစ်ခါ ဖေဖေ့အကြောင်း မမေးတော့ပါဘူး"

"သမီးရယ်"

အရွယ်နှင့်မမျှအောင် သိတတ်လိမ္မာလွန်းသော ချစ်သမီးကို ကြွေ ရင်နာသည့်ကြားက ပြုံးပြလိုက်သည်။

ဒီနောက် ကြွေ ရင်နာရခြင်းတွေကြားက စကားဆိုလိုက်သည်။





"သမီးမှာ ဖေဖေရှိပါတယ်ကွယ်၊ သမီးဖေဖေက ဟိုးအဝေးကြီးကို သွားနေတာ၊ တစ်နေ့တော့ သမီးဆီ ရောက်လာမှာပေါ့"

"တကယ်လား မေမေ"

"တကယ်ပေါ့ သမီးရယ်"

ကြွေ့အသံလေးများ တုန်ရင်လာကာ မျက်ရည်တွေက ပါးပြင်ထက်ဆီ အဆက်မပြတ် စီးကျလာသည်။

ရင်နာကြေကွဲ နင့်သည်းရခြင်းတွေကြားက ကြွေ ချစ်စုလေးကို ချော့သိပ်လိုက်သည်။

မကြာပါ။ ချစ်စုလေး အိပ်ပျော်သွား၏။ အိပ်ပျော်သွားပြီဖြစ်သော သမီးမျက်နှာလေးကိုကြည့်ကာ ရင်ထဲတွင် ကြေကွဲခြင်းတွေနှင့် ခံစားနေရသူက ကြွေ။

ဦးသူရိန်ဇံရယ် ရှင် ခုချိန်ထိ ကျွန်မဘဝကို နှောင့်ယှက်နေတုန်းပဲလား။

ခု ရှင့်သမီးက ရှင့်ကို မေးနေပြီလေ။ အဲဒါ ရှင့်ကြောင့်။ ရှင် သစ္စာမဲ့ခဲ့လို့၊ ရှင့်ကိုမုန်းတယ်၊ နာကြည်းတယ်၊ ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မလွှတ်ဘူး။ မုန်းတယ်…အဟင့်…ဟင့်…ဟင့်။

သမီးမျက်နှာလေးကို သနားခြင်း၊ ချစ်ခြင်း၊ ကြေကွဲခြင်းတွေနှင့် ကြည့်ရင်းက တစ်ယောက်သောသူဖြစ်သည့် ဒေါက်တာသူရိန်နဲ့ဖကို ကြွေ ရင်မှာ အမုန်းတွေနှင့် မကျေနပ်စွာဆိုလိုက်သည်။

◆ ◆ ◆

## အခန်း (၉)

"ဟာ…မောင့်မိန်းမ ဒီနေ့အရမ်းလှနေပါလား၊ ကြွေဘယ်ကိုသွားမလို့လဲ"

"မောင်ကလည်း ကြွေ မောင့်ကိုကြိုချင်လို့ စောင့်နေတာရှင့်"

အလုပ်ကပြန်လာသော ခင်ပွန်းဖြစ်သူကို ကြွေ အပြုံးလှလှလေးနှင့် ဆိုရင်းက ပြောလိုက်သည်။

သူရိန်နဲ့ဖ ချစ်ဖနီးစကားကြောင့် ရင်မှာကြည်နူးသွားပြီး…

"မောင့်မိန်းမ ဒီနေ့ထူးခြားနေပါလား၊ ခါတိုင်း မောင်ကကြိုပါလို့ပြောရင် ရှက်တယ်၊ မောင့်ကို မကြိုချင်ဘူးဆိုတဲ့ ကောင်မလေးက ဒီနေ့ထူးခြားနေတာတော့ အမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



နားသယ်စပ်မှ ဆံနုလေးများ နမ်းရှိုက်ရင်း သူရိန်ဇံက ပြောလိုက်တော့ ကြွေ ရှက်ပြုံးလေးနှင့် သူ့အားကြည့်ကာ…

"ဘာလဲ…မောင်က မကြိုက်လို့လား"

"အမလေး…ကြိုက်ပါတယ်ဗျာ၊ ဒီကောင်က ခင်ဗျား လေးကို ပြောမရလို့သာ လက်လျှော့ထားရတာ၊ တကယ်တမ်း ကြွေ့ကို မောင်က ဒီလိုမျိုး အမြဲကြိုးစေချင်တာ"

"ဟင့်အင်း…ဒါတော့မဖြစ်ဘူး ဆရာ"

"ဟင်…ဘာဖြစ်လို့လဲ"

"ဒီနေ့ မောင့်ကိုစောင့်နေတာ ကြွေ မောင့်ကိုပြောစရာရှိ လို့"

"မောင့်ကို ပြောစရာရှိလို့ ဟုတ်လား"

ချစ်ဇနီးချောမျက်နှာကို သူရိန်ဇံ အကဲခတ်လျှက် မေးလိုက် သည်။

ကြွေ သူ့အကြည့်တွေကို ရှက်ပြုံးလေးနှင့် ရှောင်ဖယ်ရင်း က…

"အင်း"ဟု ခေါင်းညိတ်ပြလိုက်သည်။





သူမလက်လေးတွေက သူရိန်ဇံ လက်မောင်းကြီးကို ဖွဖွ ညင်သာ တို့ထိရင်း…

"မောင်"

သေချာပါပြီ။ ကြွေ တစ်ခုခုထူးခြားနေပြီဆိုတာ။ ဘာလဲ ဆိုတာသာ သူရိန်ဇံ သေချာမသိသေးခြင်းဖြစ်သည်။

"ကြွေ ဒီနေ့ ဘယ်ကိုသွားလဲ၊ မောင် သိလား"

"ပြောစမ်း ကောင်မလေး၊ တစ်ယောက်တည်း ဘယ်ကို သွားလဲဆိုတာ"

"မောင်ကလည်း ကြွေတစ်ယောက်တည်း မဟုတ်ပါဘူး၊ ဘေးအိမ်က မမငွေကြီးလည်း ပါသေးတယ်မောင်ရဲ့"

"ဟင်…မမငွေနဲ့ကြွေ ဘယ်ကိုသွားတာလဲ"

"သွားတုန်းကတော့ ကြွေ မမငွေနဲ့ အဖော်လိုက်သွားတာ မောင်ရဲ့၊ ဟိုရောက်တော့"

သူရိန်ဇံမှာ ကြွေ့စကားကို နားထောင်ပြီး မျက်မှောင်ကြီး တွန့်လာရသည်။

"နေပါဦး…ဟိုရောက်တော့ဆိုတော့ ကြွေက ဘယ်ကို



www.burmeseclassic.com

သွားလို့လဲ''

''ဒီနေ့ မမငွေ နေလို့သိပ်မကောင်းဘူးဆိုလို့ ကြွေ မမငွေနဲ့အတူ ဆေးခန်းလိုက်သွားတာ၊ ဟိုရောက်တော့ ကြွေလည်း ဆေးခန်းရောက်တုန်း တစ်ခါတည်း စမ်းသပ်ချင်''

''ဘာကို ကြွေက စမ်းသပ်ချင်တာလဲ''

နှင်းသက်ကြွေ မျက်လွှာလေးချသွားကာ...

''တကယ်တော့ ကြွေ ကိုယ့်ကိုယ်ကိုမသင်္ကာနေတာ ကြာပြီမောင်၊ ဒါပေမဲ့ မသေချာသေးလို့ ကြွေလည်း မောင့်ကို ဘာမှမပြောခဲ့ဘူး၊ ဆေးခန်းမှာ ကြွေ စမ်းသပ်ကြည့်လိုက်တော့ ကြွေ့မှာ...ကြွေ့မှာ''

''ကြွေ့မှာ ဘာဖြစ်လဲ၊ ကြွေ ဘာဖြစ်တာတဲ့လဲ''

ဘာများဖြစ်တာလဲဆိုသည့်စိတ်နှင့် သူရိန်ဖုံ ကြွေ့အတွက် စိုးရိမ်စွာ မေးလိုက်၏။

ကြွေ ခေါင်းလေးပို၍ ငုံ့ဆင်းသွား၏။

''ကြွေ့မှာ မောင့်ရင်သွေးလေး ရှိနေပြီတဲ့မောင်''

''ဟင်''



''ကြွေ...ကြွေ ဘာပြောလိုက်တယ်၊ ကြွေ့မှာ မောင့်ရင်သွေးလေး ရှိနေပြီဟုတ်လား ကြွေ''

လှိုက်ခနဲ ပျော်သွားရသည့် အပျော်တွေကြားက သူရိန်ဖုံ မယုံနိုင်သလို စိတ်လှုပ်ရှားမှုတွေဖြင့် ကြွေ့ပခုံးလေးကို ကိုင်လှုပ်ကာ မေးလိုက်သည်။

''ဟုတ်တယ် မောင်၊ မောင့်ရင်သွေးလေး ကြွေ့မှာရှိနေပြီ''

''ဟား...ကြွေရယ်...အချစ်ရယ်၊ မောင့်ရင်ကို စမ်းကြည့်စမ်း ကြွေ''

ကြွေ့လက်လေးတစ်ဖက်ကို ဆွဲယူကာ သူ့ရင်ဘတ်ပေါ်တင်လိုက်၏။

''တွေ့လား...မောင့်စိတ်တွေ ဘယ်လောက်လှုပ်ရှားနေလဲဆိုတာ''

''အဟား...ဟား ကြွေရယ်၊ တကယ်ပါဗျာ၊ မောင် အရမ်းပျော်တယ် သိလား၊ မောင် သိပ်ပြီးလိုချင်တောင့်တခဲ့ရတဲ့ မောင်တို့ရင်သွေးလေး ရှိလာပြီနော်၊ မောင်တော့ပျော်တယ် ကြွေ

www.burmeseclassic.com



ရယ်၊ သိပ်ပျော်တယ်၊ ပြီးတော့ ကြေ့ကိုလည်း ကျေးဇူးတင်တယ်၊ မောင့်ကို ရင်သွေးလေး လက်ဆောင်ပေးတဲ့အတွက်”

တကယ်ပင် အပျော်တွေလှိုင်နေရသော သူရိန်ဖုံ ကြေ့ကိုယ်လေးကို ဆတ်ခနဲပွေ့ချီကာ မွှေ့ယမ်းလိုက်တော့…

“အို…မောင်၊ ကြေ့ မူးတယ်၊ ကြေ့ကို အောက်ချပေး”

“ဟင်…ကြေ့ မူးသွားလား”

“အင်း”

“ဆောရီး ကြေ့ရယ်၊ ဆောရီး”

ချစ်ဇနီးအတွက် စိုးရိမ်စိတ်တွေနှင့် သူရိန်ဖုံ တောင်းပန်ရင်းက ကြေ့ကိုယ်လေးကို အောက်ချပေးလိုက်သည်။

“ဒါပဲနော် ကြေ့၊ ဒီနေ့ကစပြီး ကြေ့ ဘာမှမလုပ်ရတော့ဘူး၊ မောင့်ရင်သွေးလေးကိုပဲ ဂရုစိုက်ရမယ်”

“မောင်ရယ်…သူများတွေကြားရင် ရှက်စရာကွယ်၊ ကြေ့ကိုယ်ဝန်က ခုမှ လနုနုလေးပဲရှိသေးတဲ့ဟာ”

“မရဘူး…မရဘူး၊ လနုနုလည်း ဂရုစိုက်ရမှာပဲ၊ ကြေ့နော် မင်း မောင့်စကားကိုတော့ နားထောင်ရမယ်၊ မဖြစ်ပါဘူး၊





ကြေ့ကို မောင်ကိုယ်တိုင် ဂရုစိုက်မှဖြစ်မယ်”

“မောင်ကတော့လေ၊ ပိုကိုပိုတယ်”

“ပိုတယ်ပြောလည်း မတတ်နိုင်ဘူးဗျ၊ ဒီကောင်ကတော့ မိန်းမနဲ့သားကို အရိပ်လိုကြည့်ပြီး ဂရုစိုက်ရမှာပဲ”

စကားအဆုံး ကြေ့ကိုယ်လေးကို တင်းခနဲ တစ်ချက်ထွေးဖျစ်လိုက်သည်။

ခင်ပွန်းသည်၏ ဂရုစိုက်ယုယမှုတွေကြောင့် ကြေ့ရင်ထဲ ကြည်နူးရခြင်းတွေသည် မပြောပြနိုင်ပါ။

ကြေ့ကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်တတ်သည့် သူရိန်ဖုံကြောင့် ကြေ့ ကံကောင်းသူတစ်ယောက်ဆိုတာလည်း သိပါ၏။

ဂုဏ်ဓနအဆင့်အတန်း ကွာခြားလွန်းမှုတွေကြောင့် အားငယ်ရပေမယ့် သူရိန်ဖုံ၏ အချစ်တွေကြောင့်ပင် ကြေ့မှာ အားဖြစ်ရကာ အရာရာကို ရင်ဆိုင်ရန် သတ္တိတွေရှိလာရခြင်းဖြစ်သည်။

ဒီအတွက် ကြေ့ မောင့်ကို ကျေးဇူးတင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြွေ"

ကြွေ့လက်မောင်းသားဝင်းဝင်းလေးကို ဆုပ်ကိုင်ကာ သူ ခေါ်လိုက်သည်။

"မောင်"

သူရှိန့်၊ ချစ်ဖနီးချောမျက်နှာကို အပြုံးတွေနှင့် ကြည့်ရင်းက ပါးပြင်နုနုကို မွှေးကြူရင်း…

"အဟွန်း…မောင့်ကို စိတ်ကူးယဉ်တယ်လို့ပဲ ပြောပြော၊ သည်းလိုက်တာလို့ပဲဆိုဆို မောင်တော့ မောင့်ရင်သွေးလေးအတွက် နာမည်စဉ်းစားနေပြီ"

"အဟင်း…ဟင်း မောင်ကတော့ ပြောတော့မယ်"

"ဟိတ်…မရယ်နဲ့၊ တကယ်ပြောတာဗျ၊ အင်း သားလေး မွေးရင် ကြွေ့နာမည်ရော မောင့်နာမည်ရောပါအောင် သက်မောင်ဖံ လို့ နာမည်ပေးမယ်၊ သမီးလေးဆိုရင်တော့ ကြွေက မောင့်အသက် ထက် ချစ်လို့ သက်ထက်ဖံလို့ သမီးလေးကို နာမည်ပေးမယ်၊ ဘယ့်နှယ်လဲ ကြွေ၊ မောင်ပေးတဲ့နာမည် ကြိုက်ရဲ့လား"

ဖခင်တစ်ယောက်၏ စေတနာ မေတ္တာတွေနှင့် ယခု





ကတည်းကပင် ရင်သွေးလေးတွေအတွက် နာမည်အမျိုးမျိုး စဉ်းစား နေသော မောင့်ကို ကြွေ လေးစားချစ်ခင်မှုတွေနှင့် ကြည့်ရင်း…

"ကြွေ့ကို မောင် အခုလို ဂရုတစိုက်နဲ့ ချစ်ခဲ့တဲ့အတွက် မောင့်ကို ကျေးဇူးတင်ပါတယ်"

"ဘာလဲ ကြွေက မောင့်အချစ်ကို မယုံတာလား"

အလိုမကျသလို မျက်မှောင်ကြီးကြုတ်လျက် သူရှိန့်ဖံဆို တော့ ကြွေ မောင့်ရင်ခွင်ထဲ တိုးဝင်လိုက်ပြီး…

"မယုံတာမဟုတ်ပါဘူး မောင်ရယ်၊ မောင် ကြွေ့ကို အခုလို အမြဲချစ်နေနိုင်ပါစေလို့ ကြွေ ဆုတောင်းနေတာပါ"

"ကြည့်စမ်း…မောင်က ဘာများလဲလို့ကွာ၊ စိတ်ချ ကြွေ့ကို ဒီဘဝမှာတင်မကဘူး နောက်ဘဝထိပါ ဆက်ချစ်မှာဗျာ၊ အဟွန်း…ဟွန်း…ဟွန်း"

"မောင်ရယ်"

ထိုအချိန်ကတော့ ချစ်ရည်ချစ်သွေးကို့ဖြင့် ထုံမွှမ်းနေသော မောင့်စကားတွေကို ကြွေ ယုံကြည်မြတ်နိုးအားကိုးချစ်ခြင်းတွေနှင့် အကြွင်းမဲ့ ယုံကြည်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်၏တစ်ချိန်က အဖြစ်တွေကို စဉ်းစားမိတိုင်း ရင်မှာ အမြဲနာကျင်ကြေကွဲရသူက နှင်းသက်ကြွေဖြစ်သည်။

နာကြည်းရလွန်းသောကြောင့် အတိတ်၏ တစ်ချိန်က အဖြစ်တွေကို ကြွေ ဘယ်လိုပင် မေ့မေ့ပျောက်ပျောက် ထားခဲ့ပါစေ အကြောင်းတိုက်ဆိုင်မှု ရှိလာသည့်အခါတိုင်း အတိတ်၏ ခါးသီးမှု၊ ကြေကွဲနင့်သီးရခြင်းတွေက ကြွေ့နှလုံးသားကို အပ်အစင်းပေါင်းများစွာနှင့် ထိုးစိုက်နှိုးဆွနေသလို ရှိနေသည်။

"ဦးသူရိန်ဖိရယ်...သစ္စာမဲ့ လှည့်စားတတ်တဲ့ရှင့်ကို ကျွန်မ ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ ကျွန်မ နှလုံးသားနဲ့ အချစ်တွေကို လိမ်ညာယူခဲ့တာကိုတော့ ကျွန်မ နာကြည်းခံပြင်းမိတယ်"

"အင်း...ငါ့ကံကလည်းနော် သူနဲ့မဆုံချင်ပါဘူးဆိုမှ သူ့မျက်နှာကို မမြင်ချင်လည်း မြင်တွေ့နေရတဲ့အဖြစ်၊ အို ဒီလူယုတ်မာအကြောင်း မတွေးတာပဲကောင်းပါတယ်လေ၊ ငါ့ဘဝမှာ ငါ့သမီးလေးရှိနေရင် အားလုံးပြည့်စုံပါပြီ၊ ဟုတ်တယ် သမီးလေးက ငါ့ဘဝပဲ၊ သမီးလေးရှေ့က ငါ မားမားမတ်မတ်နဲ့ ရပ်တည်ကြိုးစားရမယ်"





"သမီးရယ်"

အတိတ်က အရိပ်တို့ကို ကြွေ အတွေးမှ ဖယ်ထုတ်ရင်းချစ်သမီးကိုယ်လေးကို တင်းတင်းပွေ့ဖက်ကာ မျက်ဝန်းအစုံကို မှိတ်ချလိုက်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

“ရှင်…ရှင် ဘာပြောလိုက်တာလဲ ဒေါက်တာ”

“မောင့်သမီးနဲ့ မောင်တွေ့ချင်တယ် ကြွေ”

“ဟင်”

ဒေါက်တာနှင်းသက်ကြွေ ရင်ထဲမှ တုန်လှုပ်သွားခြင်းပါ။

ဒေါက်တာသူရိန်နိဖုံး၏ ယောကျ်ားပီသ ချောမောလှန်းသော မျက်နှာကို ကြွေ စူးစိုက်စွာ ကြည့်ပစ်၏။

ကြွေ၏ ထိုအကြည့်ကြောင့် နှလုံးသားတို့ တဆတ်ဆတ် ခုန်သွားရသူက သူရိန်နိဖုံး။

မျက်နှာချင်းဆိုင် အနေအထားနှင့် နှစ်ယောက်သား အနီး ကပ်တွေ့နေရသော နှင်းသက်ကြွေ၏ ဖူးဖူးစင်စင် မျက်နှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ဒေါက်တာသူရိန်ဇံ တစ်ခုခုကို လွမ်းလွမ်းဆွတ်ဆွတ် သတိရခံစားလိုက်ရသည်။

ဒေါက်တာသူရိန်ဇံ လွတ်ချင်ချင်ဖြစ်သွားရသည့် သူ့စိတ်တွေကို သူ သတိနှင့် ပြန်လည်ထိန်းချုပ်လိုက်ပြီး…

"သမီးနဲ့မောင့်ကို တွေ့ခွင့်ပေးပါ ကြွေ၊ မောင့်သမီးကို မောင်တွေ့ချင်တယ်"

ထပ်ကာ အရေးဆိုလာသည့် ဒေါက်တာသူရိန်ဇံစကားကြောင့် ဒေါက်တာနှင်းသက်ကြွေ မျက်ဝန်းလေး အေးစက်တင်းမာသွားပြီး…

"နေပါဦးဒေါက်တာ၊ သမီးနဲ့ပတ်သက်ပြီး ရှင့်မှာ ဒီလိုစကားမျိုးပြောဖို့ အခွင့်အရေးရှိတယ်လို့များ ရှင်ထင်နေလား"

ဒေါက်တာသူရိန်ဇံမှာ ချစ်ရသူ၏ မျက်နှာထားနှင့် သူ့အပေါ် ဆက်ဆံနေမှုတွေကို သဘောမတွေ့ရပေမယ့် သူဘာမှ မပြောတော့ပါ။

လှလွန်းသော ချစ်ရသူ၏ မျက်နှာလှလှလေးကို ကြည့်ပြီး ဒေါက်တာသူရိန်ဇံ ပြုံးလိုက်သည်။ ပြီးမှ…

စိုး၊ပိုး၊ ၈၇၄၀



"မောင်ဟာ သမီးရဲ့အဖေပါ ကြွေ"

"အဟော်…ဟင်း…ဟင်း သမီးရဲ့အဖေတဲ့လား၊ ဒီလိုတော့လည်း ရှင်သိသားပဲနော်၊ ဒီမှာ ရှင်သိထားဖို့က ကျွန်မသမီးမှာ အဖေဆိုတာမရှိဘူး၊ သစ္စာမဲ့ သစ္စာပျက်တဲ့လူတစ်ယောက်ကို အဖေတော်ခွင့် သမီးမှာ မရှိစေရဘူး"

မျက်နှာထားတင်းတင်းလေးနှင့် ပြောပြီး ကြွေ သူ့အား ကျောခိုင်းလျက် ကားထဲဝင်လိုက်တော့ ဒေါက်တာသူရိန်ဇံမှာ စိတ်တိုကာ ရုတ်တရက် မချင့်မရဲဖြစ်သွားရကာ…

"ဟင်…ကြည့်စမ်း၊ ရှင်ဒါဘာလုပ်တာလဲ"

"မြင်တယ်မဟုတ်လား"

"ရှင်…ရှင့်သိက္ခာကိုတော့ ထိန်းဖို့ကောင်းပါတယ်"

"မောင် ဘာလုပ်လို့လဲ"

"ကျွန်မကားပေါ်က ရှင် ခုဆင်းသွားပါ"

"မဆင်းနိုင်ဘူး၊ ကြွေ့ကို မောင်ပြောပြီးပြီလေ၊ မောင့်သမီးကို မောင် တွေ့ချင်တယ်ဆိုတာ"

"တောက်"

စိုး၊ပိုး၊ ၈၇၄၀

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်လျက်က ကြွေ့နာမည်လေးကို ခေါ်လိုက်သည်။

ကြွေ သူ့ခေါ်သံကို ဂရုမစိုက်သလို ဒေါက်တာသူရိန်ဇံ လက်ထဲက ကြွေ့လက်လေးကို ရုန်းယူလိုက်ပြီး…

"လွှတ်…ရှင် ကျွန်မလက်ကိုလွှတ်"

"ကြွေ…ကြွေရယ်"

သူ့နှုတ်ဖျားမှ နင့်သည်းစွာ ဒေါက်တာသူရိန်ဇံ ခေါ်လိုက်သည်။ သူ့ခေါ်သံကြောင့် ကြွေ ပို၍နာကျင်သွားရပြီး သူမကိုယ်လေးကို တစ်ဖက်သို့ ချာခနဲ လှည့်ပစ်လိုက်သည်။

ဒေါက်တာသူရိန်ဇံမှာ ကြွေ့အပြုအမူကြောင့် ရင်မှာ ပိုနာကျင်သွားရသည်။

ပြေပြစ်သွယ်လျ လှပတင့်တယ်သော ကြွေ့နောက်ကျောလှလှလေးကို ဒေါက်တာသူရိန်ဇံ တစ်ချက်ကြည့်ရင်း…

"မောင့်ကိုကြည့်ပါဦး ကြွေ၊ ကြွေ မောင့်ကိုကြည့်ပါဦးဗျာ"

သူ့အသံက နူးညံ့ခယတောင်းပန်မှုတွေနှင့် ရှိနေပေမယ့် နှင်းသက်ကြွေထံမှ တုံ့ပြန်မှုကတော့ ရှိမလာခဲ့ပါ။





"ကြွေ…မောင်ပြောနေတယ်လေ"

ကျောခိုင်းထားဆဲက နှင်းသက်ကြွေမှာ သူ့စကားကြောင့် နှုတ်ခမ်းလေးကို မဲ့ပစ်လိုက်သည်။

သဘောကတော့ သူ့စကားကို ကြွေ ဂရုစိုက်ရမှာလားဆိုသည့်သဘော။

ဒေါက်တာသူရိန်ဇံ မျက်မှောင်ကြီး ခပ်ပြေပြေတွန့်ကြုတ်သွားသည်။

ကြွေဆိုတာ ခေါင်းမာတာ၊ မာနကြီးလွန်းတာကို သူအသိဆုံးဖြစ်ပါ၏။ သိ၍လည်း သူ့ရင်မှာ ပို၍နာကျင်ကြေကွဲနေရခြင်းဖြစ်သည်။

"တောင်းပန်ပါတယ် ကြွေ၊ မောင့်ကို ကြွေ ကြည့်ပါဦး"

ထိုအချိန်ထိ ကြွေက မလှုပ်ပါ။

သူ အံကိုတင်းခနဲ တစ်ချက်ကြိတ်ပစ်လိုက်သည်။

"မောင် တောင်းပန်နေတယ်နော် ကြွေ၊ မောင့်ခံစားမှုတွေကို ကြွေ အဲလို လျစ်လျူရှုမယ်ဆိုရင် မောင့်ကို ကြွေ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ အဆိုးမပြောနဲ့"

ကြွေ့ကိုယ်လေးမှာ တွန့်သွားသည်။ ဒီလူနှင့် မျက်နှာချင်း မဆိုင်ချင်၊ စကားမပြောချင်ပေမယ့် ကြွေအနေနှင့် ဒီလိုနှင့်လည်း ပြီးမှာမဟုတ်သည်မို့ သူ့ဘက် ပြန်လှည့်လိုက်သည်။

ကြွေ အကြည့်တွေကတော့ အဝေးတစ်နေရာဆီသို့ ပို့ထား လိုက်၏။

"မောင့်ကိုကြည့်ပါ ကြွေ"

"ရှင် ကျွန်မကားပေါ်က ခု ဆင်းသွားပါ"

ဒေါက်တာသူရိန်ဇံ နှုတ်ခမ်းထောင့်စွန်းတစ်ဖက်ကို ကွေးသွားအောင် ပြုံးလိုက်ကာ...

"ကြွေ မောင့်ကို မကြည့်ဘူးလား"

"အို...ဘာလုပ်တာလဲ"

ဝင်းအိနုဖတ်နေသော ကြွေ့လက်မောင်းသားအိအိလေးကို ဆုပ်ကိုင်လာသည့် ဒေါက်တာသူရိန်ဇံလက်တွေကို ကြွေမှာ အလန့် တကြားလေး ဖယ်ချကာ ဆိုလိုက်သည်။

ကြွေ့ထိုပုံစံလေးကို သဘောကျသွားသလို ဒေါက်တာ





သူရိန်ဇံ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။

သူ့အပြုံးတွေကို မြင်တော့ ကြွေ့မှာ သတိလက်လွတ် ငေးကြည့်မိသွားသည်။

ဒီနောက် ကြွေ့မျက်နှာလေးမှာ အရိပ်တွေအမျိုးမျိုး ပြေးသွားသည်ကို ဒေါက်တာသူရိန်ဇံမှာ မြင်တွေ့လိုက်သည်။

ကြွေရယ်။

နှလုံးသားဆီမှ ထွက်ပေါ်လာသည့်အသံက နင့်နင့်သည်း သည်း ရှိလှ၏။

ဒေါက်တာသူရိန်ဇံ ကြွေ့မျက်နှာလေးကို မေးဖျားမှပင့်မ တင်လိုက်သည်။

သို့သော် ကြွေ့အကြည့်တွေကတော့ဖြင့် သူ့ထံရောက်ရှိ မလာ။ သူ့လက်တွေကိုသာ ဖယ်ရှားထုတ်ရင်း မျက်တောင်မည်း မည်းကြီးတွေ တလှုပ်လှုပ်နှင့် ရှိနေသည်။

ဒီလိုပုံစံအနေအထားကပင် ဒေါက်တာသူရိန်ဇံ ရင်အစုံကို လှုပ်ရှားလာစေသည်။

"ကြွေရယ် မောင့်အချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသူရိန်ဇံ သူ့ကိုယ်သူလည်း ဒီထက်ပိုကာ မထိန်းချုပ်နိုင်တော့ပါ။ အချိန်ကြာမြင့်စွာ ရင်မှာ သတိရတမ်းတနေရသူလေးကို အခုလို သူ့မျက်စိအောက် တွေ့ခွင့်၊ မြင်ခွင့်၊ ဆုံခွင့်ရနေသည့်အချိန် သူ့ရင်ထဲ နှစ်ရှည်ကြာစွာ ရှိခဲ့ရပါသော အချစ်တွေက ရင်မှာပေါက်ကွဲသွားရကာ ကြွေ့ကိုယ်လေးကို တင်းတင်းလေး ဖက်ထားလိုက်သည်။

လှပသော နူးညံ့မှုတွေ မျက်နှာလှလှဆီသို့ သူ့အနမ်းတွေ မွတ်သိပ်စွာ ကျရောက်သွားသည်။

"ကြွေရယ်…ချစ်တယ်၊ မောင့်ရင်မှာ လွမ်းနေရပါတယ်ဗျာ၊ မောင့်အပေါ် အထင်လွဲမှားမှု အမုန်းတွေကို ကြွေ ချေဖျက်ပေးပြီး တစ်ချိန်က အထင်လွဲမှားမှုတွေအတွက် မောင့်ကို ရှင်းပြခွင့်ပေးပါလို့ မောင် တောင်းပန်ပါရစေ"

"အို…ဖယ်၊ လွှတ်…လွှတ်ပါ"

အငိုက်မိသွားသော ကြွေ့မှာ ယခုမှ သတိရလာသလို ဒေါက်တာသူရိန်ဇံရင်ခွင်ထဲမှ သူမကိုယ်လေးကို ရုန်းထွက်ပစ်လိုက်သည်။





သူ့အပြုံးအောက်တွင် ကြွေစိတ်တို့ ဟုန်သွားသည်က ကြွေ့နှလုံးသားတွင် အချိန်များစွာ ရှိခဲ့ဖူးသောကြောင့် ဖြစ်သည်။

"မရုန်းပါနဲ့ ကြွေ၊ မရုန်းပါနဲ့၊ ကျေးဇူးပြုပြီး မောင်ရှင်းပြတာကို ကြွေ နားထောင်ပေးပါ"

"မသိဘူး၊ နားမထောင်ချင်ဘူး၊ ရှင် ကျွန်မကားပေါ်က ဆင်းသွားပါ၊ ကျွန်မဘဝကို ဒီထက်ပိုပြီး အနှောင့်အယှက်မပေးပါနဲ့တော့ ဒေါက်တာ"

ကြွေ ခေါင်းမာမာနှင့်ဇင် သူ့ရင်ခွင်ထဲက ခွတ်ရုန်းထွက်နေတော့ ဒေါက်တာသူရိန်ဇံစိတ်တွေ ပေါက်ကွဲမတတ် ဖြစ်သွားပြီး

"မင်း မောင်ပြောတာကို နားထောင်စမ်း ကြွေ၊ မင်း ဒီလိုလုပ်နေမယ်ဆိုရင် မောင်တို့မိသားစုလေး ဒီထက်ပိုပြီး ဝေးရလိမ့်မယ်၊ ခံစားရလိမ့်မယ်၊ ရှင်းရှင်းပြောရင် အဲဒီလိုအဖြစ်မျိုး မောင် ထပ်ပြီးအဖြစ်ခံမှာမဟုတ်သလို အဝေးလည်း မခံနိုင်တော့ဘူး ကြွေ"

"ရှင့်စကားတွေက နားထောင်လို့တော့ ကောင်းပါတယ် ဒေါက်တာ၊ ဒါပေမဲ့ ခုချိန်မှာတော့ ရှင့်စကားတွေက ဘာမှအသုံး



www.burmeseclassic.com

www.burmeseclassic.com



မဝင်တော့ပါဘူး”

“ဘာပြောတာလဲ ကြွေ၊ အသုံးမဝင်တော့ဘူးဆိုတာ ဘာကိုပြောတာလဲ”

“ခုချိန်မှာ ရှင်ရော ကျွန်မပါ ကိုယ့်ဘဝနဲ့ကိုယ် ဖြစ်နေကြပြီ”

“မင်း မောင့်မှာ အိမ်ထောင်ရှိနေတယ်လို့ ထင်နေလို့လား”

“ရှင် အိမ်ထောင်ရှိတာမရှိတာ ကျွန်မနဲ့မဆိုင်ဘူး၊ ဒါပေမဲ့ အိမ်ထောင်ရှိတဲ့ မိန်းမတစ်ယောက်ကိုတော့ ရှင် မစော်ကားမိပါစေနဲ့”

“အဟွန်း…အိမ်ထောင်ရှိတဲ့ မိန်းမတဲ့လား ကြွေ၊ ဘာလို့ ဒီလောက်တောင် ခေါင်းမာနေရတာလဲဗျာ၊ မောင့်စိတ်ထဲမှာတော့ ကြွေဟာ ခုချိန်ထိ မောင့်ဇနီးပဲ”

“ရှင် ဒီစကားတွေ ပြောနေမယ်ဆိုရင် ကျွန်မကားပေါ်က ခုဆင်းသွားပါ၊ ကျွန်မမှာ ယောကျ်ားနဲ့ရှင့်၊ ကျွန်မယောကျ်ားက သိပ်သဝန်တိုတတ်တာ၊ အခုလို ကျွန်မကားပေါ် ရှင်ရှိတာ သူသိရင်





ဘယ်လောက်စိတ်ဆိုးမလဲမသိဘူး”

“အဟွန်း…ဟွန်း…ဟွန်း ဟုတ်လား၊ ကောင်းပါပြီဗျာ ဒါဆို ကြွေ့အမျိုးသား အထင်မလွဲရအောင် မောင်ဆင်းနေခဲ့ပါ့မယ်”

အကြည့်စူးစူး အပြုံးလွန့်လွန့်တွေနှင့် ဆိုရင်းက ဒေါက်တာ သုရိန်ဇံ ကြွေ့ကားပေါ်က ဆင်းလိုက်၏။

ကြွေမှာ သူ့စကားအတွက် ကျေနပ်သွားပြီး ကားလေးကို မောင်းထွက်ရန်အပြု…

“ဩော်…ခဏ ကြွေ”

ဘာများလဲဆိုသော အကြည့်လေးနှင့် ကြွေ သူ့ကိုအကြည့် ဒေါက်တာသုရိန်ဇံကိုယ်ကိုကိုင်းကာ နှင်းသက်ကြွေမျက်နှာနား သူ့မျက်နှာကြီး တိုးကပ်သွားပြီးနောက် သူမမျက်နှာကို ခပ်ပြုံးပြုံး စိုက်ကြည့်ကာ…

“ကြွေ့ရဲ့ခင်ပွန်းကို ပြောလိုက်ပါ၊ မောင်က ကျေးဇူးတင်နေပါတယ်လို့၊ အဟွန်း…ဟွန်း၊ ကဲ သွားတော့ ကြွေ၊ မောင့်ဘဝမှာ မောင်ချစ်မိတဲ့ မိန်းမဟာ ကြွေတစ်ယောက်ပဲရှိတယ်၊ မောင့်သမီးကို မောင် တွေ့မယ်ဆိုတာတော့ မကြွေ မေ့မထားပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



ကြွေ နှုတ်ခမ်းကို ဖိကိုက်ပစ်ကာ စိတ်လှုပ်ရှားမှုတွေနှင့် ကားကို ခပ်ကြမ်းကြမ်း မောင်းထွက်ခဲ့သည်။

ဟူး။

ကြွေရယ်။

ဒေါက်တာသူရိန့်ဖ် စိတ်မောစွာနှင့်ပင် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

ရင်ထဲမှာတော့ စိမ်းကားနိုင်လွန်းသည့် မိစိမ်းကားကြီး အတွက် ရင်နာခြင်းတွေက အတိနှင့်။

◆ ◆ ◆

မိုးမိုး ၈၁၄၉

## အခန်း (၁၈)

"မောင်"

"ဗျာ"

"ဒီနေ့ မောင် အလုပ်က စောစောပြန်လာခဲ့နော်"

"အပွန်း…စိတ်ချပါ ကြွေ၊ မောင့်မိန်းမမှာတဲ့အတိုင်း မောင်စောစောပြန်လာခဲ့မယ်၊ ဪ…ဒါနဲ့ ကြွေ့ကို မောင် မှာထားတဲ့အတိုင်း မောင်မသိဘဲ ဘာအလုပ်မှမလုပ်ရဘူးနော်၊ ကြွေ ဂရုစိုက်ရမှာက မောင့်ရင်သွေးလေးနဲ့ ကြွေ့ကျန်းမာရေးကို ဂရုစိုက်ဖို့ပဲ"

"အင်းပါ မောင်ရဲ့၊ ကြွေ မှတ်ထားပါ့မယ်၊ မောင်သာ အလုပ်ပြီးတာနဲ့ မြန်မြန်ပြန်လာခဲ့"

"အင်း…ဒီကောင်မလေး ဒီလောက်ချွဲနေတာ မောင်

မိုးမိုး ၈၁၄၀

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တောင် မသွားချင်တော့ဘူးကွာ''

''ဟင်...သွားပါနော်၊ မောင့်ကို ကြွေကလည်း လွမ်းနေမှာပါ''

''အဟွန်း...ဒါမျိုးပဲနေမှာ၊ ချစ်သူချင်း စိတ်ချင်းဆက်သွယ်တယ်ဆိုတာ၊ ဒီကောင်ကလည်း ဖြစ်နိုင်ရင် ကြွေ့အနားမှာ တစ်ချိန်လုံး နေချင်တဲ့သူဗျ၊ မတတ်သာလို့ ခွဲသွားရတဲ့အချိန်မှာတောင် မောင်က ကြွေ့ကို အမြဲသတိရလွမ်းနေရတာ၊ ကြွေ သိရဲ့လား''

ပြောရင်းက မချင့်မရဲဖြစ်လာသလို ကြွေ့နဖူးခေါင်းလေးကို ဖျစ်ညှစ်ကာဆိုလိုက်တော့ ကြွေ သွားစွယ်လေးများပေါ်အောင် တခစ်ခစ် ရယ်မောလိုက်ပြီး...

''မောင့်ကို ကြွေ ဘယ်လိုမှ ခွဲပြီးနေနိုင်မှာမဟုတ်ဘူး သိလား''

''ဗျာ...ဘာပြောလိုက်တယ်''

''မောင့်ကို မခွဲနိုင်ဘူး၊ သိပ်ချစ်တယ်လို့''

''အဟွန်း...ကြွေရယ်''





သူရိန်ဇံ ချစ်သူကို ရင်ခွင်မှာ ပွေ့ဖက်ရင်း ကြည်နူးစွာ ရယ်မောလိုက်သည်။

ကြွေမှာ သူ့မလက်လေးတွေနှင့် သူရိန်ဇံကိုယ်ကြီးကို တင်းကြပ်စွာ ပြန်ဖက်ထားလိုက်သည်။

''မောင်ရယ်''

မျက်လွှာလေးချကာ တင်းကြပ်စွာ ပိုက်ထွေးထားသော ရင်ခွင်ထဲမှ ကြွေ့ကိုယ်ပေါ်သို့ နေရာလပ်မကျန် တာရှည်သော အနမ်းများနှင့် သူရိန်ဇံ နမ်းရှိုက်နေလိုက်သည်။

''ကြွေရယ်''

''မောင်''

''ဗျာ''

''မောင် ဒီနေ့အလုပ်ပြီးရင် စောစောပြန်ခဲ့နော်''

''စိတ်ချပါ ကြွေ၊ မောင့်မိန်းမဆီကို မောင် အမြန်ဆုံး ပြန်လာခဲ့မယ်၊ ဟုတ်ပြီလား၊ ကဲ မောင်သွားမယ်နော်''

သူရိန်ဇံ ချစ်ဇနီးကို အနမ်းဖြင့် နှုတ်ဆက်ကာ အလုပ်သို့ ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကြွေ မောင့်ကားလေး ကွယ်ပျောက်သွားသည်အထိ ငေးကြည့်ကျန်ရစ်သည်။

ဒီနေ့မှ ထူးထူးခြားခြား ကြွေ့စိတ်ထဲ ဘယ်လိုဖြစ်သည် မသိ။ စိတ်မှာတစ်မျိုးကြီး ဖြစ်နေသည်။

ဟင်း။

သက်ပြင်းမောတစ်ချက်ကို ချမိရင်းက ကြွေ့အကြည့်များကို ရုပ်သိမ်းကာ သူမခြေလှမ်းများ အိမ်ထဲဆီအလှမ်း ကားတစ်စီး ကြွေ့အနားသို့ ထိုးဆိုက်လာ၏။

"ဟင်"

ကားပေါ်မှ ဆင်းလာသူကြောင့် ကြွေ့မျက်နှာလေး ဖြူဖျော့လျက် အံ့သြသွားရသလို လူကလည်း တုန်တုန်လှုပ်လှုပ်ဖြစ်သွား၏။

"မေ…မေမေကြီး၊ ကြွေတို့ဆီကို လာတယ်"

မျက်နှာထားတင်းတင်းနှင့် ကားပေါ်မှ ဆင်းလာသော မေမေကြီးကို တွေ့လိုက်ရသဖြင့် ကြွေတစ်ယောက် အယောင်ယောင်အမှားမှား ဖြစ်နေရုံမက လူက ထိတ်လန့်နေ၏။





ဒေါ်ထားကြူမှာ မျက်နှာထားတင်းတင်းနှင့် ကားပေါ်မှ ဆင်းကာ နှင်းသက်ကြွေကို စူးခနဲတစ်ချက်ကြည့်လိုက်ပြီး…

"ညည်းဆီကို ငါလာချင်တယ်လို့များ ထင်နေလား နှင်းသက်ကြွေ"

"ရှင်"

တင်းမာလွန်းသည့် မျက်နှာထားနှင့် စကားသံကြောင့် ကြွေ မျက်နှာပျက်သွားသလို လူကလည်း ပို၍ထိတ်လန့်သွား၏။

တုန်တုန်လှုပ်လှုပ်လေးရှိနေသော ကြွေကို ဒေါ်ထားကြူသည် မျက်ဝန်းစူးစူးကြီးတွေနှင့် စုန်ချည်ဆန်ချည် ကြည့်ရင်း…

"ညည်းကိုကြည့်ရတာ သိပ်ပျော်နေတဲ့ပုံပါလား၊ အဟင်း အေးလေ ညည်းလို အဆင့်အတန်းနဲ့ မိန်းကလေးမျိုးက ငါ့သားလို လူတစ်ယောက်ကို ရထားတယ်ဆိုတော့လည်း မပျော်ဘယ်ရှိပါ့မလဲ၊ မိဘရင်ခွင်ကို စုံကန်ထွက်သွားရလောက်အောင် မာယာတွေနဲ့ အလှကိုဗန်းပြပြီး ငါ့သားကို မြူဆွယ်ဖြားယောင်းခဲ့တဲ့ ကျေးဇူးမသိတတ်တဲ့ ညည်းလိုမိန်းကလေးမျိုးကို ငါမြင်ရတာ အော့နှလုံးနာလိုက်တာအေ၊ ဒီမှာ မိနှင်းသက်ကြွေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်...မေမေကြီး"

ရင့်ရင့်သီးသီး နင့်နင့်သည်းသည်း စကားတွေပြောနေပေမယ့် လူက နေရာမှ တုပ်တုပ်မလှုပ်နိုင်အောင် သံမှိုနှင့်စွဲထားသလို ခြေစုံရပ် ခေါင်းလေးငုံ့ကာ ဒေါ်ထားကြူရှေ့တွင် ရှိနေသော ကြေ့ကို သေချာကြည့်မည်ဆိုပါက ကြေ့မျက်ဝန်းအိမ်တွင် မျက်ရည်ဥကြီးများ ပြိုကျနေတာကို မြင်ရမည်ဖြစ်သည်။

ဒေါ်ထားကြူက နှင်းသက်ကြေ့အဖြစ်ကို ဂရုမပြုမိသလို တစ်ဦးတည်းသော သားချောကို မိဘရင်ခွင်ထဲက ဆွဲထုတ်သွားသူ တစ်ယောက်အနေနှင့် ကြေ့အပေါ် အမုန်းမျက်ဝန်းတွေဖြင့် ကြည့်နေသည်။

ဒီလိုမိန်းကလေးမျိုးကို ယူရပါ့မလားဆိုကာ သားအပေါ် ဘယ်လောက်ပဲ စိတ်ဆိုး၊ စိတ်နာသည်ပြောပြော တကယ်တမ်းမှာတော့ ဒေါ်ထားကြူရင်ထဲ သားဖြစ်သူကို တစ်ရက်မှ မေ့လို့မရနိုင်။

စိတ်နာတာကတခြား၊ သားကို သတိရတာမှာတစိတ်က တခြားမို့ ဒေါ်ထားကြူမှာ သား၏စိတ်နှင့် ရင်မှာနာကျင်မှုတွေ





နေ့စဉ်ဖြစ်နေသည်။

ဒီလို သူမရင်ထဲ ခံစားရလေလေ သူမနှင့်သားဖြစ်သူကို ခွဲအောင်လုပ်သည့် ကြေ့အပေါ် ဒေါ်ထားကြူ အမုန်းနှင့် အငြိုးအတေး နာကျင်မှုတွေက ပိုရလေလေဆိုတာကိုတော့ ကြေ့ရော သူရိန်ဖပါ သိမည်မဟုတ်။

နေ့စဉ်နှင့်အမျှဆိုသလို ဒေါ်ထားကြူမှာ သားဖြစ်သူ မိဘရင်ခွင်၊ မိဘအရိပ်အောက် ပြန်လာဖို့အရေးကိုသာ တွေးတောစဉ်းစားလျက် အကြံထုတ်ခဲ့ရသည်မှာလည်း မနည်းတော့။

ခုတော့ သူ့အကြံကို ဒေါ်ထားကြူ လက်တွေ့ကျကျ အကောင်အထည် ဖော်ရပေမည်။

နာကျင်ခြင်းတွေနှင့် ဒေါ်ထားကြူ မဲ့ပြုံးတစ်ချက်ကို ပြုံးလိုက်ပြီး...

"အေးပေါ့လေ...ညည်းကတော့ ညည်းကိုယ်ညည်း အဟုတ်ကြီးထင်ပြီး ပျော်နေမှာပေါ့၊ ဒါပေမဲ့ ညည်းသိထားဖို့က ငါ့သားက ညည်းလိုမိန်းကလေးကို သနားတာကလွဲပြီး တကယ်ချစ်ခဲ့တာ မဟုတ်ဘူးဆိုတာ ညည်းသိရောသိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကြွေ ငုံ့ထားသည့် ခေါင်းလေးက ဆတ်ခနဲဆိုသလို ထောင်သွားရရုံမက အကြည့်တွေကလည်း ဒေါ်ထားကြူထံ တည့်တည့်မတ်မတ် ရောက်ရှိသွားသည်။

မေမေကြီး ကြွေ့ကို ဘာပြောလိုက်တာပါလိမ့်။ မောင် ကြွေ့ကို တကယ်ချစ်တာ မဟုတ်ဘူးဆိုတဲ့စကားက မေမေကြီး ဘာကိုဆိုလိုလိုက်ပါသလဲ။

မေမေကြီး ကြွေနှင့်မောင့်ကို သဘောတူသူတစ်ယောက် မဟုတ်ပါ။

မောင် ကြွေ့ကို လက်ထပ်လိုက်သည့်အတွက် နာကျင် ကြေကွဲခံစားနေရသူကလည်း မေမေကြီးဖြစ်သည်။

ကြွေမှာ ကျေးဇူးတရားတွေကို နားမလည်လို့မဟုတ်ပေ မယ့် မောင့်အပေါ် ချစ်ခြင်းတွေက ကျေးဇူးဆိုသည့်တံတိုင်းကြီးကို ကျော်လွှားခဲ့ရသည်ကိုတော့ မေမေကြီး သိစေချင်၏။

ကြွေနှင့်မောင် မေမေကြီးတို့ကို အကြိမ်ကြိမ်ကန်တော့ရန် ကြိုးစားခဲ့ပေမယ့် မျက်နှာမမြင်ချင်ပါဆိုသည့် ငြင်းဆန်စကား





ကြောင့် ကြွေနှင့်မောင် လက်လျှော့ခဲ့ရသည်မှာလည်း မနည်းတော့။

ကြွေတို့မျက်နှာကို မမြင်ချင်ပါ၊ မတွေ့ချင်ပါဆိုသည့်ကြား က မေမေကြီးကိုယ်တိုင် ကြွေ့ဆီ ရောက်ရှိလာခြင်းက အကြောင်း ကိစ္စမရှိဘဲနဲ့တော့ မဖြစ်နိုင်ပါ။

ဘယ်လိုအကြောင်းရယ်လို့ မသိပေမယ့် မေမေကြီးတွင် ကြွေမသိသည့် ထူးခြားသည့် အကြောင်းအရာတစ်ခု ရှိနေပြီဆိုတာ တော့ ကြွေလည်း အရွယ်ရောက်နေသူမိန်းကလေးမို့ နားလည်ပါ၏။

"ဟို...မေမေကြီး၊ ကြွေ့ကို ဘာ...ဘာပြောချင်လို့ ဒီထိ ရောက်လာတာလဲဟင်"

"ဒီလိုတော့လည်း ညည်းက သဘောပေါက်လွယ်တဲ့ မိန်းကလေးပါလား နှင်းသက်ကြွေ၊ အေး...ငါဘာပြောချင်လို့ ဒီကို ရောက်လာရတယ်ဆိုတာ ငါ့သားသူရိန်ဖုံကြောင့်ပဲ"

"ရှင်...ဟို မောင့်ကြောင့် ဟုတ်လား မေမေကြီး"

နှင်းသက်ကြွေမှာ နားမလည်သလို မျက်ဝန်းနက်နက် တောက်တောက်လေးနှင့် ကြည့်ကာ မေးလိုက်သည်။

"အေး...ဟုတ်တယ်၊ ငါ့သားကြောင့်ပဲ ညည်းဆီကို



www.burmeseclassic.com

www.burmeseclassic.com



ငါရောက်လာခဲ့တာ၊ ရှင်းရှင်းပဲပြောမယ် နှင်းသက်ကြွေ၊ ဒီနေ့ ညည်းဆီကို ငါလာတာ တခြားမဟုတ်ဘူး၊ ငါ့သားရဲ့ အချစ်တွေက ညည်းဆီမှာ တကယ်မရှိပါဘူးဆိုတာ လက်တွေ့ပြချင်လို့ ညည်းဆီကို ငါရောက်လာခဲ့တာ"

"မေ...မေမေကြီး ဘာကိုပြောချင်တာလဲဟင်၊ ကျေးဇူးပြုပြီး ကြွေ့ကို နားလည်အောင် ပြောပြပေးပါ"

"ကျွတ်...ကျွတ် ညည်းလို မိန်းကလေးမျိုးက သနားစရာလည်း တယ်ကောင်းပါလား နှင်းသက်ကြွေ၊ အင်း ဒါကြောင့်လည်း ငါ့သားက ညည်းကို သနားခဲ့တာပဲ၊ အဲ ဒါပေမဲ့ သူတကယ် အချစ်တွေ့လာပြီဆိုတော့လည်း"

"ရှင်...အချစ် ဟုတ်လား မေမေကြီး၊ မေမေကြီး မောင်နဲ့ပတ်သက်ပြီး ဘာတွေသိထားလို့လဲဟင်၊ ကြွေ့ကို ပြောပြပါ မေမေကြီး၊ မောင်...မောင် ကြွေ့အပြင် တခြားတစ်ယောက်များ ရှိနေလို့လား"

ကြွေတစ်ယောက် ဟန်မဆောင်နိုင်တော့ပါ။ ကြွေ ယုံကြည်ချစ်မြတ်နိုးသည့် မောင်က ကြွေ့အပြင် တခြားမိန်းကလေး





တစ်ယောက် ရှိနေနိုင်ပါ့မလား။

"ငါလာတာလည်း ဒီအကြောင်း ညည်းကိုပြောပြချင်လို့ပဲ၊ ငါ့သား မိန်းကလေးတစ်ယောက်နဲ့ ချစ်နေတယ်လို့ ငါသိထားတယ်"

"ဟင်"

ရုတ်ခြည်းတော့ ကမ္ဘာကြီးက ကြွေ့အတွက် ချာချာလည်သွား၏။ ကြွေ နားကြားမှားသွားပြီလား။

"ဒီစကားတွေကြားရင် ညည်း မယုံနိုင်ဘူးဆိုတာ ငါသိတယ်၊ ဒါပေမဲ့ မယုံလို့လည်းမရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သားက ဒီမိန်းကလေးကို အတည်တကျ တွဲနေလို့ပဲ"

လွတ်ကင်းသွားရသည့် အသိစိတ်တွေကို ကြွေ သတိနှင့်မနည်းပြန်ထိန်းယူလိုက်ရင်းက လှုပ်ရှားသွားရသည့် ရင်ခုန်ခြင်း၊ စိတ်လှုပ်ရှားမှုတွေကို ကြိုးစားထိန်းလိုက်ရင်း...

"ကြွေ မယုံဘူး၊ ကြွေ မယုံဘူး မေမေကြီး၊ ဒါ မေမေကြီး ကြွေနဲ့မောင့်ကို ခွဲချင်လို့ တမင် ဒီစကားတွေ လာပြောနေတာ မဟုတ်လား၊ ကြွေ တောင်းပန်ပါတယ် မေမေကြီးရယ်၊ ကြွေတို့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းကို မခွဲပါနဲ့နော်၊ ကြွေ မောင့်ကို တကယ်ချစ်တာပါ၊ ပြီးတော့ မောင်ကလည်း ကြွေ့ကိုချစ်တယ်ဆိုတာ ကြွေ သိတယ်"

"ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကို ညည်းက ဘာကြောင့် ဒီလောက်ထိ မျက်စိမှိတ်ယုံကြည်နေရတာလဲ နှင်းသက်ကြွေ၊ ညည်း သိပ်ကိုယုံကြည်ပါတယ်ဆိုတဲ့ အဲဒီယောကျ်ားဟာ ညည်းကွယ်ရာမှာ ဘယ်လိုမျိုး ပြုမူနေထိုင်သလဲဆိုတာ ညည်းယုံအောင် ငါလက်တွေ့ပြရသေးတာပေါ့၊ ကဲ ကားပေါ်တက်"

"ရှင်"

"ငါ့သားမှာ သူတကယ်ချစ်ရတဲ့ မိန်းကလေးရှိနေပြီဆိုတာ ညည်းကို လက်တွေ့သက်သေပြမလို့လေ"

စိန်ခေါ်သူက ခေါ်နေလေပြီ။

ကြွေ ဘာကြောင့် မောင့်သစ္စာကို မယုံကြည်နိုင်ရမည်လဲ။ မောင် ကြွေ့ကိုချစ်တာ သိသလို မောင့်သစ္စာကိုလည်း ကြွေ ယုံ၏။

ယုံကြည်မှုတွေနှင့် နှင်းသက်ကြွေ ခေါ်ထားကြုကားပေါ် တက်လိုက်သည်။

ဝိုး:ဝိုး:၈၇၄၀



ရင်ထဲမှာတော့ မေမေကြီးပြောသလို မဟုတ်ပါစေနှင့်ဟု ကြိတ်၍ဆုတောင်းသည်။

တကယ်တမ်းမှာတော့ ကြွေ ဆုတောင်းသည် မပြည့်ဝခဲ့။

ဒီနေရာက စောင့်နေ၊ မောင်နဲ့ သူ့ကောင်မလေး ထွက်လာလိမ့်မည်ဟု ဆိုခဲ့သော မေမေကြီးစကားအတိုင်းပင် ကြွေ စောင့်နေခဲ့သည်။

မကြာပါ။ မေမေကြီး ပြောသည့်အတိုင်းပင် မောင် ကောင်မလေးတစ်ယောက်နှင့်အတူ ကော်ဖီဆိုင်ထဲမှ ပြုံးပြုံးရွှင်ရွှင်နှင့် တစ်ယောက်လက်ကို တစ်ယောက်ဆွဲကိုင်ကာ ထွက်လာလေ၏။

ထိုမြင်ကွင်းကို မြင်လိုက်ရသော ကြွေမှာ ရင်ထဲ နေဆယ်စင်းပေါ်ထွက်လာရသလို ပူလောင်သွားသည်။

ဘုရားရေ။

မောင် မေမေကြီး ပြောခဲ့သလို တကယ်ပဲ တခြားမိန်းကလေးတစ်ယောက်နှင့် တွဲနေသည်ဆိုတာ။

ဝိုး:ဝိုး:၈၇၄၀

www.burmeseclassic.com

www.burmeseclassic.com



ကြွေ ကြည့်နေဆဲမှာပင် ကောင်မလေးက ဘာပြောလိုက်သည်မသိ ချိုမြနွေးထွေးသော အပြုံးချိုချိုနှင့် မောင် ကောင်မလေး၏ ပါးပြင်မို့မို့လေးကို သူ့လက်နှင့် မချင့်မရဲ ဖျစ်ညှစ်လိုက်သည်။

"အား...ကိုကိုနော်၊ ဘာလုပ်တာလဲ၊ သူများနာတယ်၊ သွားကွာ ကိုကိုမကောင်းဘူး"

"ကိုကို့ကို မချစ်တော့ဘူးသိလား"

"ဟင်"

ကြွေနှင့် မလှမ်းမကမ်းမှာမို့ ပီပီပြင်ပြင် ကြားလိုက်ရသည့် စကားသံတွေက ကြွေရင်ထဲ နင့်နင့်စူးစူး ဝင်ရောက်သွားပြီး

ဝင်းဝါနုထွေးသော အသားအရေ၊ ပန်းနုရောင်ဂါဝန်လှလှလေးနှင့် သိပ်ကို လှပချစ်စရာကောင်းသော ဤအမျိုးသမီးလေးသည် မောင့်လက်ကို ပိုင်ပိုင်ကြီး ဖက်တွယ်ထားရုံမက ကြွေချစ်ရသော မောင့်ကို နှုတ်ခမ်းလေးစူလိုက် ချစ်စဖွယ်မျက်စောင်းလေးနှင့် ကြည့်လိုက်ရှိနေသည်။

ကြွေမှာ သူမကိုယ်လေးကို မမြင်အောင် ကွယ်ရပ်ရင်းက မောင့်ကို အံ့ဩသော မျက်ဝန်းတွေနှင့် ကြည့်နေမိ၏။





မောင့်အကြည့်တွေက ကောင်မလေးထံတွင် စူးစူးနစ်နစ်ရောက်ရှိနေရသလို ကြွေ့ကိုလည်း မောင် မမြင်။

မြင်တွေ့နေရသည့် ကြွေ့ရင်ထဲမှာတော့ နှလုံးသားကို လှံချွန်ချွန်နှင့် ထိုးစိုက်ခံရသလို နင့်သည်းသော နာကျင်မှုတွေက စာမဖွဲ့ပြတတ်လောက်အောင် ဖြစ်သည်။

မောင်ရယ်။

ရက်စက်လိုက်တာ။

သိပ်ရက်စက်တာပဲဆိုသည့် စကားကိုတော့ ကြွေ့ရင်ထဲ အကြိမ်ကြိမ်အခါခါ ဆိုနေမိသည်။

ကြွေ့အပေါ် ဒီလိုသစ္စာမဲ့လိမ့်မည်လို့ ကြွေ တွေးမထင်ထားမိ။ အချစ်တစ်ခုကို ယုံကြည်စွာ ကိုးကွယ်ခဲ့သည့် ကြွေ့အတွက် နာကျင်မှုတွေ ရင်နှင့်မမျှအောင် ခံစားရလေပြီ။

သစ္စာမဲ့ရက်လေခြင်းဆိုသည့် နာကျင်ခံစားမှုတွေနှင့်အတူ ရင်အစုံမှာ ထိခိုက်နာကျင်ကြေကွဲ နင့်သည်းမှုတွေကြောင့် နှလုံးသွေးစိမ်းရှင်ရှင် ထွက်ရသလို ကြွေ သိပ်ချစ်ရသည့် ယောကျ်ားတစ်ယောက်၏ သစ္စာမဲ့၊ သစ္စာဖောက်မှုကို မျက်မြင် မြင်တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်အတွက် နာကျင်စွာ ခံစားရသည့် နှလုံးသားဝေဒနာဒဏ်ကိုလည်း ကြွေ ဒီထက်ပိုကာ မခံစားနိုင်တော့။

မျက်ရည်ဇာဥက ကြွေပါးပြင်ဝါမွတ်မွတ်လေးထက် စီးကျလာကြ၏။

"အဟင့်...ဟင့်...ဟင့်"

"မောင်ရယ်"

ကြွေ့ရင်မှ ဖြစ်ပေါ်လာရသော နင့်သည်းခြင်းတွေနှင့်နင့်နင့်သည်းသည်း ပြင်းထန်စွာ ငိုရှိုက်လိုက်သည်။

ရင်ထဲမှာတော့ သစ္စာမဲ့ရက်သူ မောင့်အပေါ် အမုန်းကြီးမုန်းသွားသလို ထိုမြင်ကွင်းကိုလည်း ကြွေသည် ဆက်၍ကြည့်နိုင်ရန် အင်အားမရှိတော့။ အိုင်ဖွဲ့နေသော မျက်ရည်တွေနှင့်ပင် ထိုနေရာမှ ကြွေ အပြေးလေး ထွက်လာခဲ့သည်။

ရင်ထဲ နှလုံးသားထဲတွင် နာကျင်ခြင်းတွေကလွဲလို့ တခြားဘာကိုမှမမြင်။ နှင်းသက်ကြွေ ပါးပြင်ပေါ်သာ မျက်ရည်တွေအဆက်မပြတ် စီးကျရင်းက သတိနှင့်ကိုယ် မကပ်နိုင်တော့ပါ။

ယောကျ်ားတစ်ယောက်၏ သစ္စာဖောက်ဖျက်မှုကို မျက်ဝါး

ဂိုးမိုး ၈၁၄ ပ



ထင်ထင် မြင်တွေ့လိုက်ရသော ကြွေ့ရင်ထဲက ခံစားမှုတွေဘယ်လောက်ထိ နက်ရှိုင်းလေးနက်နေမည်ကို ခံစားဖူးသူတွေ သိနိုင်ပါလိမ့်မည်။

အားကိုးရာမဲ့သွားရသူ တစ်ယောက်လို တွယ်ရာမဲ့သူတစ်ယောက်၏ စိတ်ခံစားမှုတွေနှင့် လောကကြီးထဲတွင် ကြွေတစ်ယောက်တည်းပါလားဆိုသော အသိခံစားမှုတွေနှင့် ဘာကိုမှသတိမထား၊ သတိမပြုနိုင်တော့သော နှင်းသက်ကြွေ လမ်းတစ်နေရာ ဖြတ်အကူးမှာတော့ တစ်ဖက်ကလာသည့်ကားကို မမြင်တော့ဘဲ....

"ကျွီး"

"ဒုန်း"

"အား"

"ဟာ"

ကားဘရိတ်အုပ်သံ ရှည်ကြီးနှင့်အတူ နှင်းသက်ကြွေသည်လည်း လောကကြီးနှင့် ခဏတာ အဆက်အသွယ်ပြတ်သွားသည်။

◆ ◆ ◆

ဂိုးပိုး ၈၁၄ ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"အား…ကျွတ်…ကျွတ်"

"ဟော…မိန်းကလေး သတိရလာပြီ"

"အင်း…ကြွေ…ကြွေ ဘယ်ရောက်နေတာလဲဟင်"

"အား"

"အို…ဟဲ့…ဟဲ့ မိန်းကလေး ရမ်းမထနဲ့ဦးလေ"

ကြင်နာနွေးထွေးသော ကရုဏာသံနှင့်အတူ အိပ်ရာမှ ရုတ်ခြည်းထလိုက်သည့် ကြွေ့အား ဖေးမထိန်းလာသည့် အတွေ့ နွေးနွေးတွေကြောင့် ကြွေ သူမအနားတွင်ရှိနေသည့် အမျိုးသမီးကြီးကို ဂရုတစိုက် ကြည့်မိသွားသည်။

အို။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ အေးချမ်းလိုက်ပါသည့်မျက်နှာ။ အရွယ်ကတော့ မောင့်မေမေလောက်ပင်။

နူးညံ့ညင်သာ အေးချမ်းမှု အေးမြသည့် မေတ္တာရိပ်တွေကတော့ အမြဲလို ခက်ထန်နေသည့် မေမေကြီး ဒေါ်ထားကြူနှင့်တော့ တခြားစီဖြစ်သည်။

အေးချမ်းသော မေတ္တာရိပ်တွေနှင့် ကြွေ့အနားတွင် ရှိနေသော အမျိုးသမီးကြီးကို မြင်တွေ့လိုက်ရခြင်းသည် ကြွေ့အဖို့တော့ ပျောက်ဆုံးနေသော မိခင်ကို ပြန်တွေ့လိုက်ရသလိုမျိုး ခံစားလိုက်ရ၏။

"မိန်းကလေး နေလို့ရောကောင်းရဲ့လား"

"ရှင်…ဟုတ်ကဲ့၊ ကြွေ နေလို့ကောင်းပါတယ်"

"အင်း…တော်သေးတာပေါ့ကွယ်၊ မိန်းကလေး ဘာမှမဖြစ်လို့၊ အန်တီမာက စိုးရိမ်နေတာ၊ မိန်းကလေးက အန်တီမာကားရှေ့ အတင်းတိုးဝင်လာတာဆိုတော့ အန်တီမာလည်း ရုတ်တရက် ဘယ်လိုမှ မထိန်းနိုင်တော့ဘူးလေ၊ ဒါပေမဲ့ ကံကောင်းတာက ကားကို အန်တီမာ အချိန်မီ ဘရိတ်အုပ်နိုင်လို့ပေါ့"





ကြွေ အခုမှ သူမအဖြစ်ကို သူမ သတိရလာရသည်။ အန်တီမာဆိုသော အမျိုးသမီးကြီးပြောသလို ကြွေ ကံကောင်း၍ ဘာမှမဖြစ်ခြင်းပင်။

တကယ်တမ်း မှားတာက သူမပင်။ သတိနှင့်ကိုယ် ကင်းကွာနေသည့် ကြွေ။ သူမကိုယ်သူမ အသိပျောက်နေသူတစ်ယောက်လို သတိမထားနိုင်ဘဲ သူ့ဘာသာသူ သွားနေသည့် ကားရှေ့ကို အတင်းတိုးသွားမိခဲ့သည်။

"တောင်းပန်ပါတယ် အန်တီရယ်၊ ကြွေ့အမှားပါ"

"အို…မဟုတ်တာကွယ်၊ အဲလိုလည်း ကိုယ့်ကိုယ်ကို အပြစ်မတင်ပါနဲ့၊ မိန်းကလေး ဘာမှမဖြစ်တာကိုပဲ အန်တီမာ ဝမ်းသာနေပါပြီ၊ ဩော်…ဒါနဲ့ မိန်းကလေးက ဘယ်ကလဲ၊ အန်တီမာ ဘယ်ကိုလိုက်ပို့ပေးရမလဲဟင်၊ ဆရာဝန်ကြီး စမ်းသပ်သွားတုန်း ပြောသွားတာ မိန်းကလေးမှာ ကိုယ်ဝန်ကြီးနဲ့တဲ့လေ၊ တော်သေးတာပေါ့၊ ကလေး ဘာမှမဖြစ်သွားလို့၊ အန်တီမာဖြင့် ရင်ကိုထိတ်သွားတာ၊ မိန်းကလေးအမျိုးသား သိရင်လည်း စိုးရိမ်ရှာမှာပဲ"

အမျိုးသားတဲ့လား။ ကြွေ့ရင်မှာ နင့်ခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီမာဆိုသော အမျိုးသမီးကြီးသည် ဘာမှမသိ၍ပြောနေပေမယ့် ကြွေ့ရင်ထဲမှာတော့ နာကျင်လွန်းသဖြင့် ဆို့နင့်နေပြီ။

မျက်ဝန်းမှ မျက်ရည်တွေ ချက်ချင်းအိုင်ဖွဲ့လျက် မျက်နှာလေးပျက်သွားရသော ကြွေ့ကို အန်တီမာ နားမလည်နိုင်သလို အကဲခတ်ကြည့်ရင်း…

"ဘာဖြစ်လို့လဲ သမီး၊ တစ်ခုခု နေလို့မကောင်းလို့လား"

ငိုချင်ရက် လက်တို့ဆိုသလိုမျိုး မေးသူရှိ၍ထင် မျက်ရည်တွေက တားဆီးမရနိုင်အောင် ကျလာသည်။

"အန်တီရယ်…အဟင့်…ဟင့်…ဟင့်"

"အို…မိန်းကလေး၊ သမီးဘာဖြစ်တာလဲဟင်၊ ဘာဖြစ်လို့လဲ"

ကြင်နာနွေးထွေးသော မေတ္တာရိပ်တွေနှင့် အေးချမ်းလွန်းသည့် အန်တီမာရှေ့တွင် ကြွေ့ရင်မှာ ခံစားရသမျှ ဟန်မဆောင်နိုင်တော့။

မွန်းမွန်းကြပ်ကြပ်နှင့် နင့်သည်းစွာ ခံစားနေရသမျှတို့ကို အန်တီမာအား ရင်ဖွင့်လိုက်သည်။





"အဟင့်…ဟင့်…ဟင့်၊ အဲဒါပါပဲ အန်တီရယ်၊ ကြွေ့အဖြစ်က ကံဆိုးလွန်းပါတယ်ရှင်၊ ကိုယ်ယုံကြည်အားကိုးထားတဲ့ ယောကျ်ားရဲ့ သစ္စာဖောက်မှုကို ကြွေကိုယ်တိုင် မြင်တွေ့ခဲ့ရတာလောက် ရင်မှာခံစားရတာ မရှိတော့ပါဘူး"

နားထောင်နေရသော အန်တီမာကိုယ်တိုင်ပင် ကြွေ့နီးပါးလောက် ခံစားသွားသည်။

မိန်းမချင်းမို့လည်း အန်တီမာ ကိုယ်ချင်းစာပါ၏။ ဟန်ဆောင်မှုမပါဘဲ ပကတိဖြူဖြူစင်စင်လေးနှင့် ပြောနေသော ကြွေဆိုသည့် မိန်းကလေးကိုလည်း အန်တီမာမှာ ဘဝရေးရေစက်ကြောင့်ထင် မြင်မြင်ချင်း သံယောဇဉ်ဖြစ်မိသလို ကြွေ့စကားတွေကိုလည်း အကြွင်းမဲ့ ယုံကြည်နေသည်။

ကြွေစကားတွေက ဟန်ဆောင်မှုမရှိ။ ရိုးရှင်းသည့် ကြွေ့မျက်နှာလေးကို ကြည့်တာနှင့်ပင် သိနေ၏။

အန်တီမာ ကြွေ့လက်လေးကို ဆုပ်ညှစ်အားပေးလိုက်ပြီး

"ဘာမှအားမငယ်ပါနဲ့ သမီးရယ်၊ နောက်ပြီး သိပ်လည်း စိတ်မကောင်းမဖြစ်ပါနဲ့၊ တို့များမိန်းမသားဘဝဆိုတာက ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ အချစ်ကို ယုံကြည်ပြီဆိုရင် မျက်စိမှိတ်ပြီး ယုံကြည်တတ်တာပဲ၊ ဒါကိုပဲ ယောကျ်ားတွေက အခွင့်အရေး ယူတတ်ကြတယ်"

"ခုလည်း သမီးပြောသလိုဆိုရင် သမီးအမျိုးသားက သမီးကွယ်ရာမှာ သစ္စာဖောက်တာ ရှင်းနေတာပဲ၊ ဒီတော့ သမီး ဘာလုပ်မယ်စိတ်ကူးလဲ"

"ကြွေ သူ့ကိုမုန်းတယ် အန်တီမာ၊ သူ့မျက်နှာကို ကြွေ မမြင်ချင်သလို သူ့အသံကိုလည်း ကြွေ မကြားချင်တော့ဘူး"

"ကြွေ့အပေါ် သစ္စာဖောက်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို ကြွေ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး၊ ကြွေ သူ့ကို ဘယ်လောက်ထိချစ်ပြီး ဘယ်လောက်အားကိုးယုံကြည်တယ်ဆိုတာ သူသိရက်နဲ့ ခုလိုလုပ်ရက်တာ ကြွေ့အချစ်ကို အထင်သေးစော်ကားလိုက်တာနဲ့ အတူတူပဲ၊ အို ကြွေ သူ့ကိုမုန်းတယ်၊ သိပ်ကိုမုန်းတယ်၊ အဟင့်…ဟင့်…ဟင့်"

ပြောလည်းပြော နာကျင်ကြေကွဲခံစားမရမှုတွေကြောင့် မျက်ရည်တွေ ပါးပြင်ပေါ် ဖြိုင်ဖြိုင်ကျနေသည်။

ဝင်းဝါနုထွေးသော လှပလွန်းသည့် မျက်နှာလေးနှင့်





မလိုက်အောင် သောကဝေဒနာတွေ ခံစားနေရသော ကြွေဆိုသောသူ့ရှေ့က မိန်းကလေးကို အန်တီမာ စိတ်မကောင်းစွာ ကြည့်လိုက်၏။

ဩော်…အလှတွေ ထူးခြားစွာနှင့် လှလွန်းပါရက်နှင့် သစ္စာမဲ့ရက်၊ သစ္စာဖျက်ရက်သည့် ယောကျ်ားတစ်ယောက်ကြောင့် သောကဝေဒနာတွေ ခံစားနေရသည့်အဖြစ်။

မိန်းကလေးရယ်။

အန်တီမာမှာ စိတ်မကောင်းစွာ ညည်းညူမိလိုက်သည်။ အန်တီမာနည်းတူ အန်တီမာနှင့်အတူ ရှိနေသော ကြီးကြီးနွဲ့မှာလည်း ကြွေ၏လှသောမျက်နှာလေးကို စိတ်မကောင်းစွာ ငေးကြည့်နေသည်။

ကြွေမှာ ရင်မှာပေါ့သွားသည်အထိ အားရအောင်ငိုလိုက်ပြီးနောက် ကြွေ့ကိုယ်ကြွေ သတိနှင့်ဆင်ခြင်လိုက်ပြီး…

"ကြွေ့ကြောင့် အန်တီမာတို့လည်း စိတ်မကောင်းဖြစ်ရပြီနော်၊ ကြွေ အားနာလိုက်တာ၊ ကြွေ့ကို သွားခွင့်ပြုပါနော်"

ကြွေ ခွင့်တောင်းရင်းက သူမကိုယ်လေးကို နေရာမှထ



www.burmeseclassic.com

www.burmeseclassic.com



အရပ်...

"အို"

"သမီး"

"မိန်းကလေး သတိထားလေ"

ရုတ်တရက် ထအရပ် ယိုင်ခနဲဖြစ်သွားရသော ကြွေ့ကိုယ်လေးကို အန်တီမာနှင့် ကြီးကြီးနွဲ့ အမြန်ပင် ထိန်းလိုက်သည်။

"ရရဲ့လားဟင် မိန်းကလေး၊ အဆင်ရောပြေရဲ့လား"

"ဟုတ်ကဲ့၊ ရုတ်တရက်မို့ ကြွေ မူးသွားတာပါ၊ ကြွေ ကြွေ သွားပါတော့မယ်"

"မိန်းကလေးက ဘယ်ကိုသွားမှာလဲ"

"ရှင်"

အန်တီမာ့အမေးကို နှင်းသက်ကြွေမှာ ငိုင်ငိုင်လေးနှင့် ဘာဖြေရမှန်းမသိအောင် ရှိသွားသည်။

ဘယ်သွားမှာလဲတဲ့။

ကြွေ ဘယ်လိုဖြေရမည်လဲ။

ကြွေဆိုသော မိန်းကလေးဘဝ လမ်းပျောက်နေလေပြီ။





ကြွေ့တွင် ရည်ရွယ်ချက်တွေ၊ ဦးတည်ချက်တွေလည်း မရှိတော့။

အရာအားလုံးကို မောင်ဆိုသော လူတစ်ယောက်က ဖျက်ဆီးသွားခဲ့လေပြီ။

ရင်မှာ မျက်ခနဲ နာကျင်သွားရသည့် နာကျင်မှုကြောင့် ကြွေ့မျက်နှာလှလှလေးက ခပ်မှဲ့မှဲ့လေး ရှိသွားသည်။

"မိန်းကလေး...အန်တီမာ မေးတာ ကြားရဲ့လား"

"ရှင်"

"မိန်းကလေး ခု ဘယ်သွားမလို့လဲ"

ရင်မှာ ရှုပ်ထွေးဝမ်းနည်း နာကျင်ကြေကွဲရမှုတွေနှင့် ကြွေ့မျက်နှာလေး ငုံ့ဆင်းသွားသည်။

ကြွေ မောင့်ဆီ ပြန်ရန်လည်း စိတ်မကူးပါ။ ထိုစိတ်ကူးမှာ ကြွေ့ထံတွင် ဘယ်သောအခါမှလည်း ရှိလာလိမ့်မည်မဟုတ်။ အချစ်ကြီးသလို အမျက်ကြီးသည့် ကြွေ့အတွက် သူရိန်ခံဆိုသည့် လူတစ်ယောက်ကို ကြွေ ဘယ်တော့မှ ခွင့်လွှတ်လိမ့်မည်မဟုတ်ပါ။

သူရိန်ခံအပေါ် နာကျင်ခြင်းတွေက ကြွေ့အတွက် အသက်နှင့်အမျှ တည်ရှိသွားမှာသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြွေ့ကိုခွင့်လွှတ်ပါ အန်တီမာ၊ ကြွေ သူနဲ့အဝေးဆုံးကို ထွက်သွားပါတော့မယ်"

"အို…ဘုရား…ဘုရား၊ မိန်းကလေးနဲ့ ဘယ်လိုပြောလိုက်တာလဲကွယ်၊ ဒီလိုမျိုး စိတ်လိုက်မာန်ပါလုပ်လို့ ဘယ်ဖြစ်မလဲ သမီးရဲ့၊ ကိုယ့်မှာလည်း မပေါ့မပါးကြီးနဲ့၊ ဒီလို စိတ်ထင်ရာ လျှောက်သွားလို့ မဖြစ်ပါဘူးကွယ်"

အန်တီမာနှင့် ကြီးကြီးနွဲ့မှာ လူကြီးများပီပီ စိုးရိမ်စွာပြောသည်။

"အန်တီမာနဲ့ ကြီးကြီးနွဲ့ရဲ့ စေတနာကို ကြွေ နားလည်ပါတယ်ရှင်၊ ဒါပေမဲ့ ကြွေ သူ့ကိုစိတ်နာတယ်၊ သူ့ဆီကို ကြွေ ပြန်မသွားတော့သလို သူ့လို သစ္စာမဲ့တဲ့ လူတစ်ယောက်ကိုလည်း ကြွေ မပေါင်းနိုင်တော့ဘူး၊ ကြွေ့ထိုက်နဲ့ ကြွေ့ကံပဲ ရှိပါစေတော့ရှင်၊ အဟင့်…ဟင့်…ဟင့်"

မျက်ရည်ရွှဲရွှဲနှင့် ဆုံးဖြတ်ချက် ပြတ်ပြတ်သားသားချထားသော ကြွေ့ကိုကြည့်ပြီး ကြွေ ဆုံးဖြတ်ချက်မပြင်တော့မှန်း အန်တီမာနှင့် ကြီးကြီးနွဲ့မှာ လူကြီးများပီပီ နားလည်လိုက်၏။

စိုးပိုး ၀၁၄ပ



ကြွေ့ဘဝဇာတ်ကြောင်းစုံကို သိပြီးပြီဖြစ်သလို ကြွေကို မြင်မြင်ချင်းလည်း သံယောဇဉ်ဖြစ်မိကြသည်မို့ ကြီးကြီးနွဲ့နှင့် အန်တီမာမှာ မိန်းမချင်းကိုယ်ချင်းစာစွာ ကြွေ့ကို ဒီအတိုင်းလည်း မလွှတ်ရက်နိုင်။

အန်တီမာကိုယ်တိုင်က အပျိုကြီးဖြစ်သလို အန်တီမာနှင့် အတူ ဆွေမျိုးရိပ်မကင်း အတူနေသည့် ကြီးကြီးနွဲ့ကလည်း အန်တီမာလိုပင် အပျိုကြီးတစ်ကိုယ်တည်း။

ပွဲရုံလုပ်ငန်းတွေနှင့် အန်တီမာအတွက် စီးပွားဆိုတာ ပူပင်စရာမလို။

အဲ…လိုအပ်နေတာက အန်တီမာအတွက် နွေးထွေးသည့် မေတ္တာရိပ်။

အသက်ငါးဆယ်ကျော်ပေမယ့် ကိုယ်တိုင်ကားမောင်းကာ စီးပွားရေးကို ယခုထက်တိုင် ကိုယ်တိုင်လုပ်နေသေးသော အန်တီမာ အတွက် ဆွေမျိုးဆိုတာလည်း အလွန်နည်းပါးသည်မှာ မရှိသလောက်ပဲ။

ဘဝမှာ အထီးကျန်ဆန်ဆန် ဖြတ်သန်းလာခဲ့သော အန်တီ

စိုးပိုး ၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



မာ ကြွေဆိုသည့် ယခု သူ့ရှေ့တွင်ရှိနေသော ကြွေ့ကို ရှေးဘဝ ရေစက်တွေကြောင့်ထင် မြင်မြင်ချင်းမှာပင် သမီးလေးတစ်ယောက်လို၊ ညီမလေးတစ်ယောက်လို ချစ်ခင်မေတ္တာရိပ်တွေ ဝင်ခဲ့၏။

အရွယ်နှင့်မမျှ လှပသော ရုပ်ရည်လေးနှင့် မလိုက်အောင် ဘဝ၏ အလှည့်အပြောင်း၊ ခါးသီးမှုဒဏ်တွေကို ခံစားနေရရှာသော ကြွေမှာကလည်း မပေါ့မပါးကြီးနှင့်။

ဒီလိုဒုက္ခတွေနှင့်ကြားက ရေစက်ရှိ၍ လာဆုံရသော ကြွေကို အန်တီမာ ဒီအတိုင်းတော့ လက်လွှတ်စပယ် ပစ်ပစ်ခါခါ မပြုရက်နိုင်ပါ။

"သိပ်ပြီးလည်း စိတ်အားမငယ်ပါနဲ့ကွယ်၊ အန်တီမာတို့ ရှိပါသေးတယ်"

"ရှင်"

"ဘာကိုမှ သေသေချာချာ မဆုံးဖြတ်သေးဘဲနဲ့ သမီး ဘယ်ကိုမှ မသွားနဲ့၊ သွားခွင့်လည်း၊ အန်တီမာတို့ ခွင့်မပြုနိုင်ဘူး၊ ခုလောလောဆယ်တော့ သမီး အန်တီမာတို့နဲ့ အတူနေ၊ တခြားကိစ္စတွေကို နောက်မှ ဖြည်းဖြည်းချင်း စဉ်းစားကြတာပေါ့"





ယခုမှ တွေ့ကြရသူတွေပေမယ့် ကြွေ့အပေါ် သားသမီး တစ်ယောက်လို မေတ္တာတွေထားနိုင်လွန်းသော အန်တီမာကျေးဇူးတွေ နှင်းသက်ကြွေအတွက် ကုန်ဖွယ်ရာမရှိတော့ပါ။

အားကိုးစရာမဲ့နေသည့် ကြွေ့အတွက်တော့ အန်တီမာတို့နှင့် တွေ့ခြင်းသည် သူမရှေ့ ရွှေတောင်ကြီးပေါ်လာရသလိုပင်။

အန်တီမာအရိပ်တွင် နေလာခဲ့သော ကြွေ အချိန်တွေကြာလာသည်နှင့်အမျှ အန်တီမာနှင့် ကြီးကြီးနွဲ့အပေါ် သံယောဇဉ်တွေ ပိုလာခဲ့ရသလို အန်တီမာနှင့် ကြီးကြီးနွဲ့ကိုယ်တိုင်ကလည်း ကြွေ့ အပေါ် သမီးတစ်ယောက်လို တွယ်တာခဲ့သည်။

အချိန်တွေပြောင်းလို့ နေ့ရက်တွေ ကုန်ဆုံးလာတာနှင့်အတူ ကြွေ့ကိုယ်ဝန်မှာလည်း တဖြည်းဖြည်း မွေးဖွားရန်ရက်သို့ ရောက်ခဲ့ပြီ။

ဒီရက်တွေမှာ အန်တီမာနှင့် ကြီးကြီးနွဲ့ ကြွေ့အပေါ် မျက်စိအောက်က အပျောက်မခံသလို အရိပ်တကြည့်ကြည့်နှင့်။

အချိန်သည် ကြွေရင်ထဲက ဝေဒနာတွေကို ကုစားရင်း ကြွေလည်း တစ်ခုသော ဆောင်းနံနက်ခင်းမှာ သမီးလေးကို မွေးဖွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

သမီးလေးမွေးဖွားပြီး ကြွေ့ရင်ထဲက ဝေဒနာတွေ မေ့ပျောက်နေခဲ့သော ကြွေ့ကို အန်တီမာ သမီးအဖြစ် တရားဝင် စာချုပ်စာတမ်းနှင့် မွေးစားခဲ့သည်။

ယခင်က တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီး ချစ်စု လေး မွေးပြီးနောက် ချစ်စဖွယ် ချစ်စုလေး၏ အသံနှင့် သာယာ ခဲ့သလို အန်တီမာ၊ ကြီးကြီးနှဲ့တို့ဘဝမှာလည်း ချစ်စုလေးကို ဝိုင်းပြုစု ထိန်းကျောင်းရင်းက သက်ဝင်လှုပ်ရှားလာခဲ့သည်။

သူရိန်ဇံဆိုသည့် ယောကျ်ားတစ်ယောက်ကို ကြွေ့ဘဝမှာ နာကျင်မှုတွေနှင့် မုန်းမုန်းမေ့မေ့ထားခဲ့ကာ အန်တီမာတို့ အရိပ် အောက်မှာပင် ချစ်စရာသမီးလေးနှင့် ဘဝသစ်စခဲ့သော ကြွေမှာ သူမပညာရေးကိုလည်း အစမှပြန်၍ ကြိုးစားခဲ့သည်မှာ အမှတ် များစွာနှင့် ထူးထူးချွန်ချွန် အောင်မြင်ကာ ဆေးကျောင်းတက်ခဲ့ သည်။

ဒီနှစ်တွေမှာ ကြွေ့အတွက် ကံကောင်းသည်လို့ ပြောရမည် က သူရိန်ဇံနှင့်ပတ်သက်သည့် အရိပ်အယောင် အပိုင်းအစများကို





ကြွေ ဘာတစ်ခုမှ မတွေ့ကြုံရခြင်းပင်ဖြစ်သည်။

ကြွေ ဆေးကျောင်းတက်နေစဉ်မှာပင် အန်တီမာ ရုတ်တ ရက် ကွယ်လွန်သွားသည်။

အန်တီမာ မရှိတော့သည့်အတွက် ကြွေ ရွှေတောင်ကြီး ပြိုလဲသွားသလို ခံစားခဲ့ရ၏။

ကိုယ့်သွေးသားရင်းမဟုတ်ပေမယ့် သားအမိသံယောဇဉ် တွေနှင့် ချစ်ခင်တွယ်တာစွာ နေခဲ့ရပြန့်တော့လည်း လောကသဘာဝ တွေ့ကြုံဆုံကွဲဆိုသည့်အတိုင်း ချစ်သောသူကို သေကွဲခွဲခဲ့ပြန်သည်။

လောကဓံ၏ ရိုက်ပုတ်မှုဒဏ်ကို အသက်ငယ်ငယ်နှင့် အကြိမ်ကြိမ် ခံခဲ့ရသော ကြွေ့အတွက် တည်ငြိမ်ရင့်ကျက်မှုတွေက ကြွေ နုနုထွေးထွေးမျက်နှာလေးနှင့် မလိုက်အောင်ရှိခဲ့သည်။

ကြွေမှာ အတိတ်က နာကျင်စရာအကြောင်းတွေကို မတွေး ပါဟု အကြိမ်ကြိမ် ဆုံးဖြတ်ထားပေမယ့် တိုက်ဆိုင်မှုနှင့် သတိရ စရာတွေ ရှိလာရပြန်တော့လည်း အတိတ်က အရိပ်တွေသည် မတွေးပါဘဲနှင့်ကို ကြွေရင်ထဲ အလိုလိုရောက်ခဲ့သည်။

နာကျင်မုန်းတီးခဲ့ရသည့် လူတစ်ယောက်ကို ပြန်တွေ့နေရ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကြွေ့အတွက် ထိုလူနှင့်ဝေးရာကို ရှောင်ဖယ်ပြေးရန်လည်း မစွမ်းနိုင်တော့။

ဟင်း။

မတွေ့ချင်၊ မဆုံချင်ပါသည့်လူနှင့် ရှေ့ဆက်ရမည့် ခရီးလမ်းအတွက် ကြွေ ခုချိန်မှာ သက်ပြင်းချရုံကလွဲလို့ တခြားမတတ်နိုင်တော့။

◆ ◆ ◆

မိုး:မိုး:၈၁၉၀

## အခန်း (၁၃)

"ကရင်…ရင်…ရင်"

"သမီးကြွေရေ ဖုန်းလာတယ်၊ ကြည့်ရတာ မောင်တိုးနောင်ဆီကနဲ့တူတယ်၊ ကြီးကြီးနွဲ့မအားလို့ ကိုင်လိုက်ပါဦးကွယ်"

ကြီးကြီးနွဲ့အသံကြောင့် ဂျူတီနားရက်မို့ အိမ်တွင် ချစ်စုလေးအတွက် လိုအပ်တာများ လုပ်နေသော ကြွေမှာ မျက်နှာလေး ဝင်းပသွားပြီး…

"ဟုတ်ကဲ့ ကြီးကြီးနွဲ့၊ ကြွေ ဖုန်းကိုင်လိုက်ပါ့မယ်"

အစ်ကိုတိုးနောင်ဆီက ဖုန်းများလားဆိုသော အတွေးနှင့် ကြွေသည် ဖုန်းလေးဆီသို့ အပြေးလေးတစ်ပိုင်းနှင့် ထွက်ခဲ့၏။

ဖုန်းနားသို့ ရောက်သည်နှင့် ကြွေ ဖုန်းလေးကို

မိုး:မိုး:၈၁၉၀

www.burmeseclassic.com

www.burmeseclassic.com



ကောက်ကိုင်နားထောင်လိုက်သည်။

"ဟဲလို…ကိုတိုးလား၊ ကြွေပါ"

ချိုမြိန်သော ချစ်စဖွယ်စကားသံလေးနှင့် အပြောလေးကြောင့် တစ်ဖက်မှ ဖုန်းကိုင်ထားသော ဒေါက်တာသူရိန်ဇံရင်မှာ မချင့်မရဲနှင့် မအီမလည် လူက ရှုတည်တည်ကြီးဖြစ်သွားသည်။

သူ့အသက်နှင့်ထပ်တူ ချစ်ရသော မိန်းကလေးနှုတ်ကနေ ယောကျ်ားတစ်ယောက်၏ အမည်ကို ရင်းရင်းနှီးနှီးကြီး ခေါ်လိုက်တာမို့ ရင်မှာ ဝန်တိုမနာလိုစိတ်တွေနှင့် စိုးရိမ်မှုတွေလည်း ပိုသွားသည်။

"ဟဲလို…ကိုတိုးလား၊ ပြောလေ ကြွေ နားထောင်နေပါတယ်"

"ဟဲလို"

"ကြွေ"

"ဟင်"

သူရိန်ဇံ နှလုံးသားတွေ ဒီထက်ပိုကာ သည်းမခံနိုင်တော့။ နှလုံးသားမှ ဖြစ်ပေါ်လာသော နင့်နင့်သည်းသည်း အသံဖြင့် ကြွေ





အား ခပ်ကြိတ်ကြိတ် ခေါ်လိုက်တော့သည်။

ကြွေမှာ သူမဘယ်လိုမှ မမျှော်လင့်ထားသည့် သူ့အသံကို ကြားလိုက်ရသဖြင့် မျက်ဝန်းလေးများဝိုင်းကာ ထိတ်လန့်လို့ပင် သွား၏။

ကြည့်စမ်း။

ဒီလူ ကြွေ့ဖုန်းကို ဘယ်လိုများ သိတာပါလိမ့်။

"ဒီမှာ…ရှင် ကျွန်မဆီကို ဘာကြောင့် ဖုန်းဆက်တာလဲ၊ ကျွန်မဖုန်းနံပါတ်ကိုရော ဘယ်ကရတာလဲ"

"အပျွန်း…မေးခွန်းတွေကလည်း များလိုက်တာဗျာ၊ ကြွေ့ကို မောင် ပြောထားတယ်လေ၊ မောင့်ဘက်က ကြွေ့ကို ပိုင်ဆိုင်ဖို့ ပြန်ပြီး ကြိုးစားမယ်ဆိုတာ၊ ကြွေ့ကို မောင်ဘယ်လောက်ထိ သတိရနေလဲ သိလား"

"အို…ရှင် ဘာတွေပြောနေတာလဲ၊ ဒီစကားတွေ ရှင် ပြောနေမယ်ဆို ကျွန်မ ဖုန်းချလိုက်တော့မယ်"

"ဟိတ်…နေဦးနော် ကြွေ၊ ဖုန်းမချနဲ့၊ မောင့်စကားနားမထောင်ဘဲ ကြွေ ဖုန်းချပစ်မယ်ဆိုရင် ကြွေ့အိမ်ကို မောင်လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရလိမ့်မယ်၊ အပွန်း…မောင့်အကြောင်း သိတဲ့ယ်မဟုတ်လား၊ မလုပ်ဘူးလို့ မထင်နဲ့နော်”

“ကြည့်စမ်း…ရှင် ခြိမ်းခြောက်တိုင်း ကျွန်မက ကြောက်မယ့် မိန်းကလေးမဟုတ်ဘူး သိလား”

“ဂျောက်”

ပြောလည်းပြော ကြွေမှာ ဒေါသတွေနှင့် ဖုန်းကို ဆောင့်ချပစ်လိုက်သည်။

သူနှင့် မပတ်သက်ချင်ပါဘူးဆိုကာမှ ကြွေ့ကို ဘာကြောင့် အကြိမ်ကြိမ် နှောင့်ယှက်နေရပါသည်လဲ။

တစ်ချိန်က သစ္စာမဲ့ခဲ့သည့် သူ့ပုံရိပ်တွေကို ကြွေ့ရင်ထဲ ယခုထက်တိုင် မေ့၍မရနိုင်သေး။

နှုတ်ခမ်းလေးကို တင်းတင်းစေ့ရင်းက ကြွေ မခံချင်စိတ် ဒေါသတွေဖြစ်နေ၏။

ကြည့်ရတာ ကြွေတွင် အိမ်ထောင်မရှိသည်ကိုလည်း သိနေသည့်ပုံပင်။ ဒါကြောင့်သာ သူ ဒီလောက်ရဲတင်းနေခြင်းဖြစ်မည်။

မိုး:မိုး:စ၁၄၀



ကြွေ ဖုန်းချလိုက်၍ သူပြောသည့်အတိုင်း တကယ်ပင် ကြွေ့အိမ်ကို သူရောက်လာရင်ရော ကြွေ ဘာလုပ်ရမည်နည်း။

သူ့စိတ်ကို ကြွေ ကောင်းကောင်းသိ၏။ ဆုံးဖြတ်ပြီးလျှင် နောက်မဆုတ်တတ်သည့်သူ။

ကြွေ အတွေးတွေ ရှုပ်ထွေးနေပြီ။ ဒီနေ့ ကြွေ ဂျူတီအားရက်ဖြစ်သလို သမီးလေးလည်း ကျောင်းပိတ်သည့်ရက်မို့ အိမ်မှာ ရှိနေသည်။

မတော် သူလာလို့ သမီးလေးကို တွေ့သွားပါလျှင်။ ဟင့်အင်း…ဒီလိုတော့ မဖြစ်သေးပါ။ သမီးသည် သူ့သမီးဆိုတာကို ငြင်းပယ်၍မရအောင် ချစ်စရာလေးမျက်နှာက သူနှင့်တူလွန်းသည်။

ကြွေ တွေးရင်းက ဘာလုပ်ရမှန်းမသိတော့။ သမီးကို သူနှင့် လုံးဝပေးတွေ့၍မရပါ။ ဖခင်မေတ္တာကို တမ်းတနေသည့် ချစ်စရာလေးကိုယ်တိုင်ကလည်း ဒေါက်တာသူရိန်နှံဖကို ဖခင်လို့သိသွားပါက…။

“ဟင်း…ဦးသူရိန်နှံဖ၊ ရှင် ကျွန်မကို ဒုက္ခပေးလွန်းလှချည်လားရှင်”

မိုး:မိုး:စ၁၄၀

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတော့မည့် အခြေအနေအကြောင်းကြောင်းတွေကြောင့် နှင်းသက်ကြွေ ဘာလုပ်ရမည်ကိုပင် မစဉ်းစားတတ်အောင်ရှိနေရ၏။

"တီ…တီ…တီ"

ကြွေ အတွေးမှပင်မဆုံးသေး ခြံရှေ့တွင် ကားဟွန်းသံကြောင့် ကြွေ့ကိုယ်လေး ဆတ်ခနဲ တုန်လှုပ်သွားရသလို လူကလည်း ခေါင်းထောင်သွားသည်။

သမီး…သမီး ဘယ်မှာပါလိမ့်။

ချစ်စုလေးကို ကြည့်လိုက်ပြန်တော့ သမီး ဘယ်အချိန်ကခြံထဲရောက်နေသည်မသိ။

စိတ်လှုပ်ရှားမှုတွေ အဖုံဖုံနှင့် ချစ်စုလေးအား တိုက်ထဲသို့ပြန်ခေါ်ရန် ကြွေသည် ခြံထဲသို့အဆင်း…

"ဟင်"

ရှေ့ဆက်၍မရနိုင်တော့အောင် ကြွေ့ခြေလှမ်းတွေ နေရာမှာတင် ရပ်နေ၏။

စူးလဲ့နေသည့် ကြွေ့မျက်ဝန်းလေးအစုံကတော့ ချစ်စုလေးအား ရင်ခွင်ထဲ တင်းတင်းလေး ပွေ့ဖက်ထားသော ဒေါက်တာသူရိန်ဇံဆီကိုသာ ခပ်စိုက်စိုက်ရောက်နေသည်။

"မေမေ"

ချစ်စုလေး ကြွေ့ကိုမြင်တော့ ဒေါက်တာသူရိန်ဇံ ရင်ခွင်ထဲမှနေ လှမ်းခေါ်သည်။

"မေမေ…မေမေ ဒါ သမီးရဲ့ဖေဖေဆို၊ ဖေဖေက ဟိုးအဝေးကြီးက ပြန်လာတာတဲ့၊ ဟုတ်လား မေမေ"

ဖခင်ဖြစ်သူဆိုသော အံ့သီနှင့် မျက်နှာလေးဝင်းလက်ကာ ပျော်ရွှင်နေသော သမီးငယ်ကို ကြွေ ဘာစကားမှမဆိုနိုင်ပါ။

နှုတ်ခမ်းလေး ပေါက်ထွက်မတတ် ဖိကိုက်ထားသော ကြွေ့မျက်နှာလေးက တစ်စုံတစ်ယောက်အပေါ် နာကျင်ခံပြင်းမုန်းတီးခါးသီးခြင်းတွေနှင့် မျက်ဝန်းလေးတွေသည် စိမ်းလဲ့နေရပြီ။

"မေမေ…ဖေဖေ့ကို ခေါ်ဦးလေ"

ဘာမှမသိသည့် ချစ်စုလေးကတော့ ဒေါက်တာသူရိန်ဇံ ရင်ခွင်ထဲက ကြွေ့ကိုယ်လေးကို လျှောဆင်းကာ သူမဖခင်ဆိုသည့် ဒေါက်တာသူရိန်ဇံလက်ကို ဆွဲလျက် ကြွေရှိရာဆီသို့ ခေါ်လာသည်။




စိုးမိုးစာပေ
www.burmeseclassic.com

www.burmeseclassic.com



အချိန်ခဏလေးအတွင်းမှာ ဒေါက်တာသူရိန်ဇံ ချစ်စုလေးကို ဘယ်လိုသိမ်းသွင်းစည်းရိုက်လိုက်၍လား၊ ဒါမှမဟုတ် တကယ်ပင် သွေးကစကားပြောသည်လားမသိ။ ချစ်စုလေး ဒေါက်တာသူရိန်ဇံလက်ကို သူမလက်လေးနှင့် ဆွဲထားသည်မှာ လုံးဝမလွှတ်တော့။

"ကြွေ"

"သမီး…မေမေ့ဆီလာ"

သူခေါ်သံကို ကြွေ ဂရုမစိုက်သလို ချစ်စုလေးကို ကြွေဆီခေါ်လိုက်၏။

"ဖေဖေ့ကိုခေါ်ဦးလေ မေမေ"

အရွယ်နှင့်မမျှအောင် စကားတတ်သော ချစ်စုလေးက သူမဖခင်ကိုပါ ခေါ်နိုင်းနေပြီ။ ကြွေ ဘာလုပ်ရမည်နည်း။ သမီးဖခင်မဟုတ်ပါ ပြောလိုက်ရမည်လား။ ဒါမှမဟုတ် မေမေတို့သားအမိအပေါ် သစ္စာဖောက်၊ သစ္စာမဲ့ခဲ့သည့် လူတစ်ယောက်မို့ မေမေတို့သားအမိနှင့်သူ မသက်ဆိုင်ပါဟု ပြောရမည်လား။

သမီးကို သူ့ကိုယ်သူ ဖခင်တစ်ယောက်ပါဟု ရဲရဲဝံ့ဝံ့





ပြောခဲ့သော ဒေါက်တာသူရိန်ဇံကို ကြွေ ပို၍ခွင့်မလွှတ်နိုင်တော့။

ဒီလိုချည်နှောင်မှုတွေနှင့် ကြွေတို့သားအမိကို ချည်နှောင်မရဆိုတာ သူသိစေရမည်။

ကြွေ စူးရဲစိမ်းတောက်သည့် အကြည့်တွေကို သူ့ထံက လွှဲလိုက်ရင်း…

"သမီး မေမေပြောနေတယ်လေ၊ မေမေ့ဆီလာဆိုတာ"

"ကြွေ"

"အဟင့်"

မျက်နှာထားတင်းတင်း စကားသံမာမာနှင့် နှင်းသက်ကြွေကို တစ်ခါမှ မမြင်ဘူးသော ချစ်စုလေးမှာ အံ့သြသလို ဝမ်းနည်းစိတ်တွေနှင့် မျက်နှာလေးမဲ့သွားကာ ရှိုက်သံလေးများပင် ထွက်လာသည်။

ထိုအခါမှ ကြွေ သူ့မအမှားကို သိသွားပြီး ချစ်စုလေးနားသို့ တိုးကပ်သွားကာ…

"သမီးက လိမ္မာတယ်နော်၊ မေမေ့ဆီလာ ဟုတ်လား"

ကြွေ လျှော့ပြောနေပေမယ့် ချစ်စုလေးမျက်ဝန်းနက်နက်



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ကြွေ့ကို စိုက်ကြည့်လျက် သူမဖခင်လက်ကို မလွှတ်။

ဒီအဖြစ်က ဒေါက်တာသူရိန်နှံ့ဖ်အပေါ် နာကျင်မှုန်းတီး ခါးသီးမှုတွေနှင့် ရှိခဲ့ရသည့် ကြွေကို ပို၍နာကျင်စေသည်။

"ချစ်စု…မေမေပြောနေတာ မကြားဘူးလားသမီး၊ အဲဒီ လက်ကိုလွှတ်ပြီး မေမေ့ဆီကိုလာခဲ့"

"အဟင့်…ဟင့်…ဟင့်"

"မေမေ့ကို မချစ်တော့ဘူး"

"သမီး"

"ချစ်စု"

ဆုငေါက်လိုက်သည့် ကြွေ့စကားကြောင့် ချစ်စုလေး ဘယ်လောက်ထိ ဝမ်းနည်းသွားသည်မသိ မျက်ရည်တွေနှင့် ငိုရှိုက် ရင်းက တိုက်ထဲဆီသို့ အပြေးလေးထွက်သွားသည်။

ကြွေ သမီးနောက်သို့ အပြေးလိုက်ရန် ပြင်ပြီးမှ ဒေါက်တာ သူရိန်နှံ့ဖ်ရှိရာသို့ သူမကိုယ်လေး လှည့်လာပြီး…

"အဲဒါ ရှင့်ကြောင့်၊ ရှင် သွားပါတော့"

ဒေါက်တာသူရိန်နှံ့ဖ်အပေါ် ဒီထက်ပိုကာ ဆိုလိုက်ချင်ပေ





မယ့် ခုချိန် ကြွေအတွက် သမီးက အရေးကြီးသည်မို့ သမီးနောက် ဆီသို့သာ အပြေးလေးလိုက်ခဲ့သည်။

ချစ်စုလေးကို ကြွေ ဘယ်လိုချော့ချော့ မရ။ ဖခင်ကို တမ်းတနေသည့် သမီးတစ်ယောက်အနေနှင့် ဒေါက်တာသူရိန်နှံ့ဖ်ကို သူမဖခင်ရယ်လို့ သိပြီးကတည်းက တစ်ချိန်လုံး ဖခင်ကိုသာ တမ်းတနေသည်။

တစ်ချိန်လုံး ဖေဖေ့ကို ခေါ်ပေးပါဟု ငိုကာပြောနေသော ချစ်စုလေးကိုကြည့်ပြီး ကြွေမှာ ချစ်စုလေးအပေါ် ကရုဏာဒေါသ တွေနှင့်အတူ သမီးလေး၏ ရင်ထဲကို ဝေဒနာလာပေးသော ဒေါက်တာ သူရိန်နှံ့ဖ်ကိုလည်း ကြွေ ဒေါသများဖြစ်၍မဆုံးတော့။

ဒေါက်တာသူရိန်နှံ့ဖ် ကြွေဘဝထဲ ထပ်ပြီးရောက်မလာခဲ့ပါ လျှင် ချစ်စုလေးနှင့်ကြွေလည်း ဒီလိုဝေဒနာတွေ ခံစားရမည်မဟုတ်။ ခုတော့ ဖခင်ကို တမ်းတနေသော ချစ်စုလေးမှာ ဖခင်ကိုတွေ့မြင် ပြီးကာမှ ရုတ်ခြည်း ပြန်လည်၍ ပျောက်ကွယ်သွားသည့် အဖြစ် ကြောင့် စိတ်မှာ ပို၍ခံစားနေရ၏။ ကြွေမှာ ဘယ်လိုမှ ချော့၍မရ သလို ဘာကျွေးကျွေးလည်း မစားတော့သည့် ချစ်စုလေးမှာ ကြွေ

www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်နေသည့်ကြားကပင် အဖျားက ဝင်လာ၏။

ဆူဖို့ငေါက်ဖို့ဝေးလို့ စကားသံမာမာနှင့်မျှ အပြောမခံခဲ့ဘူးသော ချစ်စုလေးမှာ ကြွေ့စကားသံ ခပ်မာမာကြောင့် ဝမ်းနည်းသွားသလို ဖခင်ကို တွေ့ပါလျက်နှင့် မြင်တွေ့ခွင့်မရတော့သည့် အဖြစ်များကြောင့် အဖ်ပျက်၊ အစားပျက်ဖြစ်ရရုံမက နှလုံးသားနုနုလေးမှာ ဒဏ်ရာတွေရသွားသလို ဖြစ်သွားသည်။

အစကတော့ ကြွေကိုယ်တိုင်က ချစ်စုလေး အဖျားကို သာမန်အဖျားလောက်သာ ထင်ခဲ့ပေမယ့် တဖြည်းဖြည်း ရက်လေးတွေ ကြာလာသည်နှင့် ချစ်စုလေးအဖျားသွေးက မကျသလို အဖျားက ထင်ထားတာထက် ပို၍တက်လာသည့်အတွက် စိုးရိမ်လာ၏။

တစ်ခါမှ ဒီလိုမဖြစ်ဘူးသည့် ချစ်စုလေးကြောင့် ကြွေမျက်စိမျက်နှာပျက်နေရရုံမက ချစ်စုလေးအတွက် စိုးရိမ်စိတ်တွေကလည်း ကြွေရင်ထဲ ဘာနှင့်မှ နှိုင်းမရနိုင်။

အဖျားတွေကြီးကာ ကယောင်ကတမ်းနှင့် တစ်ချိန်လုံးလိုလို ဖခင်ဖြစ်သူကိုသာ တမ်းတနေသည်မို့ ကြီးကြီးနွဲ့နှင့် ကြွေမှာ ဘာလုပ်လို့ လုပ်ရမှန်းလည်းမသိ။





တခြားအရာတွေဆိုပါက ကြွေ့အနေနှင့် ဖြည့်ဆည်းကောင်း ဖြည့်ဆည်းလို့ရနိုင်ပေမယ့် ယခု သူမတမ်းတနေသူက 'ဖေဖေ'ဆိုသည့်စကားကြောင့် လူကြီးတွေအတွက် အခက်တွေ့နေ၏။

အဖျားကလည်း ခုထက်ထိ မကျနိုင်။ သမီးစိတ်ထဲ စွဲနေသည့် အစွဲကို ကြွေ နားလည်သင့်သလောက် နားလည်၏။

ခက်တာက ဒီအဖြစ်ကို ကြွေ ဘယ်လိုဖြေရှင်းရမှန်းမသိ။

ဒေါက်တာသူရိန်ဖုံဆိုသည့် လူနှင့်လည်း ကြွေ မဆုံချင်။ ထို့အတူ ပတ်သက်ရမှာကို ကြွေ စိုးရွံ့နေသည်။

တစ်ဖက်ကလည်း ချစ်စုလေး ကျန်းမာရေးအခြေအနေကို ကြွေ စိတ်မချနိုင်။

ချစ်စုလေးဆိုတာ ကြွေ့ဘဝ၊ ကြွေ့အသက်။

သမီးအတွက် ကြွေ ဘာကိုပဲပေးဆပ်ရ ပေးဆပ်ရ ကြွေ့ဘက်က ပေးဆပ်ရန် အသင့်ဆိုသော်လည်း ခုဟာက ကြွေ့ဘဝမှာ ခါးသီးမှန်းတီးနေရသည့်သူ။ ကြွေ့ဘဝကို နာကျင်ကြေကွဲမှုတွေ ဖြစ်စေရသော လူတစ်ယောက်နှင့် ပတ်သက်ရမည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"ကြွေတော့ ဘာလုပ်ရမယ်ဆိုတာ မသိတော့ပါဘူး ကြီးကြီးနွဲ့ရယ်၊ ခု သမီးအခြေအနေကလည်း ကြီးကြီးနွဲ့မြင်တဲ့အတိုင်း သူ့အဖေကိုပဲ ဝစ်ချိန်လုံး တမ်းတနေတာ၊ ဒီပုံနဲ့ဆို ကြွေ ဘယ်လိုလုပ်ရမလဲ ကြီးကြီးနွဲ့ရယ်"

ချစ်စုလေး ဖခင်နှင့်ပတ်သက်ကာ ကြီးကြီးနွဲ့မှာ အကုန်သိထားသည်မို့ ကြွေ၏ နွမ်းလျနေသော မျက်နှာကို ကရုဏာသက်သော မျက်ဝန်းတွေနှင့် ကြည့်ကာ ကြွေ့လက်လေးကို အားပေးသလို ဆုပ်ကိုင်လိုက်ရင်း…

"ဖြစ်လာမှတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ သမီးရယ်၊ ချစ်စုလေးက သူ့အဖေကို တွေ့သွားပြီပဲ၊ ကြီးကြီးနွဲ့ပြောချင်တာကတော့ ခုချိန်မှာ ချစ်စုလေးအတွက်ကိုပဲ ကြီးကြီးနွဲ့တို့ကြည့်ရမယ်"

"ကြွေ နားလည်ပါတယ် ကြီးကြီးနွဲ့ရယ်၊ ဒါပေမဲ့ ကြွေ သူ့ကိုမတွေ့ချင်ဘူး"

"သမီး ဘယ်လိုခံစားနေရတယ်ဆိုတာ ကြီးကြီးနွဲ့သိတယ်၊ ကိုယ့်ခံစားမှုထက် ချစ်စုလေးရဲ့ ခံစားမှုကို ခုချိန်မှာ ဦးစားပေးရတော့မယ်လေ၊ ခုပဲကြည့် ချစ်စုလေးရဲ့ရောဂါက သမီး





ဘယ်လောက်ပဲ ဂရုစိုက်စိုက်၊ ဘယ်မှာထူးခြားလာလို့လဲ၊ အဲဒါ ဘာလဲဆိုတော့ ချစ်စုလေးက သူ့ဖခင်ကို တမ်းတနေတယ်ဆိုတာကို ပြတာပဲ"

ကြွေ နှုတ်ဆိတ်သွားသည်။ ဆရာဝန်ဖြစ်သည့် ကြွေအနေနှင့် သမီးလေး၏ဝေဒနာကို သိသည်။ ချစ်စုလေးဖျားသည်က ရိုးရိုးမဟုတ်။ ဖခင်ဖြစ်သူကို တမ်းတလွမ်းရသည့်စိတ်နှင့် ဖျားနေခြင်းသာဖြစ်သည်။

ဒီလိုအဖျားက ဆေးနှင့်ကု၍လည်း ရမည်မဟုတ်။ သူမစိတ်ထဲတွင် ဖြစ်ပေါ်နေသည့် ခံစားမှုတွေကို မိခင်တစ်ယောက်အနေနှင့် ကြွေ နားလည်စွာ ကုသပေးရမည်။

ဒီရက်တွေအတွင်းမှာ ကြွေ ခွင့်ယူထားသည်မို့ အလုပ်သို့လည်းမသွားဖြစ်။

သမီးလေးအတွက် စိတ်တွေရှုပ်ထွေးကာ သောကတွေဖြစ်နေသည်။

"ကြီးကြီးနွဲ့ အကြံပေးချင်တာကတော့ ချစ်စုလေးကို သူ့အဖေနဲ့ ပေးတွေ့လိုက်တာက အကောင်းဆုံးပဲလို့ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကြီးကြီးနဲ့ ပြောသလိုပဲ ခုအခြေအနေက ကြွေ့အတွက် တခြားရွေးချယ်ဖို့ မရှိတော့ဘူး၊ ကြွေ့အတွက် ရင်ထဲမှာ ဘယ်လောက်ပဲ နာကျင်နေပါစေ သမီးအတွက် ကြွေ ဒီလိုပဲ ဆုံးဖြတ်ရတော့မှာပေါ့ ကြီးကြီးနဲ့ရယ်"

ရင်မှာ နာကျင်လွန်းမကသော ခံစားမှုတွေကို ကြွေ ဂရုမစိုက်။ အလေးမထားနိုင်တော့ပါ။

ထိုအရာတွေထက် အရေးကြီးသော သမီးလေး၏ ကျန်းမာရေးအတွက် ကြွေ ဒေါက်တာသူရိန်ဖံအပေါ် မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို သူ့မျက်နှာကို မမြင်တွေ့ချင်ပေမယ့် သမီးလေးကြောင့်ပင် ရင်ဆိုင်မြင်တွေ့ရန်မှတစ်ပါး။

◆ ◆ ◆



အခန်း (၁၄)

"ကြွေ့ကိုကြည့်ရတာ မောင့်ကို တစ်ခုခုပြောချင်နေသလိုပဲ၊ ကြွေ မောင့်ကို တစ်ခုခုများ ပြောစရာရှိနေလို့လား"

"ရှင်"

ကြွေမှာ သူ့မမျက်နှာရိပ် မျက်နှာကဲကို နားလည်နိုင်လွန်းသော ဒေါက်တာသူရိန်ဖံကြောင့် မျက်နှာလေးပျက်သွားသည်။

ကြွေ ဘာပြောရမည်လဲ။

တကယ်တော့ ကြွေ့မှာ သမီးလေး နေမကောင်းသည့်အဖြစ်ကို သူ့မဘက်ကစကာ သူ့အား ဘယ်လိုပြောရမည်မှန်းမသိပါ။

ကြွေ့ဘက်က စပြောရမည့်အဖြစ်မို့ ကြွေမှာ သူ့မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ ကြည့်မိနေသည်။

ဒါကို သူကလည်း သိနေပုံရပါ၏။ ကြွေ သူ့ကို ဘာမှ မပြောဘဲ နှုတ်ဆိတ်လျက် ကျောခိုင်းလိုက်၏။

ဂျူတီပြီးပြီမို့ အိမ်ပြန်ရန်ပြင်နေသည့် ကြွေ့အနားသို့ သင်းပျံ့သောကိုယ်ရနံ့နှင့်အတူ ဒေါက်တာသူရိန်ဇံ ရောက်လာ၏။

"ကြွေ"

သူခေါ်ပေမယ့် ကြွေ မထူး။

"ကျွန်မ ပြန်တော့မယ်"

ရှေ့မှာ ပိတ်ရပ်နေသူကို ကြွေ ဒါပဲပြောလိုက်သည်။ သူရိန်ဇံကတော့ ကြွေ့စကားကို မကြားသလို ကြွေ့ရှေ့ကလည်း ဖယ်မသွားပါ။

"မောင် မေးထားတာ ဖြေပါဦး ကြွေ၊ ကြွေ မောင့်ကို ပြောစရာရှိနေလားဆိုတာ"

"ရှင့်ကို ကြွေ ဘာမှပြောစရာမရှိဘူး ဒေါက်တာ"

"တီ…တီ"

ကြွေ့စကားအဆုံးမှာ ကြွေ့ဖုန်းက အသံမြည်လာ၍





နားထောင်လိုက်တော့…

"ရှင် သမီးလေးသိပ်ဖျားနေတယ် ဟုတ်လား၊ ဟုတ်ကဲ့ အခုပဲ ကြွေ ပြန်လာပါပြီ"

"ကြွေ သမီးဘာဖြစ်တာလဲ"

ဒေါက်တာသူရိန်ဇံ့ အမေးကို ကြွေ မဖြေ။ သူ့နားက မပြေးရုံတမယ် ခြေလှမ်းများနှင့် ထွက်သွားသည့် ကြွေနောက်ကို သူလိုက်ခဲ့သည်။

"သမီးဖျားနေတယ် ဟုတ်လား ကြွေ"

သူ ကြွေ့နောက်လိုက်ပြီး မေးပေမယ့် ကြွေက မဖြေ။

"ကြွေ"

"ရှင် ကြွေ့ကို မနှောင့်ယှက်ပါနဲ့ ဒေါက်တာ"

"သမီးအခြေအနေ စိုးရိမ်ရလား ကြွေ၊ ခုကော သမီး ဘယ်လိုနေလဲ"

"သမီးက အဖျားမကျဘူး၊ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ ကြွေ"

သမီးဖျားသည်ဆိုတာနှင့် ဒေါက်တာသူရိန်ဇံမှာ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပျက်ပျက်နှင့် မေးလိုက်သည်။

"အဲဒါ ရှင့်ကြောင့်ပဲ ဒေါက်တာ"

"ဗျာ…ဘယ်လို ကြွေ၊ မောင့်ကြောင့် ဟုတ်လား"

"ရှင် သမီးကို ဝေဒနာတွေပေးခဲ့လို့ သမီး ခုလိုဖြစ်ရတာ"

"ကြွေ ပြောတာက"

"သမီး သူ့အဖေကို တမ်းတနေတယ်"

"ဟင်…ကြွေရယ်"

ဒါပဲပြောပြီး ကြွေ ကားပေါ်တက်ကာ နေရာက မောင်းထွက်ခဲ့သည်။ သူရိန်ဇံလည်း သူ့ကားနှင့် ကြွေနောက်က လိုက်ခဲ့သည်။ ကြွေမှာ ဒေါက်တာသူရိန်ဇံ သူ့မအိမ်ကို အတူလိုက်လာတာကို ဘာမှမပြောနိုင်တော့။

"ရှင့်ကို ကြွေ သိပ်မုန်းတယ်ဒေါက်တာ၊ ဒါပေမဲ့ ခုချိန်မှာတော့ သမီးမျက်နှာနဲ့မို့ ရှင့်ကို ကြွေ သည်းခံလိုက်မယ်၊ ရှင်သိထားဖို့က ကြွေတို့သားအမိကို ရှင် ဒီထက်ပိုပြီး ဒုက္ခမပေးပါနဲ့ ဆိုတာပဲ"





"ကြွေရယ်"

ရစ်ဝိုင်းလာရသော မျက်ရည်တွေနှင့် ဆိုလိုက်သည့် ကြွေ့ကို ဒေါက်တာသူရိန်ဇံမှာ ရင်မှာ ကြင်နာသနားကရုဏာတွေနှင့် ကြည့်လိုက်သည်။

ကြွေရင်မှ ဝေဒနာကို သူကောင်းစွာနားလည်နေရပြီပဲလေ။

ဒေါက်တာသူရိန်ဇံ သမီးလေးဆီသို့ ရောက်တော့ ချစ်စုလေးမှာ သူထင်ထားတာထက်ပင် အဖျားတွေပိုနေသည်။

သမီးဖြစ်သူကို ကြည့်ကာ ဒေါက်တာသူရိန်ဇံ စိုးရိမ်သွားပြီး…

"သမီးဒီလောက်ဖျားနေတာ မောင့်ကို ဘာလို့မပြောရတာလဲ ကြွေ"

သူ့စကားကို ကြွေ ဘာမှမပြောဘဲ ခေါင်းငုံ့နေ၏။

ဒေါက်တာသူရိန်ဇံမှာ ကြွေ့မျက်နှာကို စူးခနဲ တစ်ချက်စိုက်ကြည့်ပြီးနောက် သက်ပြင်းချကာ…

"မောင်က သမီးရဲ့အဖေပါ ကြွေ၊ ဘာပဲဖြစ်ဖြစ် ကြွေ့အနေနဲ့ သမီးနဲ့ပတ်သက်ပြီး မောင့်ကို ပြောသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသူရိန်ဖုံ အဖျားကြီးနေသော သမီးလက်လေးကို စိုးရိမ်စိတ်တွေနှင့် ဆုပ်ကိုင်ကာ သမီးမျက်နှာကို ကြည့်နေသည်။

ချစ်စုလေး၏ မသိစိတ်ထဲ သူမအနား ဖခင်ဖြစ်သူ ရောက်လာသည်ကို သိ၍ထင် မျက်ဝန်းလေး ဖွင့်လာ၏။

"ဖေဖေ"

သူ့ကိုမြင်တော့ ချစ်စုလေး 'ဖေဖေ'ဟု အားရဝမ်းသာ ခေါ်သည်။ ဒေါက်တာသူရိန်ဖုံ ချစ်စုလေးကိုယ်ကို တင်းတင်းလေး ပွေ့ဖက်ရင်းက ချစ်စုလေးပါးပြင်ကို ရှိုက်နမ်းလိုက်ကာ…

"သမီး…ဖေဖေ့သမီးလေးရယ်"

"အဟင့်…ဟင့်…ဟင့်၊ ဖေဖေ သမီးကို ထားမသွားပါနဲ့နော်၊ သမီး ဖေဖေ့ကိုလွမ်းတယ်"

"သမီးရယ်"

ဒေါက်တာသူရိန်ဖုံရင်ထဲ ထိထိခိုက်ခိုက် ကြေကွဲသွားသည်။ ဖခင်မေတ္တာကို တမ်းတနေသည့် သမီးလေး၏ ရင်ထဲက ဝေဒနာက နက်ရှိုင်းလွန်းနေသည်။

ဖခင်ရိုပါရက်နှင့် ဖခင်မေတ္တာမဲ့နေရှာသော သမီးလေးကို





ဒေါက်တာသူရိန်ဖုံ သနားကြင်နာခြင်းတွေနှင့် ထွေးပိုက်ထားရင်းမှ…

"စိတ်ချပါသမီးရယ် ဖေဖေ သမီးကို ခွဲမသွားတော့ပါဘူးဗျာ၊ ခုချိန်ကစပြီး သမီးလေးအနားက ဖေဖေ ဘယ်မှမသွားတော့ဘူး ဟုတ်လား"

"တကယ်လား ဖေဖေ"

"အဟွန်း…ဟွန်း…ဟွန်း တကယ်ပေါ့ သမီးရဲ့"

"မေမေ ဖေဖေပြောတာ ဟုတ်လားဟင်"

"ဟင်…အင်း၊ ဟုတ်တယ် သမီး၊ သမီးဖေဖေပြောတာ ဟုတ်တယ်"

"ခစ်…ခစ်…ခစ်၊ သမီးပျော်လိုက်တာ၊ ဖေဖေရယ် မေမေရယ် သမီးရယ် တူတူနေရတော့မယ်ပေါ့နော်၊ ဖေဖေ့ကိုချစ်တယ်၊ မေမေ့ကိုလည်း ချစ်တယ်"

"သမီး…သမီးလေးရယ်"

အဖျားသွေးတွေနှင့် နွမ်းလျသည့်ကြားက အပျော်တွေနှင့် ကြည်လင်သွားသော သမီးမျက်နှာလေးကို ဒေါက်တာသူရိန်ဖုံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြွေမှာ အပြုံးတွေနှင့် ငေးကြည့်နေသည်။

ဒေါက်တာသူရိန်ဖုံမှာ ချစ်စုလေးကို အနီးကပ်သေချာ ပြုစုပေးတာအပြင် ချစ်စုလေး တမ်းတနေသည့် ဖခင်မေတ္တာကိုပါ အပြည့်အဝပေးကာ ဂရုစိုက်ကြင်နာယုယလွန်းတာကြောင့် ချစ်စု အဖျားမှာ သိသိသာသာ ကျသွား၏။ ဒီရက်တွေအတွင်း ဒေါက်တာသူရိန်ဖုံ ချစ်စုလေးကို ကိုယ်ဖိရင်ဖိနှင့် သူကိုယ်တိုင် နေ့မအား ညမအား အနီးကပ် သေသေချာချာ ပြုစုလျက် ဖခင် မေတ္တာ တမ်းတနေရှာသော သမီးလေးကို ဖခင်မေတ္တာ အပြည့် အဝ ပေးခဲ့သည်မို့ သမီးက သိပ်ပျော်နေ၏။ အဖေကို သူ့အနားက အပျောက်မခံ။

နေ့နေ့ညည မအားအောင်ပင် အလုပ်နှင့် ချစ်စုလေးကြား ပင်ပန်းသွားသည့် ဒေါက်တာသူရိန်ဖုံမှာ ချစ်စုလေး အဖျားသက်သာ သွားပြီးနောက် သူက ဖျားသည်။

"ကြွေရေ"

"ရှင်…ကြီးကြီးနွဲ့"

ဆေးစာအုပ်တစ်အုပ်ကို စိတ်ဝင်တစား ဖတ်နေသော ကြွေ





မှာ ကြီးကြီးနွဲ့၏ ခေါ်သံကြောင့် ခေါင်းလေးထူသွားသည်။

"ဘာများလဲ ကြီးကြီးနွဲ့"

မျက်စိမျက်နှာပျက်နေသော ကြီးကြီးနွဲ့ကိုကြည့်ပြီး ကြွေ မျက်ခုံးလေး အတွန့်ချိုးကာ မေးလိုက်သည်။

"မောင်သူရိန်ဖုံ အဖျားတွေတက်နေလို့"

"ရှင်"

"သူဖျားနေတယ် ဟုတ်လား ကြီးကြီးနွဲ့"

"ဟုတ်တယ် ကြွေ၊ ကြီးကြီးနွဲ့ ရောက်သွားတော့ ချစ်စု လေးဘေးမှာ စောင့်ရင်း အဖျားတွေတက်နေတဲ့ မောင်သူရိန်ဖုံကို တွေ့ရတာ၊ သူကတော့ ကြွေ့ကို မသိပါစေနဲ့တဲ့လေ၊ ဒါပေမဲ့ ကြီးကြီးနွဲ့ မပြောဘဲလည်း မနေနိုင်ဘူး၊ မောင်သူရိန်ဖုံ ကြည့်ရတာ အဖျားတော်တော်ကြီးနေသလိုပဲ၊ အဲဒါ ကြွေ လိုက်ကြည့်လိုက်ပါ ဦး"

ကြွေ မနေသာတော့။ သူ ခုတလော သမီးနှင့်အလုပ်တွေ ကြား ပင်ပန်းနေသလို မျက်နှာလည်း နွမ်းနေတာကို ကြွေ သတိ ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုလို သူဖျားပြီဆိုတော့ ကြွေ မနေသာတော့။ ချစ်စုလေး အခန်းထဲတွင် ချစ်စုလေးကို စောင့်ရင်း ဆိုဖာရှည်ကြီးပေါ်တွင် လျော့ရဲရဲနှင့် မျက်လုံးမှိတ်ကာ မှိန်းနေသော ဒေါက်တာသူရိန်ဇံကို ကြည့်ပြီး ကြွေ့ရင်မှာ ကျင်ခနဲဖြစ်သွားသည်။

လက်ကောက်ဝတ်နှင့် သူ့နဖူးကို စမ်းလိုက်တော့ ကြွေ မျက်လုံးများ ပြာဝေသွားသည်။

"ဘုရားရေ…အဖျားတွေ အရမ်းတက်နေပါလား၊ ဒုက္ခ ပါပဲနော်"

မထင်မှတ်ဘဲ အဖျားတွေ အရမ်းကြီးနေသည့် ဒေါက်တာ သူရိန်ဇံကြောင့် ကြွေ စိုးရိမ်ပူပန်မှုတွေနှင့် ပျာယာခတ်သွားသည်။

"ဒီမှာ…ဒီမှာ ဒေါက်တာ"

မငံ့မရဲ ကြွေ့အသံလေးကို ကြားပေမယ့် ဒေါက်တာ သူရိန်ဇံမှာ ပြန်၍မထူးနိုင်အောင်ရှိနေသလို မျက်ဝန်းများကိုလည်း မဖွင့်ချင်ဖြစ်နေသည်။

"အို…ဒုက္ခပါပဲ၊ ကြီးကြီးနွဲ့…ကြီးကြီးနွဲ့"

"ဘာများလဲ ကြွေ"





"လာပါဦး ကြီးကြီးနွဲ့ရယ်၊ သူ အရမ်းဖျားနေတယ်၊ သမီးအခန်းထဲမှာလည်း ထားလို့မဖြစ်ဘူး၊ လောလောဆယ်တော့ ကြွေ့အခန်းထဲမှာပဲ ခဏထားမှဖြစ်လိမ့်မယ်"

ဒေါက်တာသူရိန်ဇံအတွက် စိုးရိမ်ပူပန်နေသော ကြွေ့ကို ကြည့်ကာ ကြီးကြီးနွဲ့ရင်မှာ ကျိတ်၍ ဝမ်းသာသွားသည်။

ဒေါက်တာသူရိန်ဇံနှင့် ပတ်သက်ကာ ကြွေ့အခြေအနေက အများကြီး တိုးတက်လာရပြီ မဟုတ်ပါလား။

မိန်းမသားနှစ်ယောက် တွဲမကာ ဒေါက်တာသူရိန်ဇံကို ကြွေ့အခန်းထဲသို့ ခေါ်လာခဲ့၏။ တခြားအခန်းတွေရှိပေမယ့် လောလောဆယ် လူတစ်ယောက်နေဖို့အတွက် ဘာမှမပြင်ဆင်ထားရ သေး။

ကြွေ့ခုတင်ပေါ်မှာပင် ဒေါက်တာသူရိန်ဇံ ရောက်သည်နှင့်…

"ကြီးကြီးနွဲ့…ကြွေ့ကို ရေနွေးယူခဲ့ပေးပါနော်"

"အေး…အေး ကြွေ၊ ကြီးကြီးနွဲ့ ယူခဲ့ပေးမယ်"

မကြာပါ။ ကြီးကြီးနွဲ့ ရေနွေးနှင့်အတူ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကြွေ၊ ရေနွေး"

"ကျေးဇူးပဲ ကြီးကြီးနွဲ့၊ ဩော်...ဒါနဲ့ သမီးနား"

"ကြီးကြီးနွဲ့ အခုပဲသွားလိုက်မယ်၊ ချစ်စုလေးလည်း သက်သာပြီဆိုတော့ သိပ်ပြီး စိုးရိမ်စရာမရှိတော့ပါဘူး၊ ကြွေသာ မောင်သူရိန်နံ့ဖကို ဂရုစိုက်လိုက်ပါ"

လူမမာနှစ်ယောက်ကြားတွင် အလုပ်ရှုပ်သွားသည့် ကြီးကြီးနွဲ့ကို ကြွေ အားနာသွားသည်။

ကြွေ ဒေါက်တာသူရိန်နံ့ဖကို ဆေးတစ်လုံးထိုးပေးလိုက်ပြီးနောက် သူ့အနားတွင်နေကာ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

"ကြွေ...ကြွေ"

"သမီး"

ယောင်ယမ်း၍ ဒေါက်တာသူရိန်နံ့ဖ ခေါ်နေသည်။ နှင်းသက်ကြွေမှာ သူ့ရင်ဘတ်ပေါ် စောင်ဖွဖွတင်ပေးကာ စိတ်မကောင်းဖြစ်၏။

ဒီနောက် အဖျားသွေးတွေနှင့် သူ့မျက်နှာချောချောကိုလည်း





ငေးခနဲ ကြည့်မိသည်။

ကြည့်စမ်းပါဦး။

ဒါ သူမသိပ်ချစ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်တဲ့လား။ အတိတ်မှအဖြစ်တွေကို ကြီးကြီးနွဲ့မှတစ်ဆင့် သူရှင်းပြခဲ့သည်မို့ ကြွေမှာ အားလုံးကို သဘောပေါက်နားလည်ခဲ့ရပြီဖြစ်သည်။

တကယ်တော့ မောင့်မေမေ ဒေါ်ထားကြူသည် သားဖြစ်တဲ့သူနဲ့ ကြွေကို သဘောမတူ။ မကြည်ဖြူသည်မို့ တမင်ပင် မောင်နှင့်ကြွေ့ကြား သွေးကွဲအောင်၊ နားလည်မှုတွေလွဲမှားအောင် ဖန်တီးခဲ့သည်။

မောင့်ဘေး၀ွင် မောင့်လက်ကိုတွဲ၍ ကြွေ မြင်ခဲ့ရသည့် မိန်းကလေးကလည်း တခြားသူမဟုတ်ပါ။ နိုင်ငံခြားမှနေ မြန်မာပြည်သို့ အလည်ရောက်လာသော မောင့်ညီမဝမ်းကွဲတစ်ယောက်သာဖြစ်၏။

နိုင်ငံခြားမှ ခဏအလည်ရောက်လာသော မောင့်ညီမဝမ်းကွဲကို မောင့်မိခင်ကပင် ကာယကံရှင်တွေ မသိအောင် အသုံးချကာ ကြွေ့အား အထင်လွဲအောင် လုပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြီးတော့ အမျက်ကြီးဆိုသလို မောင့်အပေါ် သိပ်ချစ်ခဲ့သော ကြွေမှာ ထိုအဖြစ်ကိုပင် အထင်လွဲကာ မောင့်အား အမုန်းကြီးမုန်းလျက် အနာကြည်းကြီး နာကြည်းသွားခဲ့ရသည်။

ကြွေသိပ်ချစ်သော မောင်နှင့် နှစ်ပေါင်းများစွာ ဝေးကွာခဲ့သလို မောင်နှင့်ပြန်ဆုံရပြန်တော့လည်း မောင့်ထံမှ ရှင်းပြတောင်းပန်မှုများကို ကြွေ လက်မခံခဲ့ပါ။

တစ်ဖက်သတ် အထင်လွဲမှားမှုတွေနှင့် နာကြည်းမုန်းတီးခဲ့သော ကြွေ့အတွက် ထိုအဖြစ်တွေက ခုတော့ နောင်တရနေပြီ။

ကြီးကြီးနွဲ့ပြောပြသည်မှာ မောင့်မေမေသည် ဆုံးပါးသွားပြီဖြစ်သလို မောင့်ဖေဖေမှာလည်း ရိပ်သာသို့ ဝင်သွားပြီ။

တစ်ယောက်တည်း ကျန်ခဲ့သော မောင် တစ်ဖက်သတ် အထင်လွဲသွားသော သူမကို ဘဝတိရစ္ဆာန်တလွှမ်းဆွတ်မှုတွေနှင့် ဘယ်လောက်ပင်ပန်းခဲ့ရှာမလဲ။

ရှင်းပြခွင့်ကိုမှ မပေးဘဲ တစ်ဖက်သတ် အထင်လွဲမှားမှုတွေနှင့် သူ့ဘဝထဲက ရုတ်ခြည်းပျောက်ကွယ်သွားသော ကြွေကြောင့် မောင် ခံစားခဲ့ရမည်ကတော့ သေချာပါသည်။ ကြွေ





မောင့်အပေါ် ရက်စက်စိမ်းကား ပစ်ပယ်ထားခဲ့သည်။

"ကြွေရယ် မောင့်ကိုခွင့်လွှတ်ပါဗျာ၊ မောင် ကြွေ့အပေါ်မှာ သစ္စာမဖောက်ခဲ့ပါဘူး"

ပူဆွေးနေသည့် မောင့်နှုတ်ခမ်းအစုံပေါ် ကြွေ သူမပါးပြင်လေးနှင့် ဖိကပ်ထားလိုက်သည်။

အဖျားရှိန်ကြောင့် ဒေါက်တာသူရိန်ဖုံကတော့ ဘာမှမသိပါ။ ဆေးထိုး၊ ဆေးသောက်ထားသည့် အရှိန်နှင့်ပင် ဒေါက်တာသူရိန်ဖုံ ခဏအကြာ အိပ်ပျော်သွားသည်။

ဒေါက်တာသူရိန်ဖုံ အိပ်ပျော်သွားတော့မှ ကြွေ သမီးအခန်းဆီသို့ ကူးလာခဲ့လိုက်သည်။

ကြီးကြီးနွဲ့ ပြုစုထား၍ ချစ်စုလေး ထူထူထောင်ထောင်ဖြစ်လာ၏။

ကြွေ သမီးအနားတွင် အချိန်အတန်ကြာနေပြီး သမီးအိပ်ပျော်သွားမှ ဒေါက်တာသူရိန်ဖုံအနားသို့ ပြန်ရောက်လာ၏။

အချိန်ကို ကြည့်လိုက်တော့ ည ၁၁ နာရီကျော်နေပြီ။

ဒေါက်တာသူရိန်ဖုံကို ကြွေ ဆေးတစ်လုံးထပ်တိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲရှိ ဒရင်းဘတ်ပေါ်တွင် အသာလှဲလိုက်မိသည်။

အချိန်ကြာမြင့်စွာ ပစ်ထားခဲ့သည့် မောင်မျက်နှာကို ကြွေ ငေးကြည့်ရင်း ရင်ထဲတွင် မောင်နှင့်ပတ်သက်၍ အမုန်း၊ အငြိုး၊ နာကြည်းမှုတွေလည်း မရှိတော့။ မောင့်အပေါ် နားလည်မှုတွေနှင့် ကြွေ့ရင်ထဲ ရှင်းသွားရပြီဖြစ်သည်။

ရင်မှာ အမုန်းတွေမရှိတော့သည့် ကြွေမှာ မျက်ဝန်းလေး တွေ တဖြည်းဖြည်း လေးလံလာကာ မကြာမီပင် အိပ်ပျော်သွား သည်။

အဖျားသွေးနှင့် တစ်ရေးနိုးလာသော ဒေါက်တာသူရိန်ဇံ မှာ ရုတ်တရက် သူဘယ်ရောက်နေသည်ဆိုတာ မသိ။

နောက်မှ မျက်ဝန်းလေးတွေ ဖြည်းဖြည်းဖွင့်ကာ စဉ်းစား လိုက်တော့ သူ ဒီရက်တွေမှာ အအိပ်ပျက်၊ အစားပျက်နှင့် ပင်ပန်း ကာ အဖျားတွေဝင်သည့်အဖြစ်ကို သတိရသွားသည်။

သူ ဘယ်ရောက်နေတာလဲဆိုသော အတွေးဖြင့် ဒေါက်တာသူရိန်ဇံ အခန်းတစ်ခုလုံးကို မျက်ဝန်းများဝင့်ကာ ကြည့် လိုက်တော့ ပြာလဲ့လဲ့ ညအိပ်မီးရောင်အောက်တွင် နှစ်နှစ်ခြိုက်ခြိုက်





လေး ဒရင်းဘတ်ပေါ်တွင် အိပ်ပျော်နေသော နှင်းသက်ကြွေကို တွေ့လိုက်ရ၏။

"ကြွေ အချစ်ရယ်"

ဒေါက်တာသူရိန်ဇံမှာ ကြင်သူသက်ထားကို ကြည့်ပြီး သနားစိတ်၊ ကရုဏာစိတ်တွေက ရင်မှာလှိုင်းထန်သွားသည်။

"မောင့်ရဲ့ကြွေရယ်"

သူ ခုတင်ပေါ်မှ ဆင်းကာ ဝင်းဝင်းစက်စက်နှင့် လှနိုင် လွန်းသော ချစ်ဇနီးလေးအနားသို့ ခြေလှမ်းတွေ တရွေ့ရွေ့နှင့် လျှောက်လာခဲ့လိုက်သည်။

ဝင်းမွတ်နုထွေး လှနိုင်လွန်းသော ချစ်ဇနီးကိုကြည့်ပြီး ဒေါက်တာသူရိန်ဇံ ရင်အစုံသည် မချင့်မရဲဖြစ်လာ၏။ နူးနူးညံ့ညံ့နှင့် အိထွေးဝင်းစက်သော အသားလေးတွေကို ထိလိုက်ချင်ပေမယ့် ထိလိုက်ပြန်ရင်လည်း နိုးသွားမှာ စိုးပါ၏။

မချင့်မရဲ ရင်မှာမြတ်နိုးရသည့်စိတ်တွေနှင့် ဒေါက်တာ သူရိန်ဇံ ချစ်ဇနီးမျက်နှာလေးကို စူးစူးစိုက်စိုက်လေး ချစ်ရည်ရွှန်း သည့် မျက်ဝန်းတွေနှင့် ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရင်းက သူ့ရင်ခုန်သံတွေသည် မြန်လာသည်။ ဒီမိန်းကလေးကို သူ ဘယ်မျှလွှမ်းဆွတ် သတိရတမ်းတခဲ့ရသည်။

"ဟင်…အို"

ကြွေ ရုတ်တရက် လန့်နိုးသွားသည်။ ကြွေ့မျက်နှာကို အုပ်မိုးငေးစိုက်ကြည့်နေသော ဒေါက်တာသူရိန်ဇံကို တွေ့လိုက်ရသဖြင့် အိပ်နေရာမှ လူကလည်း ဆတ်ခနဲ ထလိုက်သည်။

"မထနဲ့လေ ကြွေ၊ ပြန်အိပ်နေပါ၊ မောင့်ကြောင့် ကြွေ ပင်ပန်းသွားရပြီနော်"

ပြောပြီး ဒေါက်တာသူရိန် ကြွေ့ကိုယ်လေးကို လှမ်းဖက်ထားလိုက်သည်။

ကြွေ့မှာ မျက်နှာလေး နှင်းဆီရောင်ဖြစ်သွားကာ သူ့ရင်ခွင်ထဲ ရုန်းလိုက်၏။

"အို…ဖယ်ပါ၊ ကြွေ မပင်ပန်းပါဘူး ဒေါက်တာ"

"ကြွေရယ်…မောင့်ကိုမစိမ်းကားပါနဲ့ဗျာ"

မျက်ဝန်းညိုတွေနှင့် သူ့စကားကို ကြွေ မျက်ဝန်းလေး လွှဲဖယ်ကာ နေလိုက်၏။



ဒေါက်တာသူရိန်ဇံ ကြွေ့ပခုံးအိအိလေးကို တင်းတင်းလေး ဆုပ်ကိုင်လိုက်ပြီး…

"ကြွေ"

ကြွေ ခေါင်းကို အသာငုံ့ထားသည်။ ဒေါက်တာသူရိန်ဇံ ပြုံးလိုက်ကာ…

"မောင့်ကိုကြည့်ပါဦး ကြွေ၊ ကြွေ့မျက်နှာလေးကို မောင် ကြည့်ပါရစေဦး"

မျက်နှာလေးကို ဆွဲမော့ကာ ဒေါက်တာသူရိန်ဇံဆိုလိုက်တော့ ကြွေ့မျက်နှာလေးက ရှက်ရောင်ဝဲဝဲလေးနှင့် မော့လာသည်။

ကြွေ့ပခုံးလေးကို ပွေ့ဖက်ထားလျက်က ဒေါက်တာသူရိန်ဇံ ကြွေ့ကိုယ်လေးကို ခုတင်ပေါ် သူနှင့်အတူ ထိုင်စေလိုက်ကာ

"မောင့်ကိုကြည့်ပါဦး ကြွေ"

သူဆိုတော့ ကြွေ အကြည့်ဝဲဝဲလေးက သူ့ထံရောက်ရှိလာသည်။

"ကြွေ"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို မုန်းနေတုန်းပဲလားဟင်"

နှင်းသက်ကြွေ မဖြေပါ။

ဒေါက်တာသူရိန်နီဇံလက်ထဲက ကြွေ့လက်လေးကိုသာ ရုန်းယူလိုက်သည်။ ဒေါက်တာသူရိန်နီဇံမှာ ကြွေ့လက်လေးကို တင်းတင်းလေး ဆုပ်ကိုင်ထားလိုက်ပြီး . . .

"မောင်မေးတာ ဖြေပါဦး ကြွေ၊ ကြွေ မောင့်ကို မုန်းနေတုန်းပဲလားဆိုတာ"

"ဒေါက်တာက ဘယ်လိုထင်လို့လဲဟင်"

"အဟွန်း . . . မောင်က ဘယ်လိုထင်တတ်မှာလဲဗျ၊ ကြွေ့နှုတ်ကပြောမှ မောင်သိမှာပေါ့"

"အေးဗျ . . . မဖြေဘူးဆိုရင်တော့ မောင့်ကို ကြွေ မုန်းနေတုန်းပဲလို့ မောင် မှတ်လိုက်မယ်"

"မောင်ရယ်"

ကြွေ့ရင်ထဲ ဟန်ဆောင်မှုတွေ မရှိတော့။ နှစ်ကိုယ်တူ ညီမျှသည့် ချစ်ခြင်းတွေကို နားလည်မှု၊ အထင်အမြင်လွဲမှားမှုတွေနှင့် နာကျင်ကြေကွဲခဲ့ရသည့် အချိန်တွေ ကုန်လွန်ခဲ့ရပြီ။





ဘယ်လောက်ပဲမုန်းမုန်း နာကျင်ကြေကွဲ ခါးသီးလှပါသည် ဆိုဆို ဒေါက်တာသူရိန်နီဇံကို ကြွေ့ရင်ထဲ အသည်းထောင့်တစ်နေရာကနေ မေ့မရနိုင်ခဲ့တာကို ကြွေ လိမ်ညာ၍မရပါ။

သမီး၏ဖခင်ကို နာကျင်ခါးသီးစေသည့် စကားတွေဆိုခဲ့ရလေတိုင်း ကြွေ့နှလုံးသားတွေ အမြဲနာကျင်ခဲ့ရသည်ကလည်း သူ့ကို မေ့၍မရနိုင်သောကြောင့်သာ ဖြစ်ပါမည်။

ခုတော့ နားလည်မှုတွေလည်း ရှင်းလင်းခဲ့ရလေပြီ။ အထင်လွဲမှားမှုဆိုတာက ကြွေတို့နှစ်ယောက်ကြား မရှိတော့။

ပျော်ရွှင်ပြည့်စုံသည့် မိသားစုဘဝလေးကို အပျော်တွေ၊ အပြုံးတွေနှင့် တည်ဆောက်ရတော့မည်ဖြစ်သည်။

ဒေါက်တာသူရိန်နီဇံမှာ သူ့ရင်ခွင်ထဲက မိန်းမချောကို ခပ်တင်းတင်း ပြန်လည်ပွေ့ဖက်ရင်းက သူ့နှုတ်ခမ်းနွေးနွေးတို့က ကြွေ့ပါးပြင်နုနုပေါ် ဖိကပ်ကျရောက်နေသည်။

"မောင်"

"ကြွေ"

တစ်ဦးကိုတစ်ဦး ချစ်ရည်စိုလူးသော အကြည့်တွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးစွာ ကြည့်လိုက်မိသည်။

ဒီအကြည့်တွေထဲတွင်တော့ တစ်ဦးကိုတစ်ဦး လွမ်းဆွတ်တမ်းတမှုတွေနှင့်။

"ကြွေ့ကို မောင် ချစ်ရဲ့လားဟင်"

"အဲဒီစကားက မောင်ကမေးရမှာ၊ ကြွေ မောင့်ကို ချစ်သေးရဲ့လားဆိုတာ"

"မချစ်လို့ကော ရလို့လား"

"အဟွန်း...ဟုတ်တယ်နော်၊ မချစ်လို့လည်း ဒီကောင်က ရမှာမဟုတ်ဘူး၊ ကြွေက မချစ်ဘူးပြောလည်း မောင်က မောင့်မိန်းမနဲ့ မောင့်သမီးနဲ့ ဖွတ်ကပ်နေမယ့်ကောင်ကွ"

"တော်ပါနော်"

"ဘယ့်နှယ်တော်ရမှာလဲဗျ၊ ကြွေ့ကို မောင် ဘယ်လောက်လွမ်းနေတယ်ဆိုတာ ကြွေ သိရဲ့လား"

"သတိရတဲ့လူက ဘာလို့ ကြွေတို့သားအမိကို လိုက်မရှာတာလဲ"

"ကြည့်စမ်း...ကြွေက ဒီလိုထင်တယ်ပေါ့လေ၊ ကြွေ



BURMESE CLASSIC .com



မောင့်ဘဝထဲက ထွက်သွားတဲ့အချိန်ကတည်းက မောင် ကြွေ့ကို ဘယ်လောက်ထိ ခြေရာဖွင့်ရှာခဲ့တယ်ဆိုတာ ကြွေသိရဲ့လား၊ မောင့်မှာ ကြွေ့ကြောင့် မစားနိုင်၊ မအိပ်နိုင်နဲ့၊ အို နောက်ဆုံးကျွာ မောင် အလုပ်တောင်မသွားနိုင်ခဲ့တာတွေ ကြွေ သိရဲ့လား"

"မောင်ရယ်"

ဒေါက်တာသူရိန်ဖမှာ ပြောရင်းက မျက်ဝန်းများ စိုစွတ်လာရသလို ကြွေ့ကိုယ်လေးကို သူ့ရင်ခွင်ထဲကနေ ပျောက်သွားမှာစိုးသည့်အလား တိုး၍ တင်းတင်းလေး ဖက်ထားလိုက်သည်။

"အို...မောင်ရယ်၊ လွှတ်...ကြွေ အသက်ရှူလို့မရတော့ဘူး ဒေါက်တာကြီးရဲ့"

"အဟွန်း...မောင့်အချစ်တွေကို ကြွေ ယုံပြီလား"

"ယုံပါပြီ မောင်ရယ်၊ ယုံပါပြီ၊ ကံကြမ္မာကြောင့် ကြွေတို့ လွဲခဲ့ရသလို အခုလည်း ကံကြမ္မာကြောင့်ပဲ ကြွေတို့ ပြန်ဆုံရပြီနော်"

"ကြွေပြောတဲ့ ကံကြမ္မာကြောင့်ဆိုတာလည်း ဟုတ်တယ်၊ ပြီးတော့ မောင့်ရဲ့အချစ်နဲ့ သစ္စာတရားကြောင့်ဆိုလည်း ပိုမှန်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြွေ သိလား၊ မောင့်ဘဝမှာ မောင်ချစ်တဲ့မိန်းမအပေါ်မှာ ဒီနေ့ဒီအချိန်ထိ မောင် သစ္စာမဖောက်ခဲ့ဖူးဘူးဆိုရင် ကြွေ ယုံပါဗျာ"

"မောင်…မောင်ရယ်"

မောင့်စကားတွေ ကြွေ့နှလုံးသားကို စွဲထင်သွားပြီဖြစ်သည်။

"ကြွေ သိလား၊ မောင့်ဘဝမှာလေ ခုလိုမျိုး မောင့်ဇနီး၊ မောင့်သမီးနဲ့အတူ မိသားစုဘဝလေးကို မောင် ဘယ်လောက် မျှော်လင့်ခဲ့တယ်ဆိုတာ၊ ကြွေမရှိတော့တဲ့အချိန်တွေမှာ မောင့်အတွက် သိပ်ကို အထီးကျန်ဆန်ခဲ့တယ်လေ၊ အဟွန်း…ဟွန်း ဒါပေမဲ့ ခုတော့ အဲဒီအထီးကျန်ဆန်မှုတွေကို မောင့်မိသားစုနဲ့အတူ အတိုးချ ပစ်တော့မယ်"

"သြော်…မောင်ရယ်၊ ကြွေလည်း မောင့်လိုပါပဲရှင်"

"ကြွေ မောင့်ကို သိပ်ကို နာကြည်းမုန်းတီးခဲ့မှာပဲနော်"

"အဟင်း…ဟင်း…ဟင်း မောင်ပြောသလို အစက တော့ဟုတ်တယ်"





"ဒါဖြင့် ခုကောဗျာ"

"အင်း…ခုတော့ အဲဒီအမုန်းတွေက ကြွေ့ရင်ထဲမှာ မရှိ တော့ဘူး၊ အဲဒီအမုန်းတွေအစား ကြွေရင်ထဲ ဟောဒီက မောင့်ကို ချစ်တဲ့ အချစ်တွေပဲရှိပါတော့တယ် မောင်ရယ်"

"ကြွေရယ်…ချစ်ရယ်"

ဒေါက်တာသူရိန်နှင့် ချစ်ဇနီးစကားကို အားမလိုအားမရ ဟန်နှင့် မချင့်မရဲဖြစ်စွာ ပိုက်ထွေးနမ်းရှိုက်လိုက်သည်။

"မောင် ဆေးသောက်ရဦးမယ်နော်"

"အဟွန်း…ခုချိန်မှာ မောင့်အတွက် အဲဒီဆေးမလိုတော့ ဘူးဗျ"

"ဟင်…ဘာဖြစ်လို့"

"ဘာဖြစ်ရမှာလဲကွ၊ မောင့်အတွက် ခုချိန်မှာ အလိုအပ် ဆုံးက အချစ်ဆေးလေဗျ"

"အိုကွယ်"

"မောင်ရယ်…လွှတ်ကွယ်"

"ဟင့်အင်း…မလွှတ်တော့ဘူး၊ ကြွေ့ကို မောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်တာမ်းတနေတယ်ဆိုတာ ခုပဲလက်တွေ့ပြတော့မလို့"

"အို…မောင်"

"အဟွန်း…ဟွန်း…ဟွန်း"

"ကြွေရယ် သိပ်ချစ်တာဗျာ"

ပိုက်ထွေးလာသည့် မောင်၏ ရင်ခွင်ထဲမှ ကြွေ မောင့်ကိုယ်ကြီးကို သူမလက်လေးနှင့် ပြန်လည်တင်းကြပ်စွာ ဖက်ထားလိုက်သည်။ အခုတော့ ကြွေ့ဘဝမှာ အားလုံးပြီးပြည့်စုံ သွားသလို ဒေါက်တာသူရိန်နှင့် ကြွေမှာ တစ်ယောက်မျက်နှာကို တစ်ယောက် ချစ်မြတ်နိုးခြင်းများစွာဖြင့် စူးစိုက်ကြည့်ရင်း ကိုယ်စီ လှိုက်လှဲနွေးထွေးစွာ ပြုံးလိုက်ကြ၏။

ရွှေအဉ္ဇလီ

ဝိုး: ပိုး: ၈ ၁ ၄ ၆

BURMESE CLASSIC .com

www.burmeseclassic.com